# လုံခြုံပြီး ဂုဏ်သိက္ခာရှိသော နေရပ်ပြန်ခြင်းဟု ဆိုနိုင်မည်လား။



## နမ်ဆန်ယန် နေရပ်ပြန် စစ်ရှောင်ပြည်သူများ၏ အတွေ့အကြုံကို ဆန်းစစ်ကြည့်ခြင်း

ဒန်ဆိုင်းလောန်

USAID
FROM THE AMERICAN PEOPLE

KACHINLAND
RESEARCH CENTRE

# လုံခြုံပြီး ဂုဏ်သိက္ခာရှိသော အိမ်ပြန်ခြင်းလား။
# နမ်ဆန်ယန် နေရပ်ပြန် စစ်ရှောင်ပြည်သူများ၏ အတွေ့အကြုံကို ဆန်းစစ်ကြည့်ခြင်း

ဒန်ဆိုင်းလောန်

စာတမ်းပြုစုသူ သုတေသီအကြောင်း

ဒန်ဆိုင်းလောန်သည် နိုင်ငံရေးလေ့လာသုံးသပ်သူဖြစ်ပြီး ကချင်ဒေသန္တရ သုတေသနစင်တာ၏ ညွှန်ကြားရေးမှူး ဖြစ်သည်။ အိန္ဒိယနိုင်ငံ ဂျဝါဟာလာ နေရူးတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့သည်။

# လုံခြုံပြီး ဂုဏ်သိက္ခာရှိသော အိမ်ပြန်ခြင်းလား

## နမ်ဆန်ယန် နေရပ်ပြန် စစ်ရှောင်ပြည်သူများ၏ အတွေ့အကြုံကို ဆန်းစစ်ကြည့်ခြင်း

နိုဝင်ဘာလ ၂၀၁၉ တွင် ထုတ်ဝေသည်။

ကချင်ဒေသဋ္ဌရ သုတေသနစင်တာ
မုန်ကြိမ် ၁၂၂၊ စီတာပူရပ်ကွက်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်၊ မြန်မာ
Facebook: Kachinland Research Centre
Email: kachinlandrc@gmial.com

## ကျေးဇူးတင်လွှာ

ဤသုတေသနစာတမ်း ဖြစ်မြောက်ရန် လိုအပ်သောအကူအညီ၊ အကြံဉာဏ်များပေးခဲ့ကြသော ဖာသာဂျိုးဇက် ဇော့ါလူယုန်ဝါ၊ ဦးဖော်လားဂမ်ဖန်နှင့် နမ်ဆန်ယန် ရွာသူရွာသားများ၊ အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ အားလုံးကို ကချင်ဒေသန္တရ သုတေသနအဖွဲ့မှ လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။ သုတေသန ပြုလုပ်ရာတွင် အချက်အလက်များ ကောက်ခံခြင်း၊ စီမံကိန်းညှိနှိုင်းခြင်း လုပ်ငန်းများအတွက် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော လမိုင်နော်ထွန်းအောင်၊ မရန်ဆိုင်းမိုင်၊ လဘန်ဆွတ်ရိန်၊ မရန်ထုရာနှင့် လဖိုင်ဂမ်အောင်တို့မှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုအပ်ပါသည်။

ဤသုတေသန စာတမ်း၏ အစောပိုင်း စာမူကြမ်းများကို နမ်ဆန်ယန်၊ လိုင်ဇာနှင့် မြစ်ကြီးနားတို့တွင် ပြုလုပ်ခဲ့သော အကျုံးဝင်လက်ခံနိုင်မှု (validation) ရယူသော အလုပ်ရုံ ဆွေးနွေးပွဲများတွင် ဝေဖန်ဆန်းစစ် အကြံပြုပေးခဲ့ကြသော ဆွေးနွေးပွဲတက်ရောက်သူများနှင့် ပြင်ပမှ စာမူကြမ်းအား ဆန်းစစ်အကြံပေးခဲ့ကြသော Emily Fishbein နှင့် Dr. Patrick Meehan တို့အား အထူးကျေးဇူးတင်ရှိပါသည်။

ဤသုတေသနစာတမ်းကို The U.S. Agency for International Development (USAID) မှ Community Strengthening Project by Development Alternatives Incorporated (DAI) အစီအစဉ်အားဖြင့် ရံပုံငွေပံ့ပိုး ကူညီခဲ့ပါသည်။ သို့သော် ဤစာတမ်းပါ သုတေသနအထောက်အထားများသည် ကချင်ဒေသန္တရသုတေသန စင်တာ၏ သုတေသနအရ ကိုယ်ပိုင်တွေ့ ရှိလေ့လာချက်များကို တင်ပြထားခြင်းသက်သက်ဖြစ်ကာ၊ USAID ၏ အာဘော်များ ပေါ်လစီများကို ထင်ဟပ်ခြင်းမဟုတ်ပါကြောင်း သိစေအပ်ပါသည်။

လဖိုင်ဇော်ဝွန်း
နာယက
ကချင်ဒေသန္တရသုတေသနစင်တာ
မြစ်ကြီးနားမြို့

မာတိကာ


**အတိုကောက် စာလုံးများ** ၆
**စာတမ်း အနှစ်ချုပ်** ၇
**မူဝါဒဆိုင်ရာ အကြံပြုချက်များ** ၉

**၁။ နိဒါန်း** ၁၃

**၂။ သုတေသနပုံစံနှင့် ကန့်သတ်ချက်များ** ၁၆
၂.၁။ သုတေသန ရည်မှန်းချက်များ ၁၆
၂.၂။ သုတေသနဒီဇိုင်း (ပုံစံ) ၁၆
၂.၃။ နည်းနိဿယ ၁၇
၂.၄။ ကန့်သတ်ချက်များ ၁၇

**၃။ နမ်ဆန်ယန် နေရပ် ပြန်ဖြစ်စဉ်ကို ရှုမြင်မှုပုံစံ အမျိုးမျိုးအား ဆန်းစစ်ခြင်း** ၁၉
**၄။ သုတေသန ရှာဖွေ တွေ့ရှိချက်များ** ၂၄
၄.၁။ အခြေချ နေထိုင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း ၂၇
၄.၂။ နေထိုင် စားသောက်ရေး ၃၁
၄.၃။ မြေယာ ပိုင်ဆိုင်ခွင့်ဆိုင်ရာ လုံခြုံမှု ၃၆
၄.၄။ လူသားလုံခြုံမှု ၄၁
၄.၅။ ပညာရေးနှင့် ကျန်းမာရေး ၄၈
၄.၆။ အုပ်ချုပ်ရေး ၅၁
၄.၇။ အနာဂတ် မျှော်မှန်းချက် ၅၂

**၅။ နိဂုံး** ၅၆
မှီငြမ်း ၅၇
နောက်ဆက်တွဲ ၅၈

## အတိုကောက် စကားလုံးများ

| | |
|---|---|
| AG | Assembly of God (အေဂျီ အသင်းတော်) |
| CPB | Communist Party of Burma (ဗမာပြည် ကွန်မြူနစ်ပါတီ) |
| CSO | Civil Society Organisation (လူထု အခြေပြု အဖွဲ့အစည်း) |
| DAI | Development Alternatives Incorporated |
| FGD | Focus Group Discussion (ဦးတည်စု ဆွေးနွေးခြင်း) |
| GAD | General Administration Department (အထွေထွေ အုပ်ချုပ်ရေး ဌာန) |
| ICRC | International Committee of Red Cross (နိုင်ငံတကာ ကြက်ခြေနီအဖွဲ့) |
| IDP | Internally Displaced Person (ပြည်တွင်း စစ်ဘေးရှောင်) |
| INGO | International Non Government Organisation (နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ) |
| JST | Joint Strategy Team (ပူးတွဲ ဗျူဟာ ချမှတ်ရေးအဖွဲ့) |
| MNDAA | Myanmar National Democratic Alliance Army Kokang (မြန်မာနိုင်ငံ ဒီမိုကရေစီ မဟာမိတ် တပ်မတော် - ကိုးကန့်) |
| NDA-K | National Democratic Army-Kachin (အင်(န်)ဒီအေ - ကချင်) |
| NA-B | Northern Alliance Burma (မြောက်ပိုင်း မဟာမိတ်အဖွဲ့ - မြန်မာပြည်) |
| NGO | Non Government Organisation (အစိုးရ မဟုတ်သော အဖွဲ့အစည်းများ) |
| KDA | Kachin Defense Army (ကေဒီအေ) |
| KHCC | Kachin Humanitarian Concern Committee (ကချင် လူသားချင်းစာနာမှု အထောက်အကူပြု ကော်မီတီ) |
| KII | Key Informant Interview (သော့ချက် သတင်းပေးမေးမြန်းမှု) |
| KIO/KIA | Kachin Independence Organisation/Kachin Independence Army (ကေအိုင်အို၊ အေအိုင်အေ) |
| KRC | Kachinland Research Centre (ကချင်ဒေသဋ္ဌရ သုတေသနအဖွဲ့စည်း) |
| UNHCR | United Nations High Commissioner For Refugees (ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး) |
| UNOCHA | United Nations Office for Coordination of Humanitarian Affairs |
| USAID | United States Agency for International Development |
| UWSA | United Wa State Army (ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်) |

## စာတမ်းအနှစ်ချုပ်

ကချင် လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) နှင့် မြန်မာ့တပ်မတော်တို့အကြား၊ ၂၀၁၁ တွင် ပြန်လည် ဖြစ်ပွားသော ပဋိပက္ခစစ်ပွဲများသည် ၁၇ နှစ် ကြာခဲ့သော နှစ်ဖက် အပစ်အခတ်ရပ်စဲမှုကို ပျက်ပြယ်စေခဲ့ပြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းမြောက်ဒေသတွင် ကြီးမားသော လူသားခြင်းစာနာမှုဆိုင်ရာပြဿနာကို ဖြစ်ပေါ် စေခဲ့သည်။ ယခုဆိုလျှင် စစ်ပွဲပြန်လည် စတင်ခဲ့သည်မှာ ၈ နှစ် တိုင်ခဲ့ပြီဖြစ်ကာ၊ လူပေါင်း ၁ သိန်းကျော်သည် စစ်ရှောင်စခန်းများတွင် အိုင်ဒီပီ (ပဋိပက္ခကြောင့် ရွှေ့ပြောင်းအခြေချ နေထိုင်သောပြည်သူများ)အဖြစ် နေထိုင်ခဲ့ရသည်။ အိုင်ဒီပီများသည် စစ်ပွဲ၏ အနိဋ္ဌာရုံကို ခံစားခဲ့ရကာ အိုင်အင်ဂျီအို၊ အင်ဂျီအိုများနှင့် လူသားချင်းစာနာမှု အကူအညီများ ရယူနေထိုင်ရကာ လူမှုစီးပွားရေး အခက်အခဲများကို ရင်ဆိုင်ခဲ့ကြရသည်။

တပ်မတော်နှင့် ကေအိုင်အေတို့အကြား စစ်ပွဲအရှိန်သည် တပ်မတော်မှ ကေအိုင်အေ၏ မဟာဗျူဟာကျသော နေရာ တစ်ခုဖြစ်သော Nhkram Gidon ဌာနကို ၂၀၁၆ ဒီဇင်ဘာတွင် သိမ်းယူခဲ့ပြီးနောက်ပိုင်း လျော့ကျသွားခဲ့သည်။ ထိုလမှာပင် တပ်မတော်မှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို ကချင်နှင့် ရှမ်းမြောက်တွင် ကြေညာခဲ့ပြီး၊ အိုင်ဒီပီ အချို့ နေရပ်ပြန်ရေးအတွက် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ဤနောက်ခံ အခြေအနေအရ နမ်ဆန်ယန်ဒေသ နေရပ် ပြန်လည်နေထိုင်ခြင်းဖြစ်စဉ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

နမ်ဆန်ယန်ဒေသ နေရပ် ပြန်လည်နေထိုင်ခြင်းဖြစ်စဉ်သည် ၂၀၁၈ ဒီဇင်ဘာ နောက်ပိုင်း တပ်မတော်မှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို ကြေညာအပြီး၊ ပထမဆုံး တရားဝင်နေရပ်ပြန်လာမှုဖြစ်ရပ် တစ်ခု ဖြစ်ပေသည်။ နမ်ဆန်ယန် အိုင်ဒီပီများ နေရပ်ပြန်လာသော ဖြစ်စဉ်တွင်၊ ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းအထိ အဆင့် ၃ ဆင့် ရှိလေသည်။ ထို့ကြောင့် ဤဖြစ်စဉ်သည် နေရပ် ပြန်လည်နေထိုင်ရေးဆိုင်ရာ စီမံချက်များ ကိုမည်သို့ အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊ ပြန်လာသူများ မည်သည့်အခက်အခဲများ တွေ့ကြုံနိုင်သည်၊ မည်သည့်အရာများကို သင်ကြားသိရှိခဲ့ရသည်များကို အနာဂတ် အိုင်ဒီပီများ နေရပ် ပြန်လာရေး စီမံကိန်းများအတွက် သင်ခန်းစာယူ၊ လေ့လာနိုင်သော အရေးကြီးသော ကနဦးအစမ်းသပ်ခံ အခြေအနေတစ်ခုပင် ဖြစ်လေသည်။ အထူးသဖြင့် ယခုစာတမ်း၏ ထူးခြားချက်မှာ အိုင်ဒီပီများ ပြန်လာပြီးနောက်ပိုင်း နမ်ဆန်ယန် ဒေသအကြောင်း နက်နက်နဲနဲ အသေးစိတ်လေ့လာသော ပထမဦးဆုံးသော သုတေသနလေ့လာမှုတစ်ခု ဖြစ်ပေသည်။ ဤသုတေသန လေ့လာမှုသည် နောင်အခါ အိုင်ဒီပီများ နေရပ် ပြန်လာရေးအတွက် လုပ်ဆောင်နေကြသော အစီအစဉ်များအတွက် လေ့လာသင်ယူနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နမ်ဆန်ယန်တွင်ပြုလုပ်ခဲ့သော သုတေသနကွင်းဆင်းမှုမှ အရည်အသွေးစံပြု တွေ့ဆုံ မေးမြန်းမှု ပေါင်း ၇၅ ခု၊ ဦးတည် အုပ်စု ဆွေးနွေးမှု ၃ ခု၊ အိမ်ခြေ ၇၀ ကို စစ်တမ်းကောက်ယူမှု၊ ဘဝမှတ်တမ်း ၅ခု တို့ကို အခြေပြု သုံးသပ်ရာမှ ထွက်ပေါ်လာသော သုတေသန တွေ့ရှိချက်များ နေရပ် ပြန်လာသူများသည် ပြန်လာနိုင်ရေးကို အလွန်ပင် စိတ်အားထက်သန်ကြကြောင်း၊ လုံခြုံရေး စိတ်မချရမှုများရှိ နေသေးသော်လည်း၊ နေရပ်ပြန်လာ ခြင်းသည် အိုင်ဒီပီ camp များတွင် ဆက်လက် နေထိုင်နေခြင်းထက် ပို၍ အလေးသာသည်ဟု မြင်ကြသည်။ ပြန်လာသူများသည် မိမိ၏ တစ်ပိုင်တစ်နိုင် လုပ်နိုင်သော လုပ်နိုင်စွမ်းနှင့် ကြံ့ကြံ့ခံနိုင်ရည်စွမ်းကို အားကိုးလျက် မိမိတို့၏ ဘဝကို တိုးတက်ရန် လုပ်ဆောင်ကြကြောင်း တွေ့ရှိရသည်။ သို့သော် နေရပ်ပြန်လာစဉ် တွေ့ကြုံရသော အခက်အခက်များမှာ ၎င်းတို့၏ ကိုယ်ပိုင်အစွမ်းအစ သက်သက်ဖြင့် ဖြေရှင်းရန် မတတ်နိုင်သောအခြေအနေများ ကြုံတွေ့ရသဖြင့် အကူအညီများ ဆက်လက်လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပြန်လည် တည်ဆောက်ရေး။** စစ်ပွဲကာလတွင်း နေအိမ်အဆောက်အအုံများမှာ ကျိုးပျက် (သို့) ဆိုးဝါးစွာ ပျက်စီး သွားခဲ့ပြီဖြစ်ရာ၊ နေရပ် ပြန်လာသူများ နေထိုင်ရန် လုံခြုံစိတ်ချမှုရှိသော နေအိမ်များ ဆောက်လုပ်ရန်နှင့် ပြန်လည် တည်ဆောက်ရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ ပြန်လာသူများသည် နေအိမ်အဆောက်အအုံများ ပြုပြင်ဆောက်လုပ်ရန် ပစ္စည်းကိရိယာများ မရှိရုံမျှမက၊ ကျွမ်းကျင်သော ဆောက်လုပ်ရေးလုပ်သားများမရှိသဖြင့် အခက်အခဲများ ရင်ဆိုင်နေကြရသည်။

**စားနပ်ရိက္ခာနှင့် ရေလုံခြုံမှု။** ရိက္ခာနှင့် ရေ လုံခြုံမှုတွင် ဒုတိယနှင့် တတိယအသုတ် နေရပ်ပြန်လာ ကြသူများမှာ ပို၍အခက်အခဲ ရင်ဆိုင်ရကြောင်း တွေ့ရှိရသည်။ ရိက္ခာအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် တပ်မတော်၏ ထောက်ပံ့မှုအပေါ် လုံးလုံးမှီခိုနေရခြင်းကြောင့် ဖြစ်သည်။ ဒုတိယနှင့် တတိယအသုတ် နေရပ်ပြန်လာ ကြသူအများစုတွင် ကနဦး ချထားပေးသော စားနပ်ရိက္ခာများမှာ ကုန်လုနီး ဖြစ်ကာ၊ အာဟာရ ရှိသော အစားအစာများ မိမိကိုယ်တိုင် ရှာဖွေရန်လည်း ဖြစ်နိုင်သည့် အခြေအနေတွင် မရှိသေးသဖြင့် စားနပ်ရိက္ခာ လုံခြုံမှု အတွက် စိုးရိမ် ကြောင့်ကျမှု ရှိနေကြခြင်း ဖြစ်သည်။ နမ်ဆန်ယန် ဘော်ဒါဆောင်သို့ နေရပ်ပြန်လာနေထိုင်ကြသော ကျောင်းသူကျောင်းသား အယောက် ၁၅၀ အတွက်မူ ကက်သလစ်ဘုရားကျောင်းမှ တာဝန် ယူထားသဖြင့် အစားအစာအတွက် စိုးရိမ်ရမှုမရှိပေ။ သို့သော် သန့်ရှင်းသော သောက်သုံးရေရရှိမှုအတွက်မူ တစ်ရွာလုံး အခက်အခဲရင်ဆိုင်ကြရသည်။ ဘော်ဒါဆောင်တွင်လည်း သောက်သုံးရေနှင့် ချိုးရေ အခက်အခဲ ရှိသည်။ အကျိုးဆက်အားဖြင့် မိုးရာသီကာလတွင် ကျောင်းသူကျောင်းသားများမှာ ဝမ်းလျှောရောဂါနှင့် ယားနာ အစရှိ အရေပြား ပြဿနာများ ခံစားကြရသည်။

**ပညာရေး။** သုတေသနလေ့လာချက်အရ အိုင်ဒီပီ ကျောင်းသူကျောင်းသားများအတွက် အထူးစီမံ ပြုလုပ်ထားသော သင်ရိုးညွှန်းတမ်းများ၊ စာသင်ကြားမှု နည်းစနစ်များ ပြုလုပ်နိုင်ရန် အလွန်အရေးကြီးသည်ကို မြင်တွေ့ရပါသည်။ ကျောင်းသူကျောင်းသားများမှာအိုင်ဒီပီစခန်းများတွင်စနစ်ကြာနေထိုင်လာခဲ့သဖြင့်ပုံမှန်စာသင်ကြားမှု ပုံစံနှင့် ကင်းကွာနေခဲ့ပြီဖြစ်သည်။ နမ်ဆန်ယန်ကျောင်းတွင် သင်ကြားပေးနေသော ဆရာ၊ ဆရာမများမှာ ထိုကဲ့သို့ ပညာရေးနှင့် အမှုအကျင့်ပိုင်းဆိုင်ရာတွင် အထူးဂရုပြု သင်ကြားပေးရန်လိုသော ကျောင်းသူကျောင်းသားများကို သင်ကြားပေးနိုင်ရန် သီးသန့်သင်တန်းယူထားခြင်း မရှိကြပါ။ ထို့အပြင် ကျောင်းအဆောက်အအုံမှာလည်း ဤသုတေသန ကွင်းဆင်းလေ့လာနေသော အချိန်အထိ ပြန်လည်ပြုပြင်ခြင်း မရှိသေးပါ။ ပျက်စီးယိုယွင်းနေသော ကျောင်းအဆောက်အအုံသည် ကျောင်းသူကျောင်းသားများအတွက် ဘေးကင်းလုံခြုံသော အဆောက်အအုံတစ်ခု မဟုတ်သေးပါ။ ကျောင်းသူကျောင်းသားများမှာ မြန်မာပညာရေးစနစ်အပေါ် အဆိုးမြင် ပုန်ကန်လိုစိတ်များ ပြည့်နှက်နေသည်။ ပုန်ကန်လိုသောစိတ်ဖြင့် ဗမာစကားကို ပြောဆိုရန်ပင် ငြင်းဆိုကြသဖြင့်၊ ပညာရေးကို အာရုံဝင်စားနိုင်ရန် အခွင့်အလမ်း ပိုမိုဝေးကွာသွားလေသည်။ ထို့ကြောင့် အိုင်ဒီပီစခန်းများတွင် ကြီးပြင်းလာရသော ယခုနမ်ဆန်ယန်ကျောင်းရှိ ကျောင်းသူ ကျောင်းသားများသည် စစ်ပွဲက ဖန်တီးပေးလိုက်သော ပတ်ဝန်းကျင်၏ သားကောင်များအဖြစ် ကြီးပြင်းလာခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဤအချက်သည် နေရပ် ပြန်လာသူ အိုင်ဒီပီများ ရင်ဆိုင်ရသော ရှုထောင့်ပေါင်းစုံ အခက်အခဲများကို ပို၍ မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်လေသည်။ ထိုအချက်ကို ကြည့်ခြင်းဖြင့် ဤပြဿနာသည် နေရပ်ပြန်လာသူ အိုင်ဒီပီများကို ပြန်လည်တည်ဆောက်ရေးအတွက် လတ်တလော ပြဿနာများကို ဖြေရှင်းနိုင်ရန် ကူညီပံ့ပိုးပေးမှု ထက်ပိုသော၊ ဘက်ပေါင်းစုံတွင် လိုအပ်ချက်များကို ပိုမိုပြည့်စုံအောင် ကူညီဆောင်ရွက်ပေးရန် နည်းဗျူဟာများ လိုအပ်နေပါသည်။

**ကျန်းမာရေး။** ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ နမ်ဆန်ယန်တွင် တပ်မတော် မှ ဖွင့်လှစ်ထားသော ဆေးပေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဆေးပေးခန်းဟူ၍ ဆေးခန်းနှစ်ခုရှိသည်။ လူနာအများစုမှာ တပ်မတော် ဆေးပေးခန်းတွင် ဝန်ဆောင်မှု ပိုမိုကောင်းမွန်ကာ ဆရာဝန်ရှိသဖြင့် အသွားများကြောင်း ပြောကြား ကြပါသည်။ ကျေးလက်ကျန်းမာရေးဌာနတွင်မူ သူနာပြုများသာရှိကာ ဆေးလည်း အလုံအလောက်မရှိပါ။ နမ်ဆန်ယန် ဒေသခံများ ကြီးမားသော နာမကျန်းမှု များ ဖြစ်ပါကမူ နီးစပ်ရာ ဝိုင်းမော် (သို့) လိုင်ဇာ ဆေးရုံများသို့ သွားရောက်ကုသကြသည်။ သန့်ရှင်းသော ရေမရရှိသောကြောင့် ဝမ်းလျှောရောဂါ၊ ခြေလက်ယောင်ရမ်းခြင်း၊ အရေပြားယားယံခြင်း၊ တုတ်ကွေး စသောနာမကျန်းမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ လက်ရှိအခြေအနေတွင် သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို အထူးဂရုပြုသော ကျန်းမာရေး စောင့်ရှောက်မှုများမရှိသေးပါ။ နမ်ဆန်ယန်နေရပ်ပြန်များ ရင်ဆိုင်ရသော ကျန်းမာရေးဆိုင်ရာ ပြဿနာများမှာ ရေကောင်းမရရှိမှု၊ အာဟာရမျှတသော အစားအစာမရရှိမှု တို့နှင့် ဆက်စပ်လျက်ရှိသည်။

မြေယာအခွင့်အရေး လုံခြုံမှု။ နမ်ဆန်ယန်သို့ ပြန်လာကြသော ရွာသူရွာသားများ၏ အဓိကစိုးရိမ်မှုမှာ မြေယာပိုင်ဆိုင်မှုအရေးဖြစ်သည်။ ၁၁ စက်တင်ဘာ ၂၀၁၈ တွင် ပြဌာန်းထားသော အစိုးရ၏ မြေလွတ်မြေရိုင်း ဥပဒေအရ မိမိတို့၏

လယ်ယာမြေများကို မိမိတို့ရွာတွင်မရှိခိုက် အစိုးရမှ ပြန်လည်သိမ်းဆည်းမည်ကို စိုးရိမ်ခြင်းဖြစ်သည်။ ထိုမြေလွတ်မြေရိုင်း ဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသော လယ်ယာမြေများကို မြေလွတ်မြေရိုင်းများအဖြစ် သတ်မှတ်ရန်ဖြစ်သည်။ ရွာသားအများစုမှာ အခွန်ဆောင်ပြေစာများ မရှိကြသဖြင့် မြေသိမ်းဆည်းခံ ရမည်ကို ပို၍ စိုးရိမ်ကြခြင်းဖြစ်သည်။ သုတေသန ပြချက်အရ မြင်တွေ့ရသည်မှာ နေရပ်သို့ ပြန်လည်ရောက်ရှိလာသော ဒေသခံအများစုတွင် မြေယာနှင့် ပါတ်သက်သော စာရွက်စာတမ်းများ မရှိကြပေ။ စာရွက်စာတမ်းရှိသူ အနည်းစုတွင်လည်း မြေငှားရမ်းမှတ်ပုံတင် စာရွက်စာတမ်းများ မရှိကြဘဲ၊ ရွာထဲတွင်ချုပ်ဆိုသော မြေအရောင်းအဝယ်စာချုပ်များသာ ရှိကြသည်။

**မြေမြှုပ်မိုင်း အန္တရာယ်။** မြေမြှုပ်မိုင်း အန္တရာယ်သည် ပြန်လာကြသော ရွာသူရွာသားများ အတွက် အဓိက အန္တရာယ်ကြီးတစ်ခုပင်ဖြစ်သည်။ ရွာပတ်လည်ရှိ မြေနေရာများတွင် မြေမြှုပ်မိုင်းများရှိပြီး တားမြစ်နယ်မြေအဖြစ် သတ်မှတ်ထားသည်။ ပြန်လည်ရောက်ရှိလာသော အိမ်ထောင်စုများထဲမှ အိမ်ထောင်စုစာရင်းရှိသော အိမ်အချို့ကိုသာ ၎င်းတို့၏ နေအိမ်ဝန်းကျင်အတွင်း တပ်မတော်မှ မိုင်းများ ရှင်းလင်းပေးပြီး၊ အိမ်ထောင်အများစုမှာ မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ အသိပေးမှုများ မရရှိခြင်းနှင့် မည်သို့ လုပ်ဆောင်ရမည်တို့ကို မသိရှိကြပါ။ ထိုအိမ်ထောင်စုများမှာ မြေမြှုပ်မိုင်းနှင့် ပတ်သက်၍ လုံခြုံမှုပိုင်းတွင် လွန်စွာစိုးရိမ်ရသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ပြန်လာသူ ရွာသား များမှာ မြေမြှုပ်မိုင်း အန္တရာယ်ကြောင့် သွားလာရေး နှင့် မိမိ၏ လယ်မြေအလုပ် လုပ်ကိုင်နိုင်ရေးတို့တွင် အခက်အခဲ အကန့်အသတ်များ ရင်ဆိုင်နေရသဖြင့် မြေမြှုပ်မိုင်းများ အမြန်ဆုံး ရှင်းလင်းပေးရန် လိုအပ်လျက်ရှိသည်။ ယခုအချိန် အထိ (နိုဝင်ဘာ ၂၀၁၉) မြေမြှုပ်မိုင်းပေါက်ကွဲမှု မကြုံတွေ့ရသေးသော်လည်း၊ ရွာသားများသည် မိမိတို့၏ သားသမီး၊ နောင်လာနောက်သားများ တစ်နေ့ ကြုံတွေ့ရမည့်ဘေးကို စိုးရိမ်ကြောင့်ကျလျက် ရှိကြသည်။

**စားဝတ်နေရေး။** အိုင်ဒီပီများ နေရပ်ပြန်လာ နေထိုင်ရေးတွင် ရေရှည်တည်တံ့မှုရှိရေးသည် နေရပ် ပြန်လာသူများ စားဝတ်နေရေး ပြဿနာကို မည်သို့မည်ပုံ အောင်မြင်စွာ ဖြေရှင်းနိုင်သည့်အချက်အပေါ် တည်မှီလျက်ရှိသည်။ နမ်ဆန်ယန်သို့ နေရပ် ပြန်လာကြသူများ ရင်ဆိုင်နေရသော အခက်အခဲများထဲမှ အကြီးမားဆုံး အခက်အခဲမှာ အသက်မွေးမှု လုပ်ငန်း ပြန်လည်ထူထောင်ယူခြင်းဖြစ်ကြောင်း ဤသုတေသနမှ တွေ့ရှိရပါသည်။ လယ်ယာမြေ လုပ်ငန်းဖြင့် အဓိက အသက်မွေးကြသဖြင့် ချုံနွယ်များထူထပ်နေပြီဖြစ်သော ယာမြေများနှင့် မြေမြှုပ်မိုင်းများ ရှိသော ကန့်သတ်နယ်မြေများသည် စားဝတ်နေရေးနှင့် ဘဝများ ပြန်လည်ထူထောင်ရေးအတွက် အဓိကအခက်အခဲ ပင်ဖြစ်သည်။ ချုံနွယ်များကို ရှင်းလင်းရန်အတွက် ဘူဒိုဇာများငှားရန်လည်း မတတ်နိုင်ကြပေ။ နမ်ဆန်ယန်ကို လိုင်ဇာနှင့် ဗန်းမော်မြို့များသို့ ဆက်သွယ်ထားသော အများပြည်သူသွား ဟိုင်းဝေးလမ်းမကြီး တရားဝင် ပြန်လည် ဖွင့်လှစ်ရေးမှာလည်း နမ်ဆန်ယန်ရွာ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်အသက်ဝင် စည်ကားလာရန် အရေးကြီး လှပေသည်။

**မူဝါဒဆိုင်ရာ အကြံပြုချက်များ**

**နမ်ဆန်ယန် ဒေသခံများ နေရပ်ပြန်လာရေးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် အကြံပြုချက်များ**

- **မြန်မာအစိုးရ၊ တပ်မတော်၊ ကေအိုင်အိုနှင့် လူသားချင်းစာနာ အကူအညီပေးသော အိုင်အင်ဂျီအို၊ အင်ဂျီအိုအဖွဲ့အစည်းများနှင့် ဘာသာရေးဘုရားကျောင်းများ**သည် လက်ရှိပေးနေသော အကူအညီထက် ဆတိုး၍ ပေးသင့်သည်။ နေရပ် ပြန်လာသူများသည် ရှေ့လာမည့်လများတွင် ဆိုးရွားသောအစားအစာနှင့် သောက်ရေပြတ်လပ်မှုနှင့် ကြုံတွေ့ရနိုင်သည်။ ယခင်ကပေးထားသော အထောက်အပံ့များ ကုန်လုနီးဖြစ်ကာ ရှေ့လာမည့်လများအတွက် အခြေခံစားနပ်ရိက္ခာများ လုံခြုံမှုမရှိပါ။ ထို့အပြင် အာဟာရရှိသော အစားအသောက်များ ရရှိရေး၊ သောက်သုံးရေ ရရှိရေးတို့ကို အပူတပြင်းဆောင်ရွက်ပေးမှသာ စားနပ်ရိက္ခာ မလုံလောက်မှု၊ သောက်သုံးရေ မရရှိမှုတို့ကြောင့်ဖြစ်ပေါ်လာသော ကျန်းမားရေးပြဿနာများကို လျော့ချနိုင်မည်ဖြစ်သည်။
- **မြန်မာအစိုးရ၊ တပ်မတော်၊ ကေအိုင်အို နှင့် လူသားချင်းစာနာ အကူအညီ ပေးသော အဖွဲ့အစည်းများ** သည်

အိုင်ဒီပီများ နေရပ် ပြန်လာရေးနှင့် ပြန်လည် နေရာချထားရေးကိစ္စရပ်များကို ကူညီဆောင်ရွက် ပေးရေး အစီအစဉ်များချမှတ်ရာတွင် နေရပ်ပြန် အိုင်ဒီပီများ၏ အဓိကဦးစားပေး တောင်းဆိုသောအချက်များကို လေးလေးနက်နက် ထည့်သွင်းစဉ်းစားပေးရန်ဖြစ်သည်။ ထိုအချက်များကို ဝန်ကြီးချုပ်ထံသို့ နေရပ်ပြန်လာလိုသော အိုင်ဒီပီများ မေလ ၂၀၁၉ တွင် အသနားခံစာတင်ရာတွင် ထည့်သွင်းတောင်းဆိုထားသည်။ ထိုတောင်းဆိုလွှာတွင် ရွာကျောင်း နှင့်ဆေးခန်းအတွက် လိုအပ်သောအကူအညီ၊ စိုက်ပျိုး နိုင်သော မြေများကို ပြန်လည်ပြင်ဆင် ဖွင့်လှစ်ပေးရေး၊ ရွာသားများ၏ နေအိမ်အဆောက်အအုံများနှင့် လမ်းများ ပြန်လည်ဆောက်လုပ်ပေးရေး၊ နှင့် လျှပ်စစ်မီးရရှိရေး စသည့် နေရပ်ပြန် အိုင်ဒီပီများ အပူတပြင်း ရင်ဆိုင်နေရသော ပြဿနာများကို အသေးစိတ် ဖော်ပြတောင်းဆိုထားသည်။

- နေရပ်ပြန် အိုင်ဒီပီများ ပြန်လည်နေရာချထားရေးနှင့် တည်ဆောက်ရေး ကူညီကြိုးပမ်းမှုတွင် ရုပ်ပိုင်းဆိုင်ရာ ပြန်လည် တည်ဆောက်ရေး သာမက၊ စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ဓါတ်မြှင့်တင်ပေးရေးဆိုင်ရာကိစ္စများ၊ ပြန်လာသူများ၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ပို၍ စည်းလုံးနွေးထွေးမှုရှိရေးကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာ၊ နေရပ် ပြန်လာကြသူများတွင် စစ်ဘေးစစ်ဒဏ်ကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေထိုင်ခဲ့ရသဖြင့် စိတ်ဒဏ်ရာများ ရှိကြရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုပိုင်းဆိုင်ရာ နှစ်သိမ့် ကူညီပေးရေးကိုလည်း ဝန်ဆောင်မှု ပေးနိုင်လျှင် အိုင်ဒီပီများအတွက်များစွာ ကောင်းကျိုးရှိပေမည်။
- နေရပ်ပြန် အိုင်ဒီပီများ ပြန်လည်နေရာချထားရေးနှင့် တည်ဆောက်ရေး အထောက်အပံ့ အစီအစဉ်များ ချထားရာတွင်၊ အသက်၊ ကျား၊ မ၊ ပညာအရည်အချင်း၊ နောက်ခံ အလုပ်အကိုင်စသော အချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ အထူးအထောက်အပံ့ကို မုဆိုးမများ၊ သက်ကြီးရွယ်အိုများ စသည် ပို၍ လိုအပ်သောသူများကို ပေးနိုင်ရန် ဖြစ်သည်။ ပြန်လာကြသူ အများစုမှာလည်း ထိုသို့သောသူ များလေသည်။
- တာဝန်ရှိသူများ အာဏာပိုင်များသည်လည်း နမ်ဆန်ယန်ဒေသ စီးပွားရေး ပြန်လည်နာလန်ထူနိုင် ရန် အခြေခံကျသော ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်သင့်သည်။ လိုင်ဇာနှင့် ဗန်းမော်သို့ ဆက်သွယ် ထားသော ကုန်သွယ်ရေး လမ်းကြောင်းများကို ပြန်လည် ဖွင့်လှစ်ပေးရန် ကြိုးပမ်းသင့်သည်။ ထို့မှသာ နမ်ဆန်ယန် ရွာတွင် ကုန်ပစ္စည်းများ ဈေးနှုန်း သက်သာလာမည်ဖြစ်ကာ ဒေသတွင်း စီးပွားရေးရင်းနှီးမြှုပ်နှံ မှုများ ရှင်သန်လာကာ နေရပ်ပြန်လာသော ဒေသခံများသည်လည်း လူသားခြင်းစာနာမှု အကူအညီများအပေါ်တွင် မှီခိုနေရခြင်းမှ ကင်းဝေးမည်ဖြစ်သည်။
- အစိုးရ တာဝန်ရှိ အာဏာပိုင်များမှလည်း နေရပ်ပြန်လာသူများကို လူသားချင်း စာနာမှု အကူအညီ ပေးရန် စာရွက်စာတမ်းများ လိုအပ်မှုကို ခွင့်လွှတ်ပေးကာ၊ စာရွက်စာတမ်းများ ရှိသူနှင့် မရှိသူ ဟူ၍ မခွဲခြားပဲ ထောက်ပံ့ ကူညီပေးရန်။ နေရပ် ပြန်လာသူများသည် စစ်ပွဲကာလအတွင်း ထွက်ပြေး တိမ်းရှောင်ကာ နေထိုင်ရသဖြင့် စာရွက်စာတမ်းများ ပြည့်စုံမှုမရှိသည်ကို နားလည်ပေးရန်။ ရပ်ရွာသို့ ပြန်လာကာ ဘဝ ပြန်လည်တည်ဆောက်မှုပြုရာတွင် စာရွက်စာတမ်း မရှိမှုကြောင့် ထောက်ပံ ကူညီမှုမရခြင်း မဖြစ်စေရပါ။
- တာဝန်ရှိ အာဏာပိုင်များသည် မြေမြှုပ်မိုင်းများ ရှင်းလင်းရာတွင် အစိုးရ အိမ်ထောင်စုစာရင်းတွင် ပါဝင်သော အိမ်ထောင်စုများကိုသာ ရွေးချယ်ရှင်းလင်းပေးခြင်းမဟုတ်ပဲ၊ နမ်ဆန်ယန်ဒေသအနီး ပတ်ဝန်းကျင် လယ်ယာမြေ နေရာများ၊ လမ်းများ အပါဝင်နေရာ အားလုံးတွင် မြေမြှုပ်မိုင်းများကို ရှင်းလင်းပေးရန် ပြုလုပ်ပေးရပါမည်။ ထိုသို့နေရာ အနှံ့တွင် မိုင်းများ ရှင်းလင်း ပြီးမှသာ နေရပ်ပြန်လာသော ဒေသခံပြည်သူများ သည် ၎င်းတို့၏ ဘဝ၊ စားဝတ်နေရေးများ၊ လူမှုအသိုင်းအဝန်းနှင့် ဒေသတွင်းစီးပွားရေးကို ပြန်လည် တည်ဆောက် နိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရေတိုတွင် ဖြည့်ဆည်းနိုင်ရန် ခက်ခဲမည်ဆိုပါက၊ အောက်ပါလုပ်ငန်းစဉ်များကို ဦးစားပေးစဉ်းစားနိုင်သည်။

  ၁။ အစိုးရ တရားဝင်အိမ်ထောင်စု စာရင်းမရှိသေးသော်လည်း ပြန်လည်အခြေချနေထိုင်နေပြီ ဖြစ်သည့် လူနေအိမ် ခြံဝင်းများအားလုံးကို မြေမြှုပ်မိုင်းများ ရှင်းလင်းပေးရန်

  ၂။ စပါးခင်းများ၊ လယ်ယာမြေများနှင့် ထိုလယ်မြေ၊ စပါးခင်းများသို့ သွားရာလမ်းတစ်လျှောက် နေရာများအားလုံးကို မြေမြှုပ်မိုင်းများ ရှင်းလင်းပေးရန်။

  ၃။ ကန့်သတ် နယ်မြေ အဖြစ်ရှိနေသေးသော နေရာအားလုံးကို ရှင်းရှင်းလင်းလင်း သတ်မှတ်ပေးရန်

  ၄။ မြေမြှုပ်မိုင်း အန္တရာယ် အမြင်ဖွင့်သင်တန်းများ ပို့ချပေးရန်။

  ၅။ မြေမြှုပ်မိုင်းများ ရှင်းလင်းရာတွင် ပြင်ပ အဖွဲ့အစည်းများကိုလည်း ပါဝင်လုပ်ဆောင်ခွင့်ပေးရန်။

- နမ်ဆန်ယန်တွင် ရောက်ရှိကာ ပညာသင်ကြားနေပြီဖြစ်သော ကျောင်းသူကျောင်းသားများ အတွက် အထူးပညာရေး ပံ့ပိုးမှု အစီအစဉ်များ ပြုလုပ်ပေးသင့်သည်။ ထိုအစီအစဉ်တွင် အိုင်ဒီပီ ဘဝနောက်ခံဖြင့် ကြီးပြင်းခဲ့ရကာ မိမိကိုယ်မိမိ ယုံကြည်မှုပျောက်ကာ ဘဝရည်မှန်းချက်များ ပျောက်ဆုံးနေသည့် ကျောင်းသူကျောင်းသားများကို ကိုင်တွယ်သင်ကြားပေးနိုင်သည့် သင်ကြားနည်းစနစ်များ ရေးဆွဲပေးရန် လိုအပ်သည်။ ပညာရေး ဝန်ဆောင်မှုများမှာ စာသင်ခန်းမှ လွန်၍ တစ်ကိုယ်ရေဘဝ တိုးတက်မှုကိုဦးတည်သော ဝန်ဆောင်မှုများဖြစ်သင့်သည်။

## ကချင် ပြည်နယ်နှင့် ရှမ်းမြောက် ဒေသတွင် အိုင်ဒီပီများ နေရပ် ပြန်လာရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်း လုပ်ဆောင်နေသူ များအတွက် အထွေထွေ အကြံပြုချက်များ

- အိုင်ဒီပီ နေရပ်ပြန်လာရေးအစီအစဉ်များ လုပ်ဆောင်ရာတွင် စစ်ပွဲများ ပြန်လည်မဖြစ်ရန် သေချာသော နေရာများကိုသာ စဉ်းစားသင့်သည်။ အိုင်ဒီပီများမှာ ခေတ်အဆက်ဆက် စစ်ပွဲများနှင့် စစ်ရှောင်ရမှုများကြောင့် စိတ်ဒဏ်ရာများသင့်ပြီး ဖြစ်သည်။ ထို့ကြောင့် နောင်လာမည့် နေရပ် ပြန်လာရေး အစီအစဉ်များကို စစ်ပွဲများ ပြန်လည် မဖြစ်ရန် ဘက်ပေါင်းစုံမှ သေချာသော အာမခံချက်ရရှိသော နေရာများတွင်သာ အကောင်အထည် ဖော်သင့်သည်။
- တစ်ချိန်တည်းတွင် အာဏာပိုင်များသည် လူသားခြင်းစာနာကူညီမှုကို ပေးသည်ထက် ပိုသော၊ နေရပ် ပြန်လာရာတွင် အားနည်းမှု၊ စားဝတ်နေရေး မလုံခြုံမှုများကို ဖြစ်စေသော၊ ပြဿနာ အရင်းခံ အခြေခံကျသော ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်ကြိုးပမ်းသင့်သည်။ အရေးအကြီးဆုံးမှာ ထပ်မံ၍ စစ်ပွဲများ မပေါ်ပေါက်စေရန်၊ စစ်ပြန်ဖြစ်က စစ်ရှောင်သူများ တဖန်ပြန်လည် ထွက်ပြေးတိမ်းရှောင်ရသော သံသရာမှ လွတ်မြောက်ရန် အာမခံမှုပေးရန် ဖြစ်ပေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ၎င်းတို့၏ စားဝတ်နေရေး၊ လယ်ယာ မြေလုံခြုံမှုနှင့် မြေမြုပ်မိုင်းများအန္တရာယ် တို့ဖြစ်ပါသည်။ ထိုအချက်များမှာ ကဏ္ဍပေါင်းစုံတွင် ပတ်သက်နေသော ဘုံပြဿနာများဖြစ်ပြီး နေရပ် ပြန်ရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးစားပေးအဖြစ် စဉ်းစားရမည့် အချက်များဖြစ်သည်။
- အာဏာပိုင်များသည် နေရပ်ပြန်လာသော အိုင်ဒီပီများ၏ မြေယာ ပိုင်ဆိုင်ခွင့်ကို ကာကွယ် ပေးသင့်သည်။ မြေယာနှင့်ဆိုင်သော စာရွက်စာတမ်း မရှိသဖြင့်၊ ထို စိုးရိမ်စိတ်သည် နေရပ်သို့ ပြန်ရန် ပိုမိုတွန်းအားပေးသည်။ စစ်ပွဲများ ငြိမ်းအေးခြင်းမရှိသေးသော်လည်း ရပ်ဝေးတွင် နေရသဖြင့် မြေယာကိစ္စ စိုးရိမ်စိတ်ရှိလာကာ နေရပ်သို့ ပြန်ရန် ဇောကြီးလာစေသည်။ အိုင်ဒီပီ များကို မိမိတို့၏ မြေယာအခွင့်အရေးဆိုင်ရာများကို ပိုမိုနားလည်ကျင့် သုံးနိုင်ရန် ကူညီပေးခြင်းသည်လည်း အနာဂတ် နေရပ် ပြန်လာရေးအစီအစဉ်များအတွက် အရေးကြီးသော အချက် တစ်ချက်ပင်ဖြစ်သည်။
- ပညာရေးဝန်ဆောင်မှု ကောင်းမွန်စွာရရှိရေးသည်လည်း နေရာ ပြန်လာသော အိုင်ဒီပီများအတွက် အရေးကြီးသော တောင်းဆိုချက်တစ်ခုပင်ဖြစ်သည်။ အိုင်ဒီပီ နေရပ် ပြန်လာရေး အစီအစဉ် ရေးဆွဲရာတွင် စစ်ပွဲကာလ စစ်ဒဏ်သင့်ကာ အိုင်ဒီပီစခန်းများတွင် နှစ်ပေါင်းများစွာ နေခဲ့ရသော ကျောင်းသားကျောင်းသူများနှင့် ကိုက်ညီသော အထူးသင်ကြားနည်းစနစ်များကို ကျင့်သုံးရန် လိုအပ်သည်။ ထိုအစီအစဉ်များတွင် ပြန်လာသော ကျောင်းသူကျောင်းသားများကို ကျောင်းသင်ခန်းစာများအပေါ် ပြန်လည် စိတ်ဝင်စားမှုရှိလာစေရန်၊ ပုံမှန်စာသင်ကြားမှု စနစ်နှင့် ကင်းကွာနေခဲ့ရမှုများ ပြန်လည်ကုစားပေးကာ သင်ခန်း စာများအမှီလိုက်နိုင်ရေးကို အထူးဂရုပြုပေးရန် လိုအပ်နေပါသည်။ စာသင်ကြားရုံမျှမက တကိုယ်ရေစိတ်ဓါတ် အမူအကျင့် ဖွံ့ဖြိုးရေးကိုလည်း ဂရုပြုပေးရန် လိုအပ်ပါသည်။
- နေရပ်ပြန် အိုင်ဒီပီများကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်ရာတွင်၊ ရုပ်ပိုင်းသာမက၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်ရေး၊ ယုံကြည်မှု စိတ်ဓါတ်ခွန်အား မြင့်တက်လာစေရေးနှင့် ပြန်လာသူများ၏ လူမှုဝန်းကျင် နွေးထွေးစည်းလုံးမှု ရှိခြင်းများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ အိုင်ဒီပီများ၏ လတ်တလော လိုအပ်ချက်များမှာ စားဝတ်နေရေးဟု ဆိုသော်လည်း လူမှုစိတ်ဓါတ် အကူအညီရရှိမှုသည်လည်း ဘဝများ ပြန်လည်ထူထောင် ရာတွင် အရေးကြီးသော အချက်တစ်ချက်ပင် ဖြစ်သည်။
- အစိုးရ ဌာနဆိုင်ရာ အာဏာပိုင်များကလည်း အိုင်ဒီပီများသည် စစ်ရှောင်တိမ်းကာ ရွှေ့ပြောင်း

နေထိုင်ကြရသဖြင့် အိမ်ထောင်စု (ပုံစံ ၁၀) ကဲ့သို့သော စာရွက်စာတမ်းများ မရှိကြသည်ကို သိရှိနားလည်ပေးရန် လိုအပ်သည်။ အိုင်ဒီပီများ နေရပ်ပြန်လာကာ မိမိတို့၏ ဘဝ၊ အိုးအိမ် ပြန်လည်တည်ထောင်ရန် ကြိုးစားရာတွင် စာရွက်စာတမ်းများမပြနိုင်သဖြင့် အစိုးရအထောက်အပံ့ မရရှိခြင်းမဖြစ်သင့်ပါ။ အင်ဂျီအိုများနှင့် အလှူရှင်များကလည်း ဤအချက် ကို အစိုးရဌာနဆိုင်ရာ အရာရှိများ ပိုမိုနားလည်လာစေရန် အရေးကြီးသော အခန်းကဏ္ဍမှ ကူညီဆောင်ရွက်ပေးသင့်သည်။

## နိဒါန်း

၃၀ ဧပြီ ၂၀၁၉ အထိ ထုတ်ပြန်သော UNOCHA စာရင်းဇယားများအရ ကချင်နှင့် ရှမ်းမြောက်ဒေသတွင် စစ်ပွဲကြောင့်နှင့် ရှမ်းမြောက်တွင် ၂၀၁၆ နောက်ပိုင်း စစ်ရှိန်မြင့်လာမှု အကျိုးဆက်များအနေဖြင့်၊ အိုင်ဒီပီ စခန်းပေါင်း ၁၆၉ ရှိပြီး အိုင်ဒီပီ အရေအတွက် ၁၀၆၅၃၇ ဦး ရှိကြောင်း သိရှိရသည်။ ၂၀၁၈ ဒီဇင်ဘာတွင် မြန်မာ့တပ်မတော်မှ ကချင်နှင့် ရှမ်းမြောက်တွင် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေညာချက်ထွက်ပေါ်ပြီးနောက်ပိုင်း၊ အိုင်ဒီပီများ နေရပ်ပြန်လာရေး ကိစ္စ ဆွေးနွေးမှုများ ပိုမိုအသံထွက်လာခဲ့သည်။

ဤနောက်ခံ အခြေအနေတွင် နမ်ဆန်ယန် ဖြစ်စဉ်သည် ၂၀၁၁ စစ်ပြန်လည်ဖြစ်ပွားပြီး နောက်ပိုင်း အိုင်ဒီပီများ နေရပ်ပြန်သော ပထမဦးဆုံး အဖြစ်အပျက်ပင်ဖြစ်သည်။ ထို့ကြောင့် ဤသုတေသန လေ့လာမှုသည်လည်း ၂၀၁၁ တွင် မြန်မာတပ်မတော်နှင့် ကချင် လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အို) တို့ အကြား ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲမှု ပျက်ပြယ်ပြီး၊ စစ်ပွဲများ ပြန်လည်ဖြစ်ပွားမှုနောက်ပိုင်း နေရပ်စွန့်ခွာ အိုင်ဒီပီများ မိမိ၏မူရင်းဒေသသို့ ပြန်လာသော ဖြစ်စဉ်ကို ခွဲခြမ်းလေ့လာသုံးသပ်မှု ပြုခြင်းဖြစ်သည်။

ကချင်ပြည်နယ်တွင်ဖြစ်ပွားသော လက်နက်ကိုင်စစ်ပွဲသည် လူမျိုးရေးနှင့် ဘာသာရေး ဝိသေသဆိုင်ရာ ကိစ္စရပ်များအပေါ် နိုင်ငံရေးအရ နစ်နာ မကျေနပ်မှုများကြောင့် ကချင်လွတ်မြောက်ရေး အဖွဲ့အစည်း (ကေအိုင်အို)နှင့် ၎င်း၏ တပ်ဖြစ်သော ကချင် လွတ်မြောက်ရေးတပ် (ကေအိုင်အေ) တို့ကို ၁၉၆၂ ခုနှစ်တွင် ဖွဲ့စည်းပေါ်ပေါက်ခဲ့သည်။ ထိုလက်နက်ကိုင် ပဋိပက္ခမတိုင်မီ၊ လွတ်လပ်ရေးရပြီး ကာလများတွင် ကချင်ဒေသသည် ငြိမ်းချမ်းသော ကာလဖြစ်ခဲ့သည် (The Nation 1951)။ ဖွဲ့စည်းပြီး အချိန်မှစတင်၍ ကေအိုင်အို၊ ကေအိုင်အေသည် မြန်မာတပ်မတော်၊ ဗမာပြည် ကွန်မြူနစ်ပါတီ (၎င်းပြိုကွဲသော ၁၉၈၉ မတိုင်မီ အထိ) တို့နှင့် လက်နက်ကိုင်စစ်ပွဲကို အစဉ်အဆက်ဆင်နွှဲခဲ့သည်။ တပ်မတော်နှင့် ကေအိုင်အေတို့သည် ၁၉ ၇၀ ကျော် နှင့် ၁၉ ၈၀ ကျော်ကာလများအတွင်း မအောင်မြင်သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို စပ်ကြားပြုလုပ်ဖြစ်ခဲ့ကြသည်။ ကမ္ဘာ့စစ်အေးတိုက်ပွဲ ပြီးဆုံးသွားမှုသည် တပ်မတော်အတွင်း လည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကြားတွင်လည်းကောင်း ရိုက်ခတ်မှုရှိကာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲမှုဖြစ်စေခဲ့သည်။ ၁၉၈၉ ဗမာပြည် ကွန်မြူနစ်ပါတီပြိုကွဲပြီးနောက်ပိုင်း စစ်အစိုးရသည်၊ အကြီးဆုံး ခွဲထွက် အဖွဲ့များဖြစ်သော United Wa State Army (UWSA) နှင့် Myanmar National Democratic Alliance Army Kokang (MNDAA) တို့နှင့် ၁၉၉၁ တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ထိုနှစ်ထဲမှာပင် စစ်အစိုးရသည် National Democratic Army-Kachin (NDA-K) နှင့်၊ နောက်နှစ်တွင် ကေအိုင်အို ခွဲထွက်အဖွဲ့ဖြစ်သော Kachin Defense Army (KDA) တို့နှင့်လည်း အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ချုပ်ဆို နိုင်ခဲ့သည်။ ပြောင်းလဲလာသော နိုင်ငံရေးအခင်းအကျင်းအောက်တွင် ကေအိုင်အို ခေါင်းဆောင်များကလည်း စစ်အစိုးရနှင့် ၁၉၉၄ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေးကို နှစ်ဦးနှစ်ဖက် တိကျသော နယ်မြေသတ်မှတ်မှု နှင့် ညှိနှိုင်းနိုင်ခဲ့ကြသည်။ ထိုအပစ်အခတ် ရပ်စဲရေးသည် ၂၀၁၁ ခုနှစ် ဗန်းမော်မြို့ အရှေ့ဘက်၊ တာပိန် ရေအားလျှပ်စစ်အနီး ဖြစ်ပေါ်သော တိုက်ပွဲမတိုင်မီအထိ ၁၇ နှစ် ကြာခဲ့လေသည်။ ထိုအချိန်မှစ၍ သိန်းချီသော ပြည်သူများ မိမိတို့၏ ရပ်ရွာ အိုးအိမ်များကို စွန့်ခွာကာ စစ်ရှောင်ပြည်သူများအဖြစ် နေခဲ့ကြရသည်။ ၂၀၁၈ စက်တင်ဘာလ စာရင်းဇယားများအရ၊ စစ်ရှောင် ပြည်သူ ၁သိန်းခန့်မှာ ကေအိုင်အိုအစိုးရ ထိန်းချုပ်သော ဒေသ (သို့) မြန်မာအစိုးရ ထိန်းချုပ်သော နယ်မြေများအတွင်း အိုင်ဒီပီစခန်းများတွင် နေထိုင်ကြ သည်။ ၂၀၁၈ အတွင်းတွင် နောက်ထပ် စစ်ရှောင် ၁၄၀၀၀ အထိ တိုးလာခဲ့သည်။

စစ်ဖြစ်ပွားခဲ့သော လွန်ခဲ့သော ရှစ်နှစ်တာကာလကို ပြန်ပြောင်းကြည့်မည်ဆိုပါက ကေအိုင်အေနှင့် မြန်မာ တပ်မတော်အကြား စစ်ပွဲသည်၊ ၂၀၁၆ ဒီဇင်ဘာလတွင် မြန်မာ့တပ်မတော်မှ ကေအိုင်အေ၏ မဟာဗျူဟာ စခန်းတစ်ခုဖြစ်သော Nhkram Gidon ကို သိမ်းယူလိုက်သော တိုက်ပွဲသည် စစ်အရှိန်အမြင့်ဆုံးသို့ ရောက်ရှိသော ကာလဖြစ်ခဲ့သည်။ တပ်မတော်၏ ထိုထိုးစစ်သည် မူဆယ်နှင့် ကွတ်ခိုင်မြို့နယ်များသို့ ရှောင်တခင် ဝင်ရောက် တိုက်ခိုက်ခဲ့သော ကေအိုင်အေနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့များဖြင့် ဖွဲ့စည်းထားသော မြောက်ပိုင်းမဟာမိတ်အဖွဲ့ (Noth-ern Alliace) တို့၏ တိုက်ခိုက်မှုများအပေါ် တန်ပြန်လက်စားချေတိုက်ခိုက်မှု ဖြစ်သည်ဟုလည်း ရှုမြင်နိုင်ပါသည် (Thu Thu Aung 2016)။ Nhkram Gidon ကို သိမ်းပြီး နောက်ပိုင်း၊ ကချင်ပြည်နယ်အတွင်း စစ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများ

လျော့ကျ သွားသည်။ ၂၁ ဒီဇင်ဘာ ၂၀၁၆ တွင် တပ်မတော်မှ ကေအိုင်အို၊ ကေအိုင်အေနှင့် မြောက်ပိုင်း မဟာမိတ် Northern Alliance[၈] အဖွဲ့များနှင့် ကချင်ပြည်နယ်နှင့် ရှမ်းမြောက်ဒေသတွင် တဖက်သတ် အပစ်အခတ် ရပ်စဲကြောင်း ကြေညာခဲ့သည်။ ထိုကြေညာချက်ကာလသည် စက်တင်ဘာ ၂၀၁၉ တွင် ကုန်ဆုံးသည်။

၂၁ ဒီဇင်ဘာ ၂၀၁၆၊ တပ်မတော်၏ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေညာချက် ထွက်ပေါ်လာပြီးနောက်၊ ကချင်ပြည်နယ်အတွင်း အိုင်ဒီပီများ မူရင်းနေရပ်သို့ ပြန်လာရေးကိစ္စ ပြောဆိုမှုများ ပိုမိုကျယ်ပြန့်လာခဲ့သည်။ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေညာချက်တွင် အချက် ၁၁ ချက် ပါဝင်သည်။ နံပါတ် ၉ အချက်တွင် ကြေညာချက် အကျုံးဝင်သော ဒေသများအတွင်း အိုင်ဒီပီများ မိမိ၏ နေရပ်သို့ အမြန်ဆုံး ပြန်လာအခြေချ နိုင်ရေးနှင့် ထိုဖြစ်စဉ်အတွက် တပ်မတော်မှ လိုအပ်သော အကူအညီကိုပေးလိုကြောင်း ပါဝင်သည်။ မူလက တစ်ဖက်သတ် အပစ်အခတ် ရပ်စဲရေးကို ၂ လသာ ကြေညာထားသော်လည်း၊ တပ်မတော်မှ အကြိမ်ကြိမ် သက်တမ်းတိုးကာ စက်တင်ဘာ ၂၀၁၉ အထိ ရောက်ရှိခဲ့သည်။ ထိုသို့ သက်တမ်းတိုးပုံကို ကြည့်ခြင်းအားဖြင့် မြန်မာအစိုးရသည် အိုင်ဒီပီများ နေရပ် ပြန်လာရေးကို အာရုံထားလုပ်ဆောင်နေသည်ဟု ထင်မြင်ရသည်။ ထိုသို့ လုပ်ဆောင် သော်လည်း ၎င်းတို့အပေါ် ကချင်လူထု၏ ယုံကြည်မှုမှာ တိုးတက်လာခြင်း မရှိသေးပေ (Kachin State IDP Intention Survey, 2019)။ အချို့က ထင်မြင်ယူဆသည်မှာ နေရပ် ပြန်ခြင်းဖြစ်စဉ်မှာ အစိုးရမှ အိုင်ဒီပီများ ရှိနေခြင်းက ပဋိပက္ခများ ဆက်လက် ရှိနေခြင်းဟူသည့် ပြယုဂ်ကို လျှော့ချနိုင်ရန် ရည်ရွယ်သည်ဟူ၍ ဖြစ်သည်။ တရုတ်ကလည်း မြန်မာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုတက်ကြွစွာ ပါဝင်လာပါသည်။ ကေအိုင်အိုကိုလည်း တပ်မတော်နှင့် နှစ်ဦး သဘောတူ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ထိုးရန် တရုတ်က တိုက်တွန်းခဲ့သည် (Radio Free Asia, 8 March 2019)။ အရပ်ဖက် အဖွဲ့အစည်းများလည်း အိုင်ဒီပီများ နေရပ် ပြန်နိုင်ရေးကို ကူညီ ထောက်ပံ့ပေးရန် စိတ်ဝင်တစားရှိနေကြသည်။ ကေအိုင်အို အိုင်ဒီပီကော်မတီမှ အဖွဲ့ဝင်နှစ်ဦးအပါအဝင် ကချင် လူသားချင်းစာနာသူများ၊ ဘာသာရေး ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသော Kachin Humanitarian Concern Committee (KHCC) သည်၊ အိုင်ဒီပီစခန်း ၁၀၀ ကျော်မှ အိုင်ဒီပီ ၆,၀၀၀ မှ ၁၀,၀၀၀ ကြားသည် များမကြာမီ အချိန် ကာလအတွင်း ၎င်းတို့၏ မူရင်းဒေသသို့ ပြန်လာနိုင်မည်ဟု ခန့်မှန်းကြသည်။ (Emily 2019; International Crisis Group, 22 May 2019) သို့သော် ဖိအားပေးမှုများရှိလာသဖြင့် ၃၀ ဇန်နဝါရီ ၂၀၁၉ တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် သည် ဝိုင်းမော် မြို့နယ်၊ နမ်ဆန်ယန် ကျေးရွာသို့ နေရပ် ပြန်လာသော မိသားစု ၁၇ စုကို ကူညီထောက်ပံ့ပေးမှု စတင်လုပ်ဆောင်ခဲ့သည်။ ၅ မတ် ၂၀၁၉ တွင်မူ နောက်ထပ် မိသားစု ၂၉ စု၊ တပ်မတော် ၏ အကူအညီဖြင့် ထပ်မံ ရောက်ရှိလာခဲ့သည်။ စုစုပေါင်း ၄၆ မိသားစုနှင့် လူဦးရေ ၂၀၀ ကျော်ဖြစ်သည်။ ထို့အပြင် နမ်ဆန်ယန်တွင် အခြေချနေသော ရွှေ့ပြောင်းလုပ်သား မိသားစု ၁၇ စုလည်း ပါဝင်သည်။ ပြန်လာ ကြသူ အများစုမှာ ကချင်လူမျိုးများ ဖြစ်ကြပြီး၊ လီဆူ၊ ရှမ်း၊ တရုတ်နှင့် ဗမာ လူမျိုးများလည်း နမ်ဆန်ယန်ရွာသို့ နေရပ် ပြန်လာခဲ့ကြသည်။ မကြာမီ ကာလအတွင်း နေရပ် ပြန်လာသူ အိုင်ဒီပီများ ပြန်လည်တိုးလာမည်ကိုလည်း ကြိုတင် တွက်ဆနေကြသည်။

တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှု ကြေညာပြီးနောက်ပိုင်း ပထမဦးဆုံး နေရပ် ပြန်လာသော ဖြစ်စဉ် တစ်ခုအနေနှင့် နမ်ဆန်ယန်ဖြစ်ရပ်တွင် နေရပ် ပြန်လာနေထိုင်သူတို့၏ အခက်အခဲများ၊ ကချင်ပြည်နယ်တွင် အိုင်ဒီပီများ ပြန်လာရေးနှင့် ဆိုင်သော နိုင်ငံရေး အကောင်းအဆိုး ပြောဆိုမှုများကို လေ့လာသုံးသပ်နိုင်ရန် အခွင့်အရေး တစ်ခုပင်ဖြစ်သည်။

၂၀၁၁ စစ်ပြန်လည် မဖြစ်ပွားမီက၊ နမ်ဆန်ယန် ကျေးရွာသည် အိမ်ထောင်စု ၂၀၀၀ ကျော်နေထိုင်ကာ စီးပွားရေး၊ လူမှုရေး စည်ကားသိုက်မြိုက်ခဲ့သော မြို့အသေးစားလေးဖြစ်ခဲ့သည်။ မြစ်ကြီးနားမြို့နှင့် ကေအိုင်အို အုပ်ချုပ်ရာ မဟာဗျူဟာကျသော နယ်စပ်မြို့ လိုင်ဇာမြို့ကို ဆက်သွယ်ထားသော ကားလမ်းခုလတ်တွင် တည်ရှိသောကြောင့် လူနှင့် ကုန်စည်များ သွားလာစီးဆင်းသော ဒေသဖြစ်ခဲ့သည်။ မြန်မာပြည်အောက်ပိုင်း ကျောက်ဆည်မြို့အထိ မှ လာရောက်လုပ်ကိုင်ကြသော ရွှေ့ပြောင်းလုပ်သားများပင်ရှိကာ တိုင်းရင်းသားလူမျိုးစု စုံလင်သော ကျေးရွာကြီး

---

[၈] မြောက်ပိုင်းမဟာမိတ်အဖွဲ့ ကို ၂၀၁၆ တွင်ဖွဲ့စည်းခဲ့ပြီး၊ ထိုနှစ် ဒီဇင်ဘာလမှစတင်ကာ စစ်ရေးလှုပ်ရှားခဲ့သည်။ Kachin Independence Army (KIA), Arakan Army (AA), Myanmar National Democratic Alliance Army Kokang (MNDAA) နှင့် Ta’ang National Liberation Army (TNLA). တို့အကြားစစ်ရေးအရ ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။

ဖြစ်ခဲ့သည်။ မြေသြဇာကောင်းသော စိုက်ပျိုးမြေများ ပတ်ပတ်လည်ဝန်းရံထားကာ စိုက်ပျိုးရေးလည်း ဖြစ်ထွန်းခဲ့သည်။

လက်ရှိအခြေအနေတွင် ပထဝီအနေအထားအရ နမ်ဆန်ယန်ဒေသသည် တပ်မတော်နှင့် ကေအိုင်အေအကြား လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲများ၏ အလယ်ချက်မဖြစ်နေသည်။ ရွာသည် ကေအိုင်အို ဌာနချုပ်နှင့် အနီးစပ်ဆုံးတွင် တည်ရှိပြီး၊ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့ များနှင့်လည်း ၂ နာရီ ခရီးသာ ကွာဝေးသည်။ ထိုနေရာသည် ကေအိုင်အိုနှင့် တပ်မတော် နှစ်ဖက်စလုံးမှ အာဏာ သက်ရောက်မှု ရှိပြီး မည်သည့်ဖက်မှ လုံးဝဥဿုံ ကိုင်တွယ် အုပ်ချုပ်နိုင်ခြင်းမရှိသော အညိုရောင်နယ်မြေလည်းဖြစ်သည်။ တပ်မတော်စစ်ကြောင်းများမှ လက်ရှိ အချိန်တွင် ရွာအနီး၊ မြစ်ကြီးနား-ဗန်းမော် ကားလမ်းပေါ်တွင် နေရာယူထားပြီး၊ ကေအိုင်အေစစ်ကြောင်းကလည်း လမ်းမကြီး၏ အရှေ့နှင့် အနောက်ခြမ်း ရွာဝန်းကျင် ၄မိုင် ဧရိယာအတွင်း နေရာအသီးသီးယူထားကြသည်။

ထိုသို့သော ပထဝီအနေအထားအရ ထူးခြားမှု နှင့် အိုင်ဒီပီများ တရားဝင် နေရပ် ပြန်လာသော ပထမဦးဆုံး ဖြစ်စဉ်အဖြစ် နမ်ဆန်ယန်ဒေသခံများ နေရပ်ပြန်လာမှု ဖြစ်ရပ်ကို လေ့လာခြင်းအားဖြင့် ငြိမ်းချမ်းရေးအဖြေ မထွက်သေးသော လက်နက်ကိုင်ပဋိပက္ခအလယ်တွင် အိုင်ဒီပီများ နေရပ်သို့ ပြန်လာကာ ပြန်လည်ထူထောင်ရာတွင် ရင်ဆိုင်ရသော အခက်အခဲများအကြောင်း ပိုမိုသိရှိရမည်ဖြစ်သည်။ ပြန်လာပြီးနောက်ပိုင်း ဒေသခံများ ဘဝထူထောင်ရေး ကြိုးပမ်းမှု အခြေအနေများကို လေ့လာခြင်းအားဖြင့် အနာဂတ်တွင် ဖြစ်လာမည့် အိုင်ဒီပီများအားလုံး နေရပ် ပြန်လာရေး နှင့် ပြန်လည် ထူထောင်ရေး အစီအစဉ်များအတွက် အသိအမြင်များ ရရှိနိုင်မည်ဖြစ်သည်။

နမ်ဆန်ယန် အိုင်ဒီပီများ ရပ်ရွာ ပြန်လာခြင်းသည် မိမိဆန္ဒအရ ပြန်လာခြင်းဖြစ်သည်ဟု တပ်မတော်မှ ဆိုသော်လည်း၊ ဖြစ်စဉ် တစ်ခုလုံးတွင် တပ်မတော်မှ ကေအိုင်အို၊ KHCC တို့နှင့် တိုင်ပင်ခြင်းမရှိပဲ အရပ်သားအစိုးရ၏ ပါဝင်မှုလည်းမရှိလှပါ (Sai Wansai 2019; Kachin News Group, 9 May 2019)။ ယခုအချိန်အထိ ထိုသို့ နေရပ် ပြန်လာသော အိုင်ဒီပီ မိသားစုများအကြောင်း အသေးစိတ် ခွဲခြမ်းလေ့လာခြင်း၊ ရေးသားထုတ်ဝေထားခြင်း မရှိသေးပါ။ အိုင်ဒီပီများနေရပ်သို့ ပထမဦးဆုံးတရားဝင်ပြန်လာသောဖြစ်စဉ်ဖြစ်သည့်အလျောက် ထိုဖြစ်စဉ်မည်သည့်နေရာများတွင် အောင်မြင်သည်၊ မည်သည့်နေရာများတွင် မအောင်မြင်၊ မည်သို့ ဆက်လက်ကြိုးစား၊ ပူးပေါင်းဆောင်ရွက်ရန် လိုသည်၊ စသည့်အချက်များကို သိရှိနားလည်နိုင်ရန် အရေးကြီးသည်။ နမ်ဆန်ယန် အိုင်ဒီပီများ နေရပ်ပြန်လာသည့် ဖြစ်စဉ်တွင်၊ မြန်မာအစိုးရမှလည်း ဆက်လက်ပြီး အိုင်ဒီပီများ မိမိ၏ မူရင်းနေရပ်သို့ ပြန်လာစေနိုင်ရန် လိုလားကြောင်း ပြသခဲ့သည်။ ဖေဖော်ဝါရီ ၂၀၁၉ တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ ပြည်နယ်အနှံ့ရှိ အိုင်ဒီပီစခန်းများသို့ သွားရောက်ခဲ့ပြီး အိုင်ဒီပီများ ရှေ့ဆက် နေရပ် ပြန်လည်နေထိုင်နိုင်ရေး အလားအလာများကို သတင်းအချက်အလက် ကောက်ခံခဲ့ကြသည်။

ယခု သုတေသနလေ့လာမှုစာတမ်းသည် မှတ်တမ်းတင် ဗွီဒီယိုနှင့်အတူ လုပ်လျူရှုခံထားရသော အားနည်းသူ များ၏အသံများကို အိုင်ဒီပီ နေရပ် ပြန်လာရေးနှင့်ပတ်သက်၍ ဆွေးနွေးငြင်းခုန်ရာ စကားဝိုင်းများထက်သို့ ရောက်ရှိလာစေရန် ကြိုးပမ်းထားပါသည်။

ဤစာတမ်းဖွဲ့စည်းပုံအပိုင်း၄ပိုင်းပါဝင်သည်။ အပိုင်း (၂) သည် ဤသုတေသနစာတမ်းပြုလုပ်သော သုတေသန ဒီဇိုင်းနှင့် နည်းနိဿယရကို တင်ပြထားသည်။ အပိုင်း (၃) တွင် အိုင်ဒီပီများ နေရပ် ပြန်လာရေးနှင့် ပြန်လည် နေရာ ချထားရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေမူဘောင်များအကြောင်း အကျဉ်းတင်ပြမှုနှင့် ၎င်းမူဘောင်များနှင့် လက်တွေ့တွင် နမ်ဆန်ယန် နေရပ်ပြန်လာမှုဖြစ်ရပ် အတွေ့အကြုံကို မည်သို့မည်ပုံ ဆန်းစစ်နိုင်သည်များကို ဖော်ပြထားသည်။ ဤအပိုင်းတွင် အိုင်ဒီပီများ နေရပ် ပြန်လာမှုဖြစ်စဉ်တွင် ထိုဥပဒေများကို မည်သည့်နေအထားအထိ လိုက်နာသည် များကိုလည်း အကျဉ်းဆွေးနွေးထားသည်။ အပိုင်း (၄) တွင် နမ်ဆန်ယန်တွင် နေရပ် ပြန်လာနေထိုင် သူတို့၏ အတွေ့အကြုံနှင့် အခက်အခဲများကို လေ့လာသုံးသပ်ထားသည်။ သုတေသနလေ့လာမှု သည် အောက်ပါအချက်များကို လွှမ်းခြုံ ဆွေးနွေးထားသည်။ (၁) ပြန်လည်အခြေချ နေထိုင်ခြင်းနှင့် ပြန်လည် တည်ဆောက်ခြင်း ဆိုင်ရာအတွေ့အကြုံ၊ (၂) စားဝတ်နေရေး (၃) မြေယာ အခွင့်အရေး လုံခြုံမှု (၄) လူသားဘဝ လုံခြုံမှု (၅) ပညာရေးနှင့် ကျန်းမာရေး (၆) အုပ်ချုပ်ရေးနှင့် (၇) အနာဂတ် မျှော်မှန်းချက်များ စသည်တို့ဖြစ်သည်။ အပိုင်း (၅) တွင် အဆုံးသတ် ကောက်ချက်ချခြင်း နှင့် အကြံပြုချက်များ ပါဝင်သည်။

## ၂။ သုတေသနပုံစံ နှင့် ကန့်သတ်ချက်များ

### ၂.၁။ သုတေသန မျှော်မှန်းချက်များ

နမ်ဆန်ယန်ဒေသခံများ နေရပ်ပြန်မှုသည် မြန်မာ့တပ်မတော်မှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲမှု ကြေညာပြီး နောက်ပိုင်း ပထမဦးဆုံး တရားဝင် နေရပ် ပြန်လာသောဖြစ်စဉ်တစ်ခု ဖြစ်သည့်အလျောက်၊ အဓိက သုတေသန မျှော်မှန်းချက်များကို အောက်ပါကဲ့သို့ သတ်မှတ်ထားပါသည်။

၁။ ကချင်ပြည်နယ် ပဋိပက္ခစစ်ပွဲ၏ ဆက်နွယ် ထူးခြားပြောင်းလဲမှုများကို ပိုမိုသိရှိနိုင်ရန်။
၂။ နမ်ဆန်ယန်ဒေသခံများ နေရပ် ပြန်လာပြီး နောက်ပိုင်းရင်ဆိုင်ရသော အတွေ့အကြုံများကို အာဏာပိုင်များ၊ အလှူရှင်အသိုင်းအဝိုင်းများ စသည့် နီးနွယ်သက်ဆိုင်သူများ (Stateholders) ကို ပိုမိုသိရှိစေကာ၊ အနာဂတ် အိုင်ဒီပီ နေရပ် ပြန်လည်အခြေချရေး လုပ်ငန်းစဉ်များ စတင် ဆောင်ရွက်ခြင်းအတွက် အထောက်အကူပြုရန်။
၃။ နေရပ် ပြန်ခြင်း လုပ်ငန်းစဉ် ဆောက်ရွက်ရာတွင် မည်သည့်အပိုင်းတွင် အောင်မြင်မှုရရှိသည်၊ မည်သည့်အပိုင်းတွင် မအောင်မြင်၊ အနာဂတ်တွင် ပိုမိုအောင်မြင်မှုရအောင် ပူးပေါင်းဆောင်ရွက် နိုင်ရန် နည်းလမ်းရှိနိုင်၊ မရှိနိုင်တို့ကို ရှာဖွေရန်။
၄။ နမ်ဆန်ယန် ဒေသခံများ နေရပ်ပြန်လာမှုနှင့်စပ်လျဉ်း၍ လူထုမှ ဓမ္မဓိဌာန်ကျစွာ သိရှိနားလည် လာစေရေး ကြိုးပမ်းရန်။

### ၂.၂။ သုတေသန ပုံစံ

ဤသုတေသနသည် မေးခွန်းကြီး ၄ခုကို အဖြေရှာနိုင်ရန် ကြိုးပမ်းပါသည်။

၁။ နေရပ် ပြန်လာရန် စောနေသေးသည်ဟူသော လူအများ၏ယူဆချက်ကို ဆန့်ကျင်ကာ နမ်ဆန်ယန် ဒေသခံ အိုင်ဒီပီများသည် မည်သည့် တွန်းအားများကြောင့် နေရပ်ပြန်ရန် ဆုံးဖြတ် ခဲ့ကြပါသနည်း။
၂။ နေရပ်ပြန် နမ်ဆန်ယန် ဒေသခံများသည် မည်သည့် နိုင်ငံရေး၊ လူမှုရေး၊ စားဝတ်နေရေးနှင့် လုံခြုံရေးဆိုင်ရာ အခက်အခဲများကို တွေ့ကြုံခဲ့ရသနည်း။
၃။ ပြန်လည် ရောက်ရှိလာသော အိုင်ဒီပီများသည် ၎င်းတို့၏ တစ်ပိုင်တစ်နိုင်လုပ်နိုင်စွမ်း (agency) ကိုမည်သို့ အသုံးချ ကြသနည်း။ နီးနွယ် သက်ဆိုင်သူများ (လူထုနှင့် ဘာသာရေး ခေါင်းဆောင်များ၊ ရပ်ရွာ အုပ်ချုပ်ရေး ဥက္ကဋ္ဌများ၊ မြန်မာ့တပ်မတော်၊ အိုင်အင်ဂျီအို၊ အင်ဂျီအိုများ) ကလည်း နေရပ်ပြန် ဖြစ်စဉ်တွင် မည်သည့် အခန်းကဏ္ဍများမှ ပါဝင်ခဲ့ကြသနည်း။
၄။ မြန်မာ့ တပ်မတော်၊ အိုင်အင်ဂျီအို၊ အင်ဂျီအိုများနှင့် ဘာသာရေးအဖွဲ့အစည်းများမှ မြေမြှုပ် မိုင်းရှင်းလင်းခြင်း၊ အဆောက်အအုံများ ပြန်လည်ဆောက်လုပ်ခြင်း၊ အသက်မွေး လုပ်ငန်းများ နှင့် ပညာရေး၊ ကျန်းမာရေး စသော ပြည်သူ့ ဝန်ဆောင်မှုများ ပြန်လည်ထူထောင် အသက်ဝင် လာစေရန် မည်သည့်အနေအထားအထိ ချိတ်ဆက်လုပ်ဆောင်ခဲ့သနည်း။ လုပ်ငန်းဆောင်ရွက် ခဲ့မှုများ မည်မျှထိရောက်မှုရှိခဲ့သနည်း။

ထိုသို့သော အဓိကလွှမ်းခြုံသော သုတေသနမေးခွန်းများကို အမှူးပြု၍ ဤသုတေသန လေ့လာမှုတွင် အိမ်ထောင်စုကို ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ ယူနစ်အဖြစ် သတ်မှတ်ပါသည်။ ဤသုတေသနသည် နမ်ဆန်ယန် ကျေးရွာတွင် အမြဲတမ်းနေထိုင်သော အိမ်ထောင်စုများကို ဦးတည် ပါသည်။ ကွင်းဆင်းလေ့လာသောအဖွဲ့တွင် အမျိုးသား ကွင်းဆင်းသုတေသီ ၃ ဦး၊ အမျိုးသမီး ၂ ဦး တို့သည် ဤစာတမ်း၏ ကြောရိုးဖြစ်သော သုတေသနပုံစံ၊ အချက်အလက် ကောက်ယူမှုနှင့် ခွဲခြမ်းသုံးသပ်မှုတို့ကို အတူတကွ လုပ်ဆောင်ပါသည်။ အချက်အလက် ကောက်ယူမှုကို ၂၂ ဖွန် ၂၀၁၉ မှ ၂၀ ဩဂုတ် ၂၀၁၉ အထိ လုပ်ဆောင်ခဲ့ပါသည်။ ကွင်းဆင်း လေ့လာရေး အဖွဲ့သည် နမ်ဆန်ယန်တွင် တစ်လခွဲကျော် နေထိုင်ခဲ့ကြပါသည်။

## ၂.၃။ နည်းနိဿယ

ဤ သုတေသနလေ့လာမှုသည် အရည်အသွေးစံထား သုတေသန နည်းနိဿယကို အသုံးပြုကာ တစ်ပိုင်း ပုံစံကျ မေးခွန်းများကို ကျေးရွာ ရပ်မိရပ်ဖများ၊ အာဏာပိုင်များ၊ တပ်မတော် အရာရှိများ၊ KHCC အဖွဲ့ဝင်များ နှင့် တွေ့ဆုံကာ အဓိက သတင်းပေးသူကို မေးမြန်းခြင်း key informant interviews (KIIs) များ ပြုလုပ်ခဲ့သည်။ ရွာသူရွာသားများနှင့် ဦးတည်အုပ်စု ဆွေးနွေးခြင်း (Focus group interview) ပြုလုပ် ခဲ့သည်။ ဤ လေ့လာမှုတွင် အလွှာလိုက် နမူနာ ကောက်ယူခြင်း နည်းစနစ်၊ နေရပ် ပြန်လာ ကြသူများ ထဲမှ မတူညီသောလူမျိုးအလိုက် ဆာဗေးဒေတာကောက်ယူခြင်း စသည့် နည်းလမ်းများကိုလည်း အသုံးပြု ခဲ့သည်။ စုစုပေါင်း အားဖြင့် အရည်အသွေးစံပြု တွေ့ဆုံမေးမြန်းမှု ပေါင်း ၇၅ ခု၊ ဦးတည် အုပ်စု ဆွေးနွေးမှု ၃ ခု၊ အိမ်ခြေ ၇၀ ကို စစ်တမ်း ကောက်ယူမှု၊ ဘ၀ မှတ်တမ်း ၅ခု တို့ကို ပြုလုပ်နိုင်ခဲ့သည်။

သုတေသန အဖွဲ့သည် နမ်ဆန်ယန်သို့ ရှေ့ပြေးလေ့လာမှုခရီးကို ၂၂-၂၃ ဖွန်လ တွင် တစ်ကြိမ်၊ ၂၅-၂၇ ဖွန်လ ၂၀၁၉ တွင် တစ်ကြိမ် သွားရောက်လေ့လာခဲ့သည်။ ထိုခရီးစဉ်များတွင် နေရပ် ပြန်ရေးဖြစ်စဉ်တွင် အဓိက ဦးဆောင်နေသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ကာ၊ နေရပ် ပြန်လာသူ အချို့နှင့်လည်း တွေ့ဆုံခဲ့သည်။ ထိုရှေ့ပြေးလေ့လာမှု ခရီးစဉ်များတွင်ရရှိခဲ့သော သတင်းအချက်အလက်များကို စုစည်း၍ သုတေသန အဖွဲ့သည် သုတေသန ဒီဇိုင်းအလုပ်ရုံ ဆွေးနွေးခြင်းကို ၂၈-၂၉ ဖွန်လ နှင့် ၁-၃ ဖွန်လိုင်လ ၂၀၁၉ များတွင် စုစုပေါင်း ၅ ရက်ကြာ ပြုလုပ်ခဲ့သည်။ ထိုအလုပ်ရုံ ဆွေးနွေးပွဲတွင် သုတေသီများသည် စစ်တမ်းမေးခွန်းများ ထုတ်ခြင်း၊ အသေးစိတ် တွေ့ဆုံမေးမြန်းခြင်းအတွက် အထောက်အကူပြု မေးခွန်းများထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အချက်အလက် ကောက်ယူ ခြင်းကို ၅ ဖွန်လိုင်လ-၂၀ ဩဂုတ်လ ၂၀၁၉ အတွင်းပြုလုပ်ခဲ့ပြီး နောက် ၃ ရက်ကြာ သုံးသပ်ဆွေးနွေးခြင်းကို လုပ်ဆောင်ခဲ့သည်။

ဤစာတမ်း၏ အကျုံးဝင်မှုကို ဆန်းစစ်သော အလုပ်ရုံ ဆွေးနွေးပွဲကိုလည်း နမ်ဆန်ယန်၊ လိုင်ဇာ၊ မြစ်ကြီးနား တို့တွင် ၁၆၊ ၁၈၊ ၂၀ စက်တင်ဘာလ ၂၀၁၉ ရက်များတွင် အသီးသီး ပြုလုပ်ခဲ့ကြသည်။ စာတမ်း ထုတ်ဝေခြင်း မတိုင်မီတွင် စာတမ်းကို အတွင်းနှင့် ပြင်ပပညာရှင်များမှ ဆန်းစစ်ပေးမှုကိုလည်း လုပ်ဆောင်ခဲ့ပါသည်။

## ၂.၄။ ကန့်သတ်ချက်များ

သုတေသနတွေ့ရှိချက်များကို တင်ပြခြင်းနှင့် ဆန်းစစ်သုံးသပ်ချက်များ ပြုလုပ်ရာတွင် ကချင် ဒေသန္တရ သုတေသနအဖွဲ့အစည်း (KRC) အနေဖြင့် သုတေသီ တစ်ဦးချင်းစီ၏ တစ်သီးပုဂ္ဂလအမြင်များကို ဖေါ်ပြခြင်းမျိုးကို လုံးဝ ရှောင်ကျဉ်သည်။ ဤသုတေသနအစီရင်ခံစာပါ အမိပ္ပါယ်ဖွင့်ဆိုမှုများနှင့် သုံးသပ်ချက် များသည် KRC သုတေသနအဖွဲ့မှ ကောက်ယူထားသည့် သတင်းအချက်အလက်များကို ထင်ဟပ်နိုင်ရန် ရည်ရွယ်သည်။

သို့သော် မည်သည့်လေ့လာမှုကမှ ခံယူချက်အစွဲပေါ် အခြေခံသည့် နားလည်မှုများနှင့် ကင်းလွတ်နိုင်သည်မဟုတ်ပေ။ နမ်ဆန်ယန် ပြန်လည်အခြေချခြင်း ဖြစ်စဉ်တွင် ဝိရောဓိအကြောင်း ကိစ္စများရှိနေသည် ဖြစ်ရာ သုတေသီများအနေဖြင့် တစ်ဖက်မှ လက်တွေ့အရေးကိစ္စများကို မျက်ခြေမပြတ်စေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း နမ်ဆန်ယန်တွင် ဖြစ်ပျက်နေမှုများနှင့် နေရပ် ပြန်လာသော စစ်ရှောင်ပြည်သူများ ကိုယ်တွေ့တွေ့ကြုံခံစားနေရသော စိန်ခေါ်မှုများကို ထဲထဲဝင်ဝင် နားလည်နိုင်ရန် အားထုတ်ရသည်။ အခြားအရည်အသွေး အခြေပြု သုတေသနများကဲ့သို့ပင် ဤသို့ ပြောင်းလဲနိုင်သည့် ဟန်ချက်များက ဖြစ်နိုင်ခြေရှိသော အကန့်အသတ်များအဖြစ် ရှုမြင်ရပေမည်။

ဖြေဆိုသူများ အနေဖြင့်လည်း အပြည့်အဝယုံကြည်မှုမရှိခြင်းနှင့် နောက်ဆက်တွဲ အကျိုးဆက်ကို စိုးရိမ်ခြင်း စသည့်အချက်များကြောင့် အပြည့်အဝ ပွင့်လင်းမှုမရှိခြင်းများလည်း ရှိနိုင်ပေသည်။ KRC သုတေသန အဖွဲ့မှ ဤအကန့်အသတ်ကို ဖြေလျှော့ နိုင်ရန် ရည်ရွယ်လျက် ဖြေဆိုသူများ၏ ယုံကြည်မှု ရရှိရန် နမ့်ဆန်ယန်တွင် ကာလရှည် နေထိုင်ခြင်း ပြုလုပ်ခဲ့သည်။ ထို့အပြင် သုတေသန အဖွဲ့၏ နောက်ခံ အခြေအနေ နှင့် ကျား၊ မ အနေအထားများကလည်း

ယုံကြည်မှုကို သက်ရောက်မှုရှိနိုင်သည်။ ဥပမာ - အမျိုးသား များမှ အမျိုးသမီးများကို တွေ့ဆုံမေးမြန်းရခြင်း၊ သို့မဟုတ် သုတေသီက ဖြေဆိုသူနှင့် မတူသော ဂိုဏ်းဂဏ မတူသော အသင်းတော်မှ ဖြစ်နေခြင်း။ သုတေသနအဖွဲ့အနေဖြင့် ဤကိစ္စကို ဖြေရှင်းရာတွင် ဖြေဆိုသူများမှ ဤလေ့လာမှု လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်နှင့် စုစည်းကောက်ခံရရှိသော သတင်းအချက်အလက်များကို မည်သို့မည်ပုံအသုံးပြုသည် ဆိုသည့်အချက်ကို အပြည့်အဝ နားလည်သဘောပေါက်ရန် စီစဉ်ရသည်။

သုတေသနအဖွဲ့သည် ကွင်းဆင်းသုတေသန ပြုနေစဉ်အတွင်း ဤကိစ္စများကို ဖြေရှင်းနိုင်ရန် တတ်နိုင်သမျှ အားထုတ်သည်။ ကွင်းဆင်း သုတေသန ပြုသူများမှ ကွင်းဆင်းသုတေသန ညှိနှိုင်းရေးတာဝန်ခံ နှင့် ဦးဆောင် သုတေသီတို့ထံ သတင်းအချက်အလက်ကောက်ခံနေစဉ် ကြုံတွေ့ရသော အရေးကိစ္စများနှင့် ပတ်သက်ပြီး နေ့စဉ် အစီရင်ခံရသည်။

## ၃။ နမ်ဆန်ယန် နေရပ်ပြန်ဖြစ်စဉ်ကို ရှုမြင်မှုပုံစံ အမျိုးမျိုးအကြား နေရာချကြည့်ခြင်း

ကချင် စစ်ရှောင်ပြည်သူများ နေရပ် ပြန်ခြင်းလုပ်ငန်းစဉ်ကို ကုလသမဂ္ဂ၏ ပင်ညဲရိုးမူစံနှုန်းအရ ရှုမြင်သင့်သည်။ ယင်းတွင် -

*"စစ်ရှောင်များနှင့် စစ်ဘေးဒုက္ခသည်များအားလုံးသည် သူတို့၏ မူလနေရပ်၊ မြေ၊ သို့မဟုတ် နေထိုင်ရာ အရပ်ဒေသသို့ မိမိသဘော ဆန္ဒအလျောက်၊ လုံခြုံစိတ်ချစွာနှင့် သိက္ခာရှိရှိ ပြန်ခွင့်ရှိကြသည်။ မိမိဆန္ဒအလျောက် လုံခြုံစိတ်ချစွာနှင့် သိက္ခာရှိရှိပြန်ရေး ဆိုရာတွင် လွတ်လပ်သော၊ သတင်းပြန်ကြားမှု အပြည့်အဝ ရရှိခြင်း၊ တစ်သီးပုဂ္ဂလ ဆုံးဖြတ်ချက်များကို အခြေခံရမည်။ စစ်ဘေးဒုက္ခသည်များနှင့် စစ်ရှောင်များသည် မိမိမူလနိုင်ငံ သို့မဟုတ် နေရပ်ဒေသရှိ ကာယဆိုင်ရာ၊ ရုပ်ဝတ္ထု ဆိုင်ရာ၊ နှင့် ဥပဒေပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှုတို့ကို ပြည့်စုံသော၊ ဦးတည်ချက် ရှိသော၊ အချိန်မီသောနှင့် တိကျမှန်ကန်သော သတင်း အချက်အလက်များ ရရှိရမည်။" (UNHCR 2005: article 10.1)*

မိမိဆန္ဒအလျောက်ဖြစ်ပြီး ကောင်းမွန်စွာသတင်းရရှိသည့် လုံခြုံစိတ်ချပြီး ဂုဏ်သိက္ခာရှိရှိဖြင့် နေရပ်ပြန်ခြင်းတို့ကို အကျယ်တဝင့် အလေးထားသော ယင်းမူဝါဒများသည် JST[၂] နှင့် KHCC အပါအဝင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ စစ်ရှောင်ပြည်သူများကို လူသားချင်းစာနာမှု အကူအညီပေးလျက်ရှိသော အဖွဲ့အစည်းများအားလုံးအတွက် စံနှုန်းလည်း ဖြစ်သည်။

ဤအစီရင်ခံစာအတွက် ပြုလုပ်ခဲ့သော သုတေသနအရ နမ့်ဆန်ယန်ကျေးရွာစစ်ရှောင်များ နေရပ်ပြန်ခြင်းတွင် ယင်းအခြေခံမူဝါဒများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရသည်။ ကာလအခြေအနေ စိုးရိမ်မှုများပေါ် အခြေခံပြီး အချို့သတင်းဌာနများက ယင်းနေရပ်ပြန်ခြင်း လုပ်ငန်းသည် နိုင်ငံရေးအကျိုး အမြတ်အတွက် တပ်မတော်မှ အတင်းအကျပ် ပြုလုပ်ခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။ (Kachin News Group, 18 February 2019) Burma News International တွင် ဖော်ပြသော Kachin News Group နှင့် တွေ့ဆုံမေးမြန်းခန်းအရ KHCC ၏ သဘာပတိ ဒေါက်တာ ခေါ့လမ်ဆမ်ဆွန်က တပ်မတော်၏ ရည်ရွယ်ချက်ကို သံသယရှိကြောင်း ဖော်ပြခဲ့သည်။

*"တပ်မတော်၏ လေးလတာ တစ်ဖက်သတ် အပစ်အခတ်ရပ်ဆိုင်းရေး ကြေညာချက်သည် အမှန်တစ်ကယ် သဘောရိုးဖြစ်သည် သို့မဟုတ် လှည့်ကွက်ဖြစ်သည်ကို စောင့်ကြည့်ရမည်။ တပ်မတော်က ကေအိုင်အို ဥက္ကဌမှ စစ်ရှောင်ကိစ္စ ပြောဆိုလာချိန်တွင် ၎င်းအပစ်အခတ် ရပ်ဆိုင်ရေး ကြေငြာချက်ကို ထုတ်ပြန်ခဲ့သည်။ မိမိအနေဖြင့် ယင်းကို ရိုးသားသောအပြုအမူဟု မယူဆပါ။*

*အခြားအချက်ကလည်း [တပ်မတော်က] ကချင် စစ်ရှောင်များကို နမ်ဆန်ယန်ကျေးရွာကို နေရပ် ပြန်ရန် ခွင့်ပြုပြီး ယင်းအချက်ကို အစိုးရက မသိရှိခဲ့၊ နောက်ပိုင်းမှသာ တပ်မတော်က ဆောင်ရွက်သည့် ကိစ္စ ဖြစ်သဖြင့် သဘောတူ လိုက်လျောခဲ့သည်။ မိမိတို့ အနေဖြင့် စစ်ရှောင်များကို [၎င်းအပစ် အခတ် ရပ်ဆိုင်းရေး] လေးလတာ ကာလအတွင်း အတင်း အကျပ် မပြန်စေလိုပါ။ မိမိတို့ အနေဖြင့် စစ်ရှောင် များကို စစ်ကားများဖြင့်း တင်ဆောင်ပြီး နေရပ် ပြန်ပို့ခြင်းမျိုးကို အလိုမရှိပါ၊*

*မိမိအထင် [တပ်မတော်သည်] နိုင်ငံရေးဖိအား ခံနေရဖွယ်ရှိသည်။ … [တစ်ဖက်သတ် အပစ် အခတ် ရပ်ဆိုင်းရေး ကာလ] ကျန်ရှိနေသည့် နှစ်လတာအတွင်း စစ်ရှောင်များအားလုံး နေရပ်ပြန်နိုင်ရန် မဖြစ်နိုင်။… အကယ်၍ တပ်မတော်က လှည့်ကွက်ဆင်ခဲ့ပါက မိမိတို့အနေဖြင့် သူတို့အပေါ် ယုံကြည်မှု ပျက်ပြား သွားနိုင်သည်။ အခြေ အနေက ပို၍ ဆိုးရွားသွားနိုင်သည်ကို ကျွန်ုပ်တို့အားလုံး အထင်အရှား မြင်တွေ့နိုင်ပေသည်။" (Kachin News Group ၏ ဒေါက်တာခေါ့လမ်ဆမ်ဆွန်နှင့် အမေးအဖြေ ၂၀၁၉)*

---

[၂] JST ပူးပေါင်းအဖွဲ့သည် တပ်မတော်နှင့် ကေအိုင်အိုကြား စစ်ပြန်လည်ဖြစ်ပွားပြီးနောက် စစ်ဘေးဒဏ်ခံရသော အိုင်ဒီပီများကို လူသားချင်းစာနာ အကူအညီပေးနေသော ဒေသတွင်း အဖွဲ့ (၉) ဖွဲ့ ပါဝင်ပေါင်းစည်းထားသော အဖွဲ့ဖြစ်သည်။

ဤသုတေသနလုပ်ငန်းအတွက် JST ခေါင်းဆောင်များနှင့် ပြုလုပ်ခဲ့သော အမေးအဖြေများတွင်လည်း ယင်းသဘောထားအတိုင်း ထင်ဟပ်လျက်ရှိသည်ကို တွေ့ရပြီး၊ စစ်ရှောင်များ၏ လုံခြုံစိတ်ချရမှုနှင့် ဂုဏ်သိက္ခာကို အလေးထားသော သေချာစွာ အကြောင်းကြားထားသည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည် မြောက်ပိုင်း ဒေသများတွင် စစ်ရှောင်များ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်း လုပ်ငန်းစဉ်ကို အလေးထားသည်။ ထို့ကြောင့် ဤသုတေသန လုပ်ငန်းမှ JST နှင့် ပြုလုပ်သော အမေးအဖြေများသည် နမ်ဆန်ယန်ကျေးရွာ နေရပ် ပြန်ခြင်းကို တပ်မတော်မှ မိမိတို့၏ နိုင်ငံရေး မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကြံစည်ဆောင်ရွက်ခြင်းဖြစ်သည် ဟု ယူဆပြီး ဝေဖန်ခြင်းမျိုးကိုတွေ့ရသည်။

Forntier Myanmar တွင် ဖော်ပြပါရှိသော ဆောင်းပါးတစ်ပုဒ်အရ ကေအိုင်အိုကလည်း နမ့်ဆန်ယန် ကျေးရွာ နေရပ်ပြန်ခြင်း လုပ်ငန်းစဉ်ကို သံသယရှိနေကြောင်း သိရသည်။ ကေအိုင်အို ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်မှူးကြီး နော်ဘူမှ ၂၀၁၉ ဩဂုတ် ၂၂ ရက်တွင် Frontier ကို ပြောပြသည်မှာ ကေအိုင်အို အနေဖြင့် စစ်ရှောင်များ နေရပ် ပြန်နိုင်ရေးကိစ္စ မဖြေရှင်းမီ နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းရေးစာချုပ် ချုပ်ဆို လိုကြောင်း ပြောသည်။

> *"ကျွန်ုပ်တို့ ဖက်မှ ဤကိစ္စနှင့်စပ်လျဉ်းပြီး အစိုးရနှင့် စစ်တပ်နှစ်ဖက်လုံးကို ပြောထားပြီး ဖြစ်သည်။ အပစ်အခတ် ရပ်ဆိုင်းရေးမရှိလျင် ကျွန်ုပ်တို့ အနေဖြင့် ဤကိစ္စတွင် သူတို့နှင့် ပူးပေါင်း ဆောင်ရွက်မည် မဟုတ်" ဟု သူကဆိုသည်။ (ရဲမွန် ၂၀၁၉)*

နမ့်ဆန်ယန်ကျေးရွာ နေရပ် ပြန်ခြင်းနှင့်ပတ်သက်ပြီး ဗိုလ်မှူးကြီး နော်ဘူက အစိုးရနှင့် စစ်တပ်တို့သည် စစ်ရှောင်များ နေရပ် ပြန်ရေးကို ၎င်းတို့အား ညှိနှိုင်းခြင်းမရှိပဲ တစ်ဖက်သတ် စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု ပြောသည်။ သူနှင့် အမေးအဖြေပြုလုပ်ရာတွင် ရွာသားများ နေရပ် ပြန်လာပြီးနောက် တပ်မတော်မှ ကေအိုင်အေကို ထိုနေရာဝန်းကျင်ရှိ ရှေ့တန်းစခန်း တစ်နေရာကို နောက်ဆုတ်ရန် ပြောဆိုလာသည်ဟု ဆိုသည်။ ယင်းအချက်ကို လိုက်လျော သောအခါ တပ်မတော်မှ ၎င်းနေရာတွင် စစ်ဆေးရေး စခန်းတစ်ခု ချထားလိုက်သည်။ (ရဲမွန် ၂၀၁၉)

**လုံခြုံစိတ်ချရခြင်းနှင့် ဂုဏ်သိက္ခာရှိခြင်းဟူသည့် အခြေခံမူဝါဒနှင့်ပါတ်သက်ပြီး နေရပ်ပြန်လာသူများ၏ ဖြေကြားချက်များ**


မည်သို့ပင် ဆိုစေကာမူ ဤသုတေသနသည် နေရပ်ပြန်လာခြင်း လုပ်ငန်းစဉ်ကို ဦးဆောင် သူများနှင့် ပြန်လာသော ရွာသားများ၏ အမြင်ကွဲပြားမှု ရှိနေသည်။ နမ်ဆန်ယန် ကျေးရွာ နေရပ် ပြန်ခြင်း လုပ်ငန်းစဉ်တွင် အဓိက ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည့် နိုင်ငံရေးအရ ဩဇာရှိပြီး Unity and Democracy Party (Kachin State) ၂၀၀၉ ခုနှစ် ကတည်းက ဝင်ရောက်ထားသူ တေးရေး၊ တေးဆို ဦးဖော်လား ဂမ်ဖန်၏ အဆိုအရ။။

> *"စစ်ရှောင်တွေ နမ့်ဆန်ယန် ကျေးရွာကို နေရပ် ပြန်ကြမယ်လို့ ပြောဆို လာတဲ့အခါ ဒီလို အဖွဲ့အစည်း (KHCC) တွေ [ပါလာမယ်လို့] ကျနော် မျှော်လင့်တယ်။ ကျွန်တော်တို့က အကောင်းဆုံး လမ်းကို ရှာကြံ နေတာပါ။ ကျွန်တော်က ရွာသားတွေကို ကျွန်တော်ဟာ ယေရှု ကြွလာမည့်အကြောင်း ပြောကြားခဲ့တဲ့ သမ္မာ ကျမ်းစာထဲက နှစ်ခြင်းဆရာ ယောဟန်လိုပဲ လို့ပြောလေ့ရှိတယ်။ ကျွန်တော်က စစ်ရှောင် ရွာသားတွေ နမ့်ဆန်ယန် ကျေးရွာကို နေရပ် ပြန်နိုင်ဖို့ သူတို့ကို ဘယ်သူမှ လာမကူခင်ကတည်းက နည်းလမ်း ရှာခဲ့တယ်။ ဒီ အဖွဲ့အစည်း (KHCC) က နိုင်ငံတော် အဆင့်အထိ ပိုကောင်းအောင် လုပ်ဆောင် နိုင်လိမ့်မယ် လို့ ကျွန်တော် မျှော်လင့်တယ်။ ဒါ အရမ်းကောင်းပါတယ်။ ကျွန်တော်ကတော့ ဒါကို ထောက်ခံတယ်။" (Kachin News Group ၏ ဖော်လားဂမ်ဖန်နှင့် အမေးအဖြေ ၂၀၁၉)*

ဤသုတေသန လုပ်ငန်းမှ နေရပ် ပြန်လာသော စစ်ရှောင်များအကြားတွင် မိမိတို့ နေရပ် ပြန်သောအခါ လုံခြုံ စိတ်ချနိုင်ရေးနှင့် ဂုဏ်သိက္ခာ ရှိစွာ ပြန်နိုင်ရေး စသည် တို့နှင့် ပါတ်သက်သော အခြေခံ မူဝါဒများကို သိရှိမှု အင်မတန် နည်းပါးသည်ကို တွေ့ရှိရသည်။ KRC မှ မိသားစုများကို လေ့လာသုံးသပ်မှုအရ ဖြေကြားသူများ အားလုံးသည် မိမိ သဘောဖြင့် ပြန်လာခြင်း ဖြစ်ကြောင်း ပြောကြသည်။ လုံခြုံစိတ်ချရမှုနှင့် ဂုဏ်သိက္ခာရှိခြင်း တို့နှင့် ပါတ်သက်သည့် သူတို့သိရှိခြင်းမှာ လက်တွေ့အခြေအနေအရ သိမြင်ခြင်းသာများပြီး စံနှုန်းတစ်ခု အဖြစ် သတ်မှတ်သိရှိခြင်း

သိပ်မရှိကြောင်း လေ့လာသိရှိရသည်။ လုံခြုံ စိတ်ချရခြင်းနှင့် ဂုဏ်သိက္ခာရှိခြင်းနှင့် ပါတ်သက်ပြီး မည်သို့ နားလည်သည်ကို မေးသောအခါ အများအားဖြင့် မိမိ လုံခြုံရေးနှင့် ဂုဏ်သိက္ခာရှိရေးအတွက် မိမိသာ တာဝန်ရှိသည်ဟု ခံစားကြောင်း ဖြေကြားကြပြီး လုံခြုံစိတ်ချမှုနှင့် ဂုဏ်သိက္ခာကို 'မိမိတို့ ကိုယ်တိုင် ဖန်တီးယူရမည်' ဟု ဖော်ပြ ကြသည်။ ဖြေကြားချက်များကို ပုံ (၁) နှင့် ပုံ (၂) များအတိုင်း မှတ်သားရသည်။ ဤဖြေကြားချက်များကို ကြည့်ခြင်းအားဖြင့် နေရပ်ပြန်ခြင်း လုပ်ငန်းစဉ် ရောက်လာပါ မိမိတို့ ကိုယ်တိုင် တာဝန်ယူ ဖွဲ့စည်းနိုင်ရန် ဆန္ဒရှိသည်ကို ပြနေသည်။

**အိုင်ဒီပီများ မပြန်လာခင် လုံခြုံရေးကို ရာနှုန်းပြည့် အာမခံရန်လိုအပ်သည် ဟုထင်မြင်ပါသလား။**





ဇယား (၁)

နေရပ် ပြန်လာသော အမျိုးသားတစ်ဦးကို လုံခြုံစိတ်ချရခြင်းနှင့် ပါတ်သက်ပြီး မိမိခံယူချက်ကို မေးသောအခါ ဖြေကြားသည်မှာ၊

> *"ဘယ်သူမှ အာမခံချက် မပေးနိုင်ဘူး။ မြစ်ကြီးနားမှာ နေထိုင်သည့် နိုင်ငံသားတွေအတွက် လုံခြုံရေး ကိုတောင် အာမခံ မပေးနိုင်ဘူး။ အဲဒါက ကချင်ပြည်နယ်ရဲ့ မြို့တော်။ သူတို့ရဲ့ လုံခြုံရေး အာမခံချက် ရှိတယ်လို့ ခင်ဗျား ပြောနိုင်မလား? တစ်စုံတစ်ယောက်ရဲ့ အနာဂတ်ကို ဘယ်သူမှ သေချာ မပြောနိုင်ဘူး။ ကျနော်တို့ အခြေအနေကပဲ ထူးထူးခြားခြား ဆိုးရွားနေတာမဟုတ်ဘူး။ တကယ်လို့ တစ်စုံတစ်ခု တစ်လွဲ ဖြစ်လာခဲ့ရင်တော့ ကျနော်တို့က ဒီက ဟာတွေ အားလုံးထားခဲ့ပြီး စခန်းမှာပဲ ပြန်သွား နေကြမှာပဲ။ ကျနော်တို့ အသက် အိုးအိမ် စည်းစိမ် လုံခြုံမှုကို ဘယ် အစိုးရ ကမှ အာမခံချက် မပေး နိုင်ဘူး။ ကျနော်တို့ ကိုယ့်အား ကိုယ်ကိုး ရမှာပဲ။ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးရဲ့ လုံခြုံရေးတောင် အာမခံချက်မရှိဘူး။ ဒါကြောင့် လုံခြုံရေးတပ်ဖွဲ့ အများကြီးယူရတာ။ ဒီနိုင်ငံ မှာကတော့ ဘာမှ အာမခံချက်မရှိပါဘူး။"*

“ဂုဏ်သိက္ခာဖြင့် ပြန်လာခြင်း” ဟူသော စကားစုအား သင်မည်သို့ နားလည်သနည်း။




မှတ်ချက်။ ။ ဖြေဆိုသူ ၇၅ ဦးမှ ဂုဏ်သိက္ခာဖြင့် ပြန်လာခြင်းအပေါ် နားလည်မှုကို ဆွေးနွေးကြရာ၊ ၂၀% မှာ ရှင်းပြရန် ခက်ခဲနေကြသည်။

ဇယား (၂)

နေရပ် ပြန်လာခြင်း နှင့် ပတ်သက်ပြီး ဂုဏ်သိက္ခာရှိခြင်း နှင့် ပါတ်သက်ပြီး မိမိခံယူချက်ကို မေးရာတွင် ဖြေကြားသည်မှာလည်း ထိုတစ်သံထည်းသာ ဖြစ်သည်။

*"ဒါက ကျွန်တော်တို့နဲ့ တော်တော်အလှမ်းကွာတဲ့ ကိစ္စပါ။ သည်အယူအဆကို အစပြုတဲ့ လူတွေပဲ ပြည့်ပြည့်စုံစုံ ဖြေနိုင်မယ်။ ကျွန်တော်တို့ အတွက်ကတော့ ဒါဟာ ရိုးရိုးလေးပဲ အိမ်နဲ့ ယာကို ပြန်လာတာပါပဲ။ ဒါကြောင့် ရွာကို မပြန်လာခင်မှာ ရွာလူကြီးကို ကျွန်တော်က မေးတယ်၊ ကျွန်တော်တို့ကို ကေအိုင်အိုကော အစိုးရဖက်ကကော ပြန်ခွင့် ပြုပြီလားလို့။ သူပြောတာကတော့ နှစ်ဖက်စလုံးက ကျွန်တော်တို့ ပြန်ဖို့ သဘောတူကြပြီလို့ ပြောတာပဲ။ ဒါကြောင့် ကျွန်တော်က ပြန်လာဖို့ ဆုံးဖြတ်လိုက်တာ။ တကယ်လို့ ဒါဟာ တစ်ဖက်သတ် လုပ်ဆောင်ချက် ဆိုရင်တော့၊ ရှင်းရှင်း ပြောရရင် ကျွန်တော် ကတော့ ပြန်ရဲမှာ မဟုတ်ဘူး။ နောက်မှ ကျွန်တော်တို့ ကြားတာက နေရပ် ပြန်တာကို ကေအိုင်အိုဖက်က ရာနှုန်းပြည့် သဘောတူတာမဟုတ်ဘူး။ နမ့်ဆန်ယန် ကျေးရွာ နေရပ် ပြန်တဲ့ဖြစ်စဉ်က တစ်ချို့ အဖွဲ့ အစည်းတွေအတွက် သဘောထား ကွဲလွဲစရာ ဖြစ်နေတယ်။ ဘယ်လို အကြောင်းကိစ္စပဲဖြစ်ဖြစ် ကျနော်တို့ကတော့ အိမ်ပြန်ဖို့ ဖြစ်နိုင်တဲ့ အခွင့်အရေးလေးကို လက်လွှတ် မခံနိုင်ဘူး။ သက်ဆိုင်ရာ လူကြီးတွေ ကနေပြီးတော့ ကျွန်တော်တို့ လုံခြုံရေးကို အာမခံချက် ပေးနိုင်မလား ဆိုတာကတော့ သူတို့ အပိုင်းပဲ။ သူတို့ ပေးနိုင်ရင်တော့ ကျွန်နော်တို့လည်း လက်ခံယူရုံပဲ၊ မပေးနိုင်ရင်လည်း မရရုံပေ့ါ။ သူတို့အနေနဲ့ လုံခြုံရေး အာမခံချက် မပေးနိုင်ဘူး ဆိုရင်လည်း ကျွန်တော်တို့က ဝမ်းနည်း နေမှာမဟုတ်ဘူး။ ကျွန်တော််တို့ ကိုယ်ကိုယ်ကို အားကိုးရမှာပဲ။ ကျနော်တို့ ကံကြမ္မာအတွေက် တစ်ခြားလူ အပေါ်မှာ မှီခိုလို့ မရဘူးလေ။" (တစ်ဦးချင်း မေးမြန်းမှု Code NSY 2058 2019)*

ထိုနည်းတူ အခြား အမျိုးသားတစ်ဦးမှလည်း ဂုဏ်သိက္ခာရှိခြင်း သတ်မှတ်ချက် နှင့် ပတ်သက်ပြီး နားလည်မှုကို မေးမြန်းရာတွင် ဖြေကြားသည်မှာ၊

*"ဂုဏ်သိက္ခာဆိုတာ ကိုယ့်ဘာသာ ဖန်တီးယူရတာ။ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ပြန်ပေးဖို့ သူတို့ (အာဏာပိုင်များ) ကို စောင့်နေလို့ မဖြစ်ဘူးလေ။" (၂၀၁၉ ဩဂုတ်လ ၁၄ ရက် တွင် ပြုလုပ်သော FDG)*

ဤသုံးသပ်ချက်က အချို့စစ်ရှောင်များ အဘယ်ကြောင့် နမ်ဆန်ယန်ကျေးရွာသို့ နေရပ်ပြန်လို ကြသည့် အကြောင်းရင်းများကို ကနဦး သိမြင်စေနိုင်သည်။ အစီရင်ခံစာ၏ လာမည့်အပိုင်းတွင် နေရပ် ပြန်လာပြီးသူများ၏ အတွေ့အကြုံများနှင့် သူတို့တွေ့ကြုံနေရစဲ အခက်အခဲများအား ဆက်လက်စူးစမ်းသွားမည်။

## ၄။ အဓိက တွေ့ရှိချက်များ

### ၄.၁။ ပြန်လည်အခြေချနေထိုင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း

ဤသုတေသန အခြေအနေအရ၊ နမ်ဆန်ယန်သို့ ပြန်လာကြသော နေရပ်ပြန်များကို အမျိုးအစားခွဲထားရန်လိုပါမည်။ စာရင်းတွင်မပါသော အိမ်ထောင်စုများသည်လည်း ရွာထဲတွင်နေထိုင်ကြသကဲ့သို့၊ စာရင်းတွင်ပါသော်လည်း ရွာထဲအိမ်ပြန်မနေကြသော အိမ်ထောင်စုများလဲရှိသည်။[၉] အမှန်တကယ် ရွာထဲတွင် အိမ်ပြန်နေထိုင်ကြသောစာရင်းနှင့် တရားဝင်ထည့်သွင်းထားသော လူဦးရေစာရင်းကွာဟနေခြင်းမှာ၊ ယခုနေရပ်ပြန်ဖြစ်စဉ်သည် ရှုပ်ထွေးသော ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း ဖော်ပြနေပါသည်။ ဤသုတေသန လေ့လာမှုသည် ဩဂုတ် ၂၀၁၉ အထိ နမ်ဆန်ယန်သို့နေရပ်ပြန်လာကာ အမြဲတမ်းနေထိုင်သော အိမ်ထောင်စုများကို အဓိက ဦးတည်ထားပါသည်။

ပထမအသုတ် "နေရပ်ပြန်လာကြသူများ" ဟုသမုတ်ခံရသူများတွင် အိမ်ထောင်စု ၁၇ စုပါဝင်ပြီး၊ စစ်ဖြစ်ကတည်းက နမ်ဆန်ယန်တွင် နေမြဲနေခဲ့ကြသူများပင် ဖြစ်သည်။ အိမ်ထောင်စု ၁၈ ၂၈ မှလွဲ၍၊ ဤအုပ်စုတွင်ပါဝင်သူအများစုမှာ နောက်ပိုင်းပြန်လာကြသူများထက် အခြေအနေကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဤအုပ်စုသည် စစ်မဖြစ်မီက လိုင်ဇာနှင့် ဗန်းမော်ကြား ကုန်ကူးသွားလာ စီးပွားရှာကြသူများ ဖြစ်သဖြင့်၊ ထိုသို့ကုန်စည်နှင့် လူများဆက်လက်စီးဆင်း ကူးလူးသွားလာနိုင်ရန် လိုလားသောသူများဖြစ်သည်။ လူအချို့ ပြောကြသည်မှာ၊ ထိုအုပ်စုသည် အာဏာပိုင်များနှင့်လည်း အဆက်အသွယ်ရှိကြသဖြင့်၊ နေရပ် ပြန်ခြင်းဖြစ်စဉ်ဖြစ်မြောက်ရန် အဓိက ကြိုးကိုင်သူများဖြစ်ကြသည် ဟုသည်။

ဒုတိယနှင့် တတိယအသုတ် နေရပ်ပြန်လာကြသူများသည် အမှန်တကယ် အိုင်ဒီပီများဖြစ်ကြသည်။ ထိုအုပ်စုများထဲတွင် အချို့မှာ အိမ်ထောင်စုစာရင်း (ပုံစံ ၁၀) များ စစ်တွင်း ပျောက်ဆုံးကုန်သဖြင့် အခြားအိမ်ထောင်စုအောက်တွင် စာရင်းထည့်ကြသည်။ မိမိတို့၏အိမ်ထောင်စုအရ စာရင်းသွင်းခြင်း မပြုလုပ်နိုင်သဖြင့် (ပုံစံ ၁၀ မရှိသောကြောင့်)၊ ပို၍အခက်အခဲများကြုံတွေ့ရသည်။ စာရင်းမရှိခြင်းကြောင့် အထောင့်အပံ့မရကြသဖြင့် နမ်ဆန်ယန် နေရပ်ပြန် အိုင်ဒီပီများထဲမှ အခက်ခဲဆုံး ကြုံတွေ့ရသူများ ဖြစ်ကြသည်။

စစ်မဖြစ်မီက နမ်ဆန်ယန်တွင် အိမ်ထောင်စု ၂၀၀၀ ကျော်နေထိုင်ခဲ့ကြပြီး၊ မြစ်ကြီးနားနှင့် လိုင်ဇာ၏ လမ်းခုလတ်တွင်ရှိပြီး မဟာဗျူဟာအရ အရေးပါသော စီးပွားရေး၊ လူမှုရေး ထွန်းပြောင်စည်ပင်သော မြို့ငယ်လေးဖြစ်ခဲ့သည်။ လူမျိုးစုံလင်ကာ ကျောက်ဆည်အထိ ဝေးကွာသောဒေသမှ ရွှေပြောင်းလုပ်သားများအထိ ရှိကြသည်။ နမ်ဆန်ယန်အနီးဝန်းကျင်တွင် မြေဩဇာကောင်းမွန်သော စိုက်ပျိုးမြေများရှိပြီး၊ စိုက်ပျိုးရေးကဏ္ဍအားကောင်းခဲ့ပါသည်။ ခေတ်ကောင်းခဲ့သော ကာလများအကြောင်းကို နေရပ်ပြန် အိုင်ဒီပီတစ်ဦးမှ ပြန်ပြောင်းသတိရကာ ဤသို့ ပြောပြခဲ့ပါသည်။


> *"ကျွန်တော်ကတော့ ဒုတိယအသုတ်က လူပြည့်သွားတော့၊ တတိယအသုတ်နဲ့ ပြန်လာခဲ့ပါတယ်။ အရင်တုန်းကဆိုရင် နမ်ဆန်ယန်မှာ နေ့နေ့ညည ဆိုင်ကယ်ဖြတ်သွားတဲ့အသံတွေ ညံနေအောင်ကြားရပါတယ်။ မြို့လေးဟာ အသက်ဝင်လှုပ်ရှားနေပြီး နေ့နေ့ညည လူလည်းစည်ကားခဲ့ပါတယ်။ အဲဒီဘက်ခြမ်းကိုတွေ့လား၊ အဲဒီဆိုင်တန်းတွေဆိုရင် ပွဲဈေးတန်းတမျှ စည်ကားခဲ့တဲ့နေရာတွေပဲ။ နေ့တိုင်းပွဲလိုပဲစည်ကားခဲ့တာ။ အခုဘယ်လိုခံစားရလဲဆိုတာ ပြောရမယ်ဆိုရင်၊ တစ်ရွာလုံး ချုံနွယ်ပိတ်ပေါင်းတွေဖုံးလွှမ်းနေတာ မြင်ရတော့ ဝမ်းနည်းမိပါတယ်။ ပူဆွေးဆုံးရှုံးမှုတွေဆိုတာ ကျွန်တော်တို့အားလုံးကို ညီတူညီမျှ သက်ရောက်ခဲ့ပါတယ်။ များများရှိတဲ့လူက များများဆုံးရှုံးတယ်၊ နည်းနည်းရှိတဲ့လူက နည်းနည်းရှုံးတယ်။ ဘယ်သူမှ ကိုယ့်ပစ္စည်းဥစ္စာမဆုံးရှုံးချင်ပါဘူး။" (တစ်ကိုယ်တော် မေးမြန်းမှု Code NSY 2058 2019)*

[၉]စာရင်းကို ကျေးရွာ အုပ်ချုပ်ရေးမှူးမှကောက်ယူပြီး တပ်မတော်နှင့် ကချင်ပြည်နယ် အစိုးရထံသို့ တင်ပြသည်။

## ပစ္စည်းဥစ္စာများဆုံးရှုံးရခြင်းနှင့် အိုးအိမ်များပျက်စီးခြင်း

ပုံ (၃) တွင်ပြထားသည့်အတိုင်း၊ ဤသုတေသနလေ့လာမှုမှ ခန့်မှန်းသုံးသပ်သည်မှာ၊ စစ်ပွဲအတွင်း နမ်ဆန်ယန်ဒေသ အတွင်းပျက်စီးသွားသော အိမ်များ၏ ကာလတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၇၀၇၅၀၀) ခန့်ရှိမည်ဟု တွက်ချက်ရပါသည်။ ဤကိန်းဂဏန်းမှာ အိမ်ပျက်စီးမှု တန်ဖိုးသက်သက်ကိုသာ ဖော်ပြနိုင်ပါသည်။ လူမှုရေးရာ၊ မျိုးဆက်ရေး၊ စီးပွားရေးဆုံးရှုံးရမှုတန်ဖိုးများ မပါဝင်သေးပါ။[၄]

နေရပ်ပြန်လာအခြေချရာတွင် ငွေ(ကျပ်)အားဖြင့် ကူညီထောက်ပံ့ပေးသည့် အဖွဲ့အစည်းများနှင့် ထောက်ပံ့ငွေ စုစုပေါင်းပြဇယား





| | အစိုးရ | NGOs | ဘာသာရေးအဖွဲ့အစည်း | တပ်မတော် | မိမိ |
|---|---|---|---|---|---|
| ၅သောင်း | 100,000 | | | | |
| ၁သိန်း | 300,000 | | | 600,000 | |
| ၁သိန်းခွဲ | 150,000 | 150,000 | | | |
| ၂သိန်း | 4,600,000 | 200,000 | | 1,800,000 | |

ဇယား (၃)

အိမ်ခြေလေ့လာမှုစစ်တမ်းအရ သိရှိရသည်မှာ နေရပ်ပြန်လာကြသော အိုင်ဒီပီများသည် ပြန်လည်တည်ဆောက်ရေးအတွက် အိမ်ထောင်စု ၃၄စုမှ ရရှိသော အထောက်အပံ့စုစုပေါင်းမှာ (၅၈၅၀၀၀ ကျပ် (သို့) အမေရိကန်ဒေါ်လာ ၃၈၅၀ ခန့်)မျှသာရှိသည်။ ပုံ (၄)တွင်ပြထားသည့်အတိုင်း အင်ဂျီအိုအိုင်အင်ဂျီအိုများမှာ နမ်ဆန်ယန် နေရပ်ပြန် ဖြစ်စဉ်တွင် မသေချာ၊ မရေရာမှုများရှိသည့်အတွက် ပါဝင်မှုမရှိကြပေ။ မြန်မာကြက်ခြေနီအသင်းကမူ ပြန်ရောက်လာသူများအတွက် တစ်အိမ်ထောင်လျှင် ကျပ် ၂၀၀၀၀၀ မှ ၃၀၀၀၀၀ ကြား အသေးစားချေးငွေများကို ထုတ်ချေးခဲ့ကြပါသည်။ ဖြေဆိုသူများ၏ ဖြေကြားချက်များအရ အစိုးရနှင့် တပ်မတော်မှရရှိသော အထောက်အပံ့သည် မည်ကာမတ္တ မျှသာရှိပြီး၊ ၎င်းတို့၏ နေ့စဉ်ဘဝဝမ်းရေး နှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် မိမိကိုယ်မိမိသာ အားကိုးနေရကြောင်း ဖြေကြားပါသည်။

[၄]စစ်မဖြစ်ခင်က ရှိခဲ့သောပိုင်ဆိုင်မှုတန်ဖိုးကို မေးမြန်းရာ အိမ်ခြေ ၄၄ ခုသာတွက်ချက် ဖြေဆိုနိုင်ခဲ့သည်။ ထို ၄၄ အိမ်ခြေ၏ အဖြေကိုစုစုပေါင်းထားသော တန်ဖိုးသာဖြစ်သည်။

### ပြန်လည်နေရပ်အခြေချရာတွင် ထောက်ပံ့ကူညီသောအဖွဲ့အစည်းနှင့် ရရှိသော အထောက်အပံ့ပစ္စည်းများပြဇယား




| | အစိုးရ | NGOs | ဘာသာရေးအဖွဲ့ | တပ်မတော် | မိမိ | အခြား |
|---|---|---|---|---|---|---|
| ဝါး | | | | | 180 | |
| ဘိလပ်မြေ | | | | | 50 | |
| သံကျောက် | | | | | 50 | |
| မျဉ် | | | | | 50 | |
| အုတ် | | | | | 50 | |
| သွပ် | 580 | | | 405 | | |

ဇယား (၄)

လောလောဆယ် အိုင်ဒီပီ အများစုမှာဖြစ်သလို ဆောက်လုပ်ထားသော ဝါးအိမ်များတွင် နေထိုင်ကြသည်။ အိမ်ခြေလေ့လာမှုစစ်တမ်း အရတွေ့ရှိရသည်မှာ နမ်ဆန်ယန်ရှိ အိမ်အများစုသည် အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်လျက်ရှိသည် (မြေပုံ၁ နှင့် ၂)။ စစ်တမ်းဖြေဆိုရာတွင် ပြန်လည်ပြုပြင် ဆောက်လုပ်ရန် အနည်းအကျဉ်းသာလိုသည် ဟု ဖြေဆိုသူ ဆယ်ဦး၊ အိမ်၏ ၅၀% ခန့်ပြုပြင် ဆောက်လုပ်ရန်လို ဟုဖြေဆိုသူ ၆ ဦး၊ အိမ်တစ်ခုလုံးနီးပါး ပြုပြင်ဆောက်လုပ်ရန်လို ဟု ဖြေဆိုသူ ၂၈ ဦးရှိပြီး၊ အိမ်အခြေအနေနှင့် ပတ်သက်၍ မဖြေဆိုလိုသူ ၂၆ ဦး ဖြစ်သည်။



**မြေပုံ (၁)၊ ၂၀၁၄ ဇန္နဝါရီ ၆ ရက် နမ်ဆန်ယန်ရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)။ စစ်ပွဲ ၄ နှစ် ကြာပြီးနောက် ပြောင်းလဲမှု အအခြေအနေ**




**မြေပုံ (၂)၊ ၂၀၁၈ ဇန်နဝါရီ ၁၂ ရက် နမ်ဆန်ယန်ရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)။ စစ်ပွဲ ၈ နှစ် ကြာပြီးနောက် ပြောင်းလဲမှု အခြေအနေ**

ထိုလေ့လာတွေ့ရှိချက်များ အရသိရှိရသည်မှာ နေရပ်ပြန် အိုင်ဒီပီများအတွက် လုံခြုံပြီး စိတ်ချရသော နေအိမ်များ ပြုပြင်ဆောက်လုပ်ရန် (သို့) ပြန်လည်တည်ဆောက်ရန်၊ အထူးသဖြင့် စစ်ကြောင့် အကြီးအကျယ် ပျက်စီးသွားခဲ့သော နမ်ဆန်ယန် ကဲ့သို့သော မြို့ရွာ များ အပူတပြင်း လိုအပ်နေပြီဖြစ်ကြောင်း၊ တို့ဖြစ်သည်။

### နေရပ်ပြန်လာနေထိုင်ရန် စေ့ဆော်ချက်နှင့် ပြင်ဆင်ခြင်း


အထောက်အပံ့များ ကောင်းစွာမရရှိမှုမှအပ၊ အိုင်ဒီပီများသည် မိမိတို့ နေရပ်ပြန်လျှင် တွေ့ကြုံရမည့် အခက်အခဲများကို ကြိုတင်မှန်းဆနိုင်သော်လည်း၊ ပြန်ရမည်ကို အချိန်တိုအတွင်း သာသိရှိရသဖြင့်၊ ပြင်ဆင်ချိန်လည်း မရကြပေ။ အိမ်ခြေလေ့လာမှုစစ်တမ်းအရ ဖြေကြားသူ ၇၀ လျှင် ၅၁ ယောက်က နေရပ်ပြန်လျှင် တွေ့ကြုံရမည့် အခက်အခဲများကို ကြိုတင်မှန်းဆနိုင်ကြောင်း ဖြေကြားကြပြီး၊ ကျန်သော ၁၉ ယောက်သာ မမှန်းဆနိုင်ကြောင်း ဖြေကြသည်။ ၁၁ ယောက်က မပြန်ခင်ပြင်ဆင်ချိန်ရကြောင်းဖြေကြားပြီး၊ ၄၂ ယောက်က တွေ့ကြုံရမည့်အခက်အခဲများကို သိသော်လည်း ပြင်ဆင်ချိန်မရကြောင်း ဖြေကြားသည်။ အချို့က ဖြေကြားသည်မှာ၊ ပိုမိုကောင်းမွန်သော စီးပွားရေးအခွင့်အရေးများ ရရှိမည်ဟုထင်ပြီး၊ အိုင်ဒီပီစခန်းများတွင် လူသားချင်း စာနာအထောက်အပံ့ကို မှီခိုနေရခြင်းမှ လွတ်မြောက်မည်ဟုယူဆပြီး နေရပ်ပြန်လာခြင်းဖြစ်သည်ဟု ဖြေကြားသည်။

နေရပ်ပြန်လာလျှင် တွေ့ကြုံရမည့် အခက်အခဲများကို သင်ကြိုတင် မှန်းဆမိပါသလား




ဇယား (၅)

နေရပ်ပြန်လာစဉ် ကြုံတွေ့ရသော အခက်အခဲများအတွက် လုံလောက်စွာ ပြင်ဆင်မှုရှိခဲ့သည်ဟု ခံစားမိပါသလား။




ဇယား (၆)

အသက် ၆၀ အရွယ် ယခင် လယ်လုပ်သူ အမျိုးသားတစ်ဦးမှ ဖြေကြားသည်မှာ

> *"အိုင်ဒီပီစခန်းမှာ ၇-၈ နှစ်လောက်နေလာခဲ့ရတာ တော်တော်စိတ်ကုန်လာပါပြီ။ ငါတို့အသက်ကြီးတဲ့လူတွေ ရွာမှာနေတုန်းက မရှိတဲ့သွေးတိုးရောဂါ လည်းရှိလာခဲ့တယ်။ မနှစ်တုန်းက ခရစ္စမတ်မှာ ဖာသာတွေက ရွာပြန်လာနိုင်မယ့် အခွင့်အလမ်းအကြောင်း ပြောလာတော့၊ ရွာပြန်လာနေရင် ကျန်းမာရေးပိုကောင်းလာပြီး၊ နောက်နှစ်အတွက် စပါးလည်းစိုက်လာနိုင်မယ် ထင်လို့ပြန်လာခဲ့တာပါ။" (တစ်ကိုယ်တော် မေးမြန်းခြင်း code NSY 2002 2019)*

အသက် ၄၈ နှစ်အရွယ်ရှိ ယခင်လယ်သမား အမျိုးသားတစ်ဦးကလည်း ယခုလိုပြောပြခဲ့ပါသည်။

> *"ကျွန်တော်ပြန်လာရတဲ့ အကြောင်းရင်းတွေကတော့ အိုင်ဒီပီစခန်းမှာဆိုရင် ထင်းတွေထားဖို့ နေရာလည်းမရှိပါဘူး။ အိပ်ရာအောက်မှာထားရပါတယ်။ အိပ်ရင်လည်း နေရာသေးသေးလေးမှာ တစ်မိသားစုလုံး ကြပ်ညှပ်ပြီးအိပ်ရပါတယ်။ အလုပ်အကိုင်လည်း ရှာရခက်ခဲပါတယ်။ ဒီအတိုင်းပဲ ဆက်နေနေလို့တော့ ကျွန်တော်တို့မိသားစုအတွက် မဖြစ်ဘူး။ ဒါနဲ့ အိမ်ပြန်လာလို့ရပြီ ဆိုတဲ့သတင်းကြားတော့ ပြန်ဖို့ ဆုံးဖြတ်လိုက်တာပါ။"* (တစ်ကိုယ်တော် မေးမြန်းခြင်း code NSY 2004 2019)

## လူမှုစိတ်ပိုင်းဆိုင်ရာနှင့် အသက်မွေးမှု အခက်အခဲများ

နေရပ်ပြန်လာသူများ၏ အသက်မွေးမှုလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် ဘက်ပေါင်းစုံမှ တိုးတက်မှုရှိရန်အတွက် ရုပ်ပိုင်းဆိုင်ရာနှင့် အဆောက်အအုံ ပိုင်းဆိုင်ရာများ ထူထောင်ခြင်းသာမက၊ စိတ်ဓါတ်ခွန်အားများကိုလည်း ပြန်လည်ထူထောင်ပေးရန် လိုအပ်လျက်ရှိသည်။ ပြန်လာသူများက နေရပ်ပြန်လာခြင်းသည် အိုင်ဒီပီစခန်းများတွင် နေထိုင်ရခြင်းထက်ပို၍ အဆင်ပြေမည်ဟု ယူဆကာ နေရပ်ပြန်လာခြင်းဖြစ်သော်လည်း၊ မိမိတို့ ဖြေရှင်း၍မရသော အခြေခံအခက်အခဲများနှင့် စိတ်ပိုင်းဆိုင်ရာ အခက်အခဲများကို ဆက်လက်ရင်ဆိုင်ကြရသည်။[၅] မိမိတို့၏ ပိုင်ဆိုင်မှုများနှင့် ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများကြောင့်ရရှိသော စိတ်ဒဏ်ရာများသည် ပြန်လာသူတို့၏စိတ်ထဲတွင် ကြီးကြီးမားမား ရှိနေကြသည်။

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့မှ လာရောက်နေထိုင်ပြီး၊ ယခင်က ကုန်သည်နှင့် ရွှေကျင်းလုပ်ကိုင်သူ အမျိုးသမီးမှ လုပ်ငန်းတစ်ခုစတင်ရန် မငွေမရဲဖြစ်သွားပုံကို ယခုကဲ့သို့ ပြောပြပါသည်။


> *"မကြာခင်ကပဲ၊ အရင်တုန်းက သူငယ်ချင်းတစ်ယောက်က မေးတယ်၊ ဆန်ဆိုင်ဖွင့်မလား၊ လိုအပ်ရင် အရင်းအနှီး ထုတ်ပေးမယ်ဆိုပြီး ကမ်းလှမ်းလာတယ်။ ကျွန်မက ဆန်ကုန်သည်တွေနဲ့လည်း အကျွမ်းတဝင်ရှိတယ်။ ဒါပယ်မဲ့ သူ့ရဲ့ကမ်းလှမ်းချက်ကိုလက်ခံပြီး ဆိုင်မဖွင့်ရဲဘူး။ စစ်မဖြစ်ခင် ကတည်းက အကြွေးတွေတောင် ခုထိဆပ်လို့မကျေသေးဘူး။ အခုဆိုင်ဖွင့်ပြီး၊ စစ်ပြန်ဖြစ်ရင် အကြွေးနှစ်ထပ်တင်တော့မှာ။ ဒါကြောင့် လောလောဆယ်တော့ ဒီငက်ပျောစိုက်ခင်းထဲမှာပဲ နေ့စားအနေနဲ့ပဲ လုပ်နေတယ်" ( တစ်ကိုယ်တော် မေးမြန်းမှု Code 2060 2019)*

ထိုသို့သောအမြင်များသည် ပြန်လည်ရောက်ရှိလာသောသူများ မိမိကိုယ်မိမိယုံကြည်မှု ပြန်လည်တည်ဆောက်ရန်နှင့် ဆုံးရှုံးမှုမှ ပြန်လည်ကုစားနိုင်ရန် အခက်အခဲများကို ဖော်ပြလျက်ရှိသည်။ စစ်ပွဲကာလအတွင်း စိတ်ဒဏ်ရာရမှုနှင့်၊ အိုင်ဒီပီစခန်းများတွင် ၈ နှစ် ကျော်ကြာ သီးခြားနေထိုင်ခဲ့ရသော အတွေ့အကြုံများသည် အိုင်ဒီပီများ၏ မိမိကိုယ်မိမိ ထင်မြင်ယူဆမှုစိတ်ကို ထိခိုက်စေခဲ့ပြီး အနာဂတ်အတွက်လည်း အကောင်းမမြင်နိုင်မှုနှင့် မျှော်လင့်ချက်မဲ့စေခဲ့သည်။


---

[၅] ထိုသို့အခြေခံ အဆောက်အအုံများ၏ မျက်နှာသာမပေးမှုအကြောင်း သုံးသပ်ချက် အသေးစိတ်အကြောင်း "အသက်မွေးလုပ်ငန်း" အပိုင်းတွင်ရှုပါ။

နမ်ဆန်ယန်သို့ ပြန်လာကြသူများအတွက် ဤသုတေသနမှ တွေ့ရှိရသည်မှာ သူတို့၏ လူနေထိုင်မှုအဆင့်အတန်းကို ချိန်ကြည့်လျှင် စစ်မဖြစ်မီကထက်၊ ယခုနေရပ်ပြန်လာချိန်တွင် လွန်စွာ နိမ့်ကျနေသည်ကို တွေ့ရှိသည်။ နမ်ဆန်ယန်တွင် လျှပ်စစ်မီတာ မရှိသော်လည်း (ပုံ ၇ နှင့် ၈ တွင် ပြထားသည့်အတိုင်း)၊ စစ်မဖြစ်မီတွင် ၃၁.၃၄% (၂၂ အိမ်ထောင်) က ကိုယ်ပိုင်မီးစက်များ ရှိကြသည်။ ရှစ်နှစ်အကြာ၊ ယခု အိမ်ပြန်လာချိန်တွင် ၇.၁၄% (၅ အိမ်ထောင်) သာ ကိုယ်ပိုင်မီးစက် ရှိကြသည်။ လျှပ်စစ်မီးရရှိမှု ၂၄.၂% ကျဆင်းမှုဖြစ်သည်။ လျှပ်စစ်မီးမရကြသဖြင့် အိမ်ထောင်အများစုမှာ အလင်းရရန် ဖယောင်းတိုင်များ အသုံးပြုကြသည်။ စစ်မဖြစ်မီတွင် ၂၈.၅၇% (၂၀ အိမ်ထောင်) သာ အလင်းရောင်အတွက် ဖယောင်းတိုင် သုံးကြသော်လည်း၊ ယခုတွင် ၅၄.၂၉ % (၃၈ အိမ်ထောင်) အထိ နေအိမ်အလင်းရောင်အတွက် ဖယောင်းတိုင်ကို အသုံးပြုကြရသည်။




ဇယား (၇)




ဇယား (၈)

ယခုလက်ရှိ လူနေထိုင်မှု အခြေအနေကို မေးမြန်းရာ၊ ဦးတည်အုပ်စုဆွေးနွေးပွဲတွင် ပါဝင်ဖြေကြားသူ တစ်ဦးမှ ယခုကဲ့သို့ရှင်းပြပါသည်။

*"ကျွန်တော်ကတော့ နမ်ဆန်ယန်ကို ဖုန်းလိုင်းတွေ၊ လျှပ်စစ်မီးတွေရပြီး အရင်တုန်းကလိုပဲ ပြန်ဖြစ်စေချင်ပါတယ်။ အရင်တုန်းကတော့ နားလုံ့ရွာ (နမ်ဆန်ယန် အနီးမှရွာ) ဟာသိပ်မဖွံ့ဖြိုး ခဲ့ပေမဲ့ အခုတော့ ဖွံ့ဖြိုးနေပါပြီ။ အခုကျွန်တော်တို့ကတော့ အလင်းရဖို့ ဖယောင်းတိုင်သုံးရတဲ့ အခြေအနေကို ရောက်နေပြီ။ တချို့ကတော့ ဆိုင်ကယ်ဘက်ထရီနဲ့ အားသွင်းရတဲ့ ဆိုလာပြားတွေကို လည်းသုံးကြပါတယ်။ ဖုန်းလိုင်းလဲ မရှိတဲ့အတွက် ဆက်သွယ်ရေးအတွက် အခက်အခဲတွေရပါတယ်။ တရုတ် ဆင်မ်းကဒ်တွေဝယ်သုံးဖို့လည်း မတတ်နိုင်ပါဘူး။ ယွမ် ၅၀ ထည့်ထားရင် အများဆုံး ၂ပတ် ပဲခံပါတယ်။ ရွာထဲမှာလည်း လွတ်လွတ်လပ်လပ် သွားလာချင်ပါတယ်။ ပြန်လာသူတွေရဲ့ အိမ်တစ်ချို့က အခြေအနေကောင်းတယ်လို့ ထင်ရပေမဲ့၊ ခေါင်မိုးတွေက မိုးတွေယိုနေပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးက သွပ်မိုးတွေ တစ်အိမ်ကို ၂၅ ခု ဝေပေးပါတယ်။ ဒါပေမဲ့ တစ်ချို့တော့ မရကြပါဘူး။"[6] (၁၃ ဩဂုတ် ၂၀၁၉ တွင်ပြုလုပ်သော ဦးတည်အုပ်စု ဆွေးနွေးပွဲ)*

နေရပ်ပြန်လာခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းဖြစ်စဉ်တွင် ကြုံတွေ့ရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် နေရပ်ပြန်သူများမှ နေရပ်သို့ ပြန်လည်အခြေချနေထိုင်ခြင်းနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီကိုဖွဲ့စည်းခဲ့ပြီး ၆ မေလ ၂၀၁၉ တွင် ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံသို့ အသနားခံလွှာ တစ်စောင်ပေးပို့ခဲ့သည်။[7] ထိုစာတွင် ပြန်လည် အခြေချ နေထိုင်ကြသော ရွာသားများ လတ်တလော အရေးတကြီးလိုအပ်သည့် အကူအညီများကို ဖော်ပြထားပြီး အစိုးရမှ အကူအညီပေးရန် လိုအပ်ချက် ၇ ချက်ကို တောင်းဆိုထားသည်။ ထိုအချက် (၇) ချက်မှာ (၁) ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်အတွက် အစိုးရ အလယ်တန်းကျောင်းကို ပြန်လည် ဖွင့်လှစ်ပေးရန်၊ (၂) ရွာဆေးပေးခန်းကို ပြန်လည်ဖွင့်လှစ်ပေးရန်၊ (၃) ပျိုးကြဲရန် ရာသီမစမီ ထွန်ယက်စိုက်ပျိုးနိုင်သော မြေဧက ၅၀ ဧက ချထားပေးရန်၊ (၄) ရွာသားများ၏ အိမ်များ ပြန်လည်ဆောက်လုပ်ရန် လိုအပ်သော ပစ္စည်းများချထားပေးရန်၊ (၆) ရွာလမ်းကို ပြန်လည် ဖောက်လုပ်ပေးရန် (၇) လျှပ်စစ်မီးရရန် ပြုလုပ်ပေးရန်။ (ကချင်ပြည်နယ် အစိုးရသို့ ၆ မေ ၂၀၁၉ တွင်ပေးပို့သော အသနားခံစာ)။[7] စက်တင်ဘာ ၂၀၁၉ အထိ၊ အစိုးရနှင့် တပ်မတော်မှ ပထမ ၂ ချက်ကိုသာ ဖြည့်ဆည်းနိုင်သေးသည်။

## ၄.၂။ အသက်မွေး ဝမ်းကျောင်းမှု

စစ်ရှောင်များ နေရပ်ပြန်ရေး ရေရှည် တည်တံ့ ခိုင်မြဲမှုသည် နေရပ် ပြန်လာသူများ မိမိတို့၏ အသက်မွေးမှုကို မည်မျှ အောင်မြင်အောင် ပြန်လည်တည်ဆောက်နိုင်သည်ဆိုသည့် အချက်ပေါ်တွင် တည်မှီနေသည်။ ဤသုတေသနက နေရပ် ပြန်လာသော ရွာသားများ အနေဖြင့် တွေ့ကြုံရသော အခက်အခဲများ အားလုံးတွင် အသက်မွေးမှုကို ပြန်လည် တည်ဆောက် ယူခြင်းသည် အထင်ရှားဆုံးဖြစ်သည်ကို တွေ့ရှိရသည်။

ဤသုတေသန အစီအစဉ်တွင် နေရပ် ပြန်လာသူများ တည်တံ့ခိုင်မြဲသော သက်မွေးဝမ်းကျောင်းမှု ရရှိအောင် ပြန်လည် တည်ဆောက်ယူရာတွင် တွေ့ကြုံရသော အခက်အခဲများကို လေ့လာဆန်းစစ်ထားပြီး ယင်းအတွေ့အကြုံ များက အသက်အရွယ်၊ ကျား-မ၊ နှင့် အလုပ်အကိုင် စသည်တို့ပေါ် မူတည်ပြီး မည်သို့ကွဲပြား ခြားနားသည်၊ ယခင် စိုက်ပျိုးရေး လုပ်ခဲ့သော စိုက်ပျိုးရန် သင့်တော်သည့်မြေယာများ မည်မျှပျက်စီးသွားသည် သို့မဟုတ် လုံခြုံရေး အခြေအနေအရ တပ်မတော်မှ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားသည်တို့ကို ထဲထဲဝင်ဝင် စူးစမ်းထားသည်။


---

[6] ထိုသို့ အချို့ အိမ်ထောင်စုများ အထောက်အပံ့ ပစ္စည်းများ မရရှိ ခြင်းမှာ ယင်းတို့တွင် အိမ်ထောင်စုစာရင်း မရှိသောကြောင့် အစိုးရ၏ စာရင်းတွင် မပါဝင်ခြင်းကြောင့် ဖြစ်သည်။

[7] နောက်ဆက်တွဲ ၁ တွင်ကြည့်ရန်

ပထမဆုံး အသက်အရွယ်ကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ဇယား(၉) တွင် ဖော်ပြထားသည့်အတိုင်း နေရပ်ပြန်လာသူများ၏ ပျမ်းမျှအသက်မှာ ၅၂ နှစ် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပျမ်းမျှ လူ့သက်တမ်း ၆၆.၈ နှစ် ကို ယှဉ်ကြည့်သော် နေရပ်ပြန်လာသူ အများစုမှာ ဇရာအကျပိုင်းသို့ ရောက်ရှိနေပြီဖြစ်သည်။ သုတေသန ပြုလုပ်သူများမှ လေ့လာရာတွင် အထက်တန်းကျောင်းများတွင် ပညာသင်နေသူများမှအပ နမ့်ဆန်ယန်တွင် လူငယ်ပိုင်း အနည်းငယ်သာ ရှိသည်ကို လေ့လာမှတ်သား မိကြသည်။ နေရပ် ပြန်လာသူများတွင် အသက်အရွယ် ကြီးရင့်သူ များပြားနေခြင်းက စစ်ရှောင်လူထု လူငယ်ပိုင်း အကြားတွင် နမ့်ဆန်ယန် ကျေးရွာနေရပ် ပြန်ခြင်းသည် ဆွဲဆောင်မှု ရှိသော ရွေးချယ်စရာ မဟုတ်သည်ကို ပြသရာလည်း ရောက်နိုင်သည်။ စိတ်တိုင်းကျ သက်မွေးဝမ်းကျောင်းမှုကို ရွေးချယ်စရာ နည်းပါးခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။


**ဖြေဆိုသူများ၏ အသက်အရွယ် အပိုင်းအခြား**




ဇယား (၉)


ကျား-မ နှိုင်းယှဉ်ချက်ကို ကြည့်မည်ဆိုပါက နေရပ် ပြန်လာသူ ဇယား (၁၀) တွင် ဖော်ပြ ထားသကဲ့သို့ပင် အများစုမှာ အမျိုးသမီးများ (၅၈.၅၇%) ဖြစ်ကြသည်။ သို့သော် လက်ရှိ နမ့်ဆန်ယန် ကျေးရွာတွင် ရရှိနိုင်သော အလုပ်အကိုင် များမှာ အမျိုးသမီးများအတွက် အထူးသင့်တော်သည့်အရာများ မဟုတ်ပေ။ ဇယား (၁၁) တွင် ဖော်ပြ ထားသကဲ့သို့ပင် နေရပ် ပြန်လာသူ အများစုမှာ မိမိတို့ အသက်မွေးဝမ်းကျောင်းမှုကို တည်တံ့အောင် တည်ဆောက်ယူနိုင်ခြင်း မရှိကြပေ။ နေရပ် ပြန်လာသူအများစုတွင် အမျိုးသမီးများနှင့် သက်ကြီး ရွယ်အိုများ ဖြစ်ကြသော်လည်း သူတို့မှာ နေရပ် ပြန်လာချိန် မိမိကိုယ် သီးသန့်ရပ်တည်နိုင်မှု နှင့် ချိန်ထိုးကြည့်လျှင် အနည်းဆုံးအဆင့် အောင်မြင်သူများ ဖြစ်ဟန်တူသည်။

## ဖြေဆိုသူများ၏ ကျား၊ မ ပါဝင်မှု




ဇယား (၁၀)


## ဖြေဆိုသူများ၏ အလုပ်အကိုင်များ




ဇယား (၁၁)

နေရပ်ပြန်လာ သူများအတွက် ရွေးချယ်စရာ သက်မွေးဝမ်းကျောင်းလုပ်ငန်း များများစားစားမရှိပေ။ အဓိက ရွေးချယ်စရာအနေဖြင့် တရုတ်တို့ လာရောက်စိုက်ပျိုးသော ငှက်ပျောခြံ သို့မဟုတ် တရုတ်လုပ်ငန်းရှင်များ လုပ်ကိုင်သော ရွှေတွင်းများတွင် နေ့စားဝင်ရောက်လုပ်ကိုင်ခြင်း ဖြစ်သည်။ အလုပ်အကိုင် ရှာဖွေမရသော သူများမှာမူ အစိုးရ နှင့် တပ်မတော်မှပေးကမ်းသော အထောက်အပံ့ကို စောင့်ရန်သာရှိတော့သည်။ နေရပ် ပြန်လာသူအတော်များများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအပါ၊ ငှက်ပျောခြံများတွင် ဝင်ရောက် လုပ်ကိုင်နိုင်လောက်အောင် ခွန်အားပြည့်ဝမှု မရှိကြချေ။ ငှက်ပျောခြံများတွင် လုပ်ကိုင်သူများမှာ တောင်ပေါ်မှ ငှက်ပျောခိုင်များကို ထမ်းဆင်းရခြင်းလည်း ပါဝင်သည်။ သုတေသနအဖွဲ့အနေဖြင့် တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှုမှ ငှက်ပျောခိုင်ထမ်းသည် အဖိုးအခပေါက်ဈေးကိုလည်း လေ့လာမိသည်။ ငှက်ပျောတစ်ခိုင်လျှင် ၈ ယွမ် မှ ၁၁ ယွမ်အထိ (မြန်မာငွေ ၁၆၀၀ မှ ၂၂၀၀ ခန့်) ရရှိနိုင်သည်။ ရာသီချိန်အပေါ်မူတည်ပြီး သန်မာအားကောင်းပြီး ဖြတ်လတ်သော လူငယ်လူရွယ်များအနေဖြင့် တစ်ရက်လုပ်ခ ၅၀၀ ယွမ်ခန့်အထိ ရရှိနိုင်သည်။ သို့သော် ယင်းအလုပ်အကိုင်အများစုကိုလည်း ထီးချိုင့်[၈] တာလီ၊[၉] ဗန်းမော်၊ အစရှိသည့် ဒေသများမှ လာရောက်လုပ်ကိုင်သော ရွှေ့ပြောင်းလုပ်သားများကသာ ကြီးစိုးထားကြသည်။ သုတေသန အဖွဲ့မှ နမ့်ဆန်ယန် ကျေးရွာတွင် အခြားဒေသမှ ရွှေ့ပြောင်း နေထိုင်သူမိသားစု ၁၇ စု ကိုလည်း သတိပြုမိပါသည်။ တစ်ချိန်တည်းမှာပင် နမ့်ဆန်ယန်ကျေးရွာမှ ငှက်ပျောခြံများတွင် အလုပ်ဝင်ရောက်လုပ်ကိုင်သူများမှာလည်း ဓါတုဆေးရည်တွင် ငှက်ပျောခိုင်များ ဆေးခြင်း၊ စိမ်ခြင်း စသည့်အလုပ်များသာ လုပ်ကြရပြီး ကားတစ်စီးစာအတွက် လုပ်ခ ယွမ် ၁၀၀ ရရှိသည်။ ပျမ်းမျှအားဖြင့် သူတို့သည် တစ်နေ့လုပ်ခ မြန်မာကျပ်ငွေ ၁၀၀၀၀ ဝန်းကျင် ရရှိကြပါသည်။ အလုပ်သမားများကို လက်အိတ်၊ မျက်နှာဖုံး စသည့်အကာအကွယ် ကရိယာများလည်း လုံလောက်အောင်မပေးကြပေ။ နေ့စဉ်ရက်ဆက် ဓါတု ဆေးဝါးများ ကိုင်တွယ်ထိတွေ့နေခြင်းမှာ အန္တရာယ် မည်မျှကြီးသည်ကို မည်သူမျှမသိပေ။

နေရပ် ပြန်လာသူ အချို့မှာ နမ်ဆန်ယန်ရွာအနီးမှ ရွှေတွင်းများတွင် စက်မောင်း အလုပ်လုပ်ကြသည် များလည်း ရှိသည်။ ပဋိပက္ခမဖြစ်မီက အိမ်ထောင်စုတစ်ချို့မှာ ရွှေတွင်းကိုယ်ပိုင်လုပ်ကိုင်ခဲ့ကြသော်လည်း ယခုအချိန်တွင် ရွှေတွင်းများကို ကုမ္ပဏီများကသာ လက်ဝါးကြီးအုပ်ထားကြသည်။ တစ်ဦးချင်း ရွှေတူးခြင်းများကို ခွင့်မပြုပေ။ ကုမ္ပဏီ များအနေဖြင့် စက်အင်အားကို အဓိက အသုံးပြုကြသဖြင့် လူ လုပ်အားအနည်းငယ်သာ လိုအပ်ကြသည်။




**မြေပုံ (၃)၊ ၂၀၁၁ မတ် ၂၄ ရက် နမ်ဆန်ယန် ကျေးရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)။ စစ်မဖြစ်မီ လီဆူဇေဝံဂေလိ အသင်းတော် (နမ်ဆန်ယန်) ပိုင်ဆိုင်သော စိုက်ပျိုးမြေ အခြေအနေ။**

[၈] ထီးချိုင့်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းမှ မြို့တစ်မြို့

[၉] တာလီ၊ ဗန်းမော် မြို့နယ်အတွင်းမှ မြို့ငယ် တစ်ခု




**မြေပုံ (၄)၊ ၂၀၁၈ ဖေဖော်ဝါရီ ၁၂ ရက် နမ်ဆန်ယန်ကျေးရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)။ စိုက်ပျိုးမြေသည် ရွှေတူးဖော်ခြင်းကြောင့် ပျက်စီးသွားသည်။ (မြေပုံ (၃) နှင့် နှိုင်းယှဉ်ကြည့်ရန်။ ရေအိုင် ငယ်လေးများမှာ စစ်ပွဲကာလအတွင်း ရွှေတူးခြင်းကြောင့် ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။**

ရွှေ့ပြောင်းနေထိုင်သူ အိမ်ထောင်စု ၁၇ စု နှင့် စာရင်းမသွင်းနိုင်သည့် အိမ်ထောင်စုများမှအပ နေရပ်ပြန်လာသူ အများစုမှာ အစိုးရနှင့် တပ်မတော်တို့မှ ပေးကမ်းသော အထောက်အပံ့များကိုသာ အဓိက မှီခိုနေရသည်။ သို့သော် ထို အထောက်အပံ့သည်ပင်လျှင် ဆန်၊ ဆီ၊ ဆား အစရှိသည်တို့ကို တစ်ကြိမ်တည်း အပြတ်ပေးထားသည့် သဘော ဖြစ်ပြီး အကန့်အသတ် ရှိနေသည်။ တတိယအသုတ် ရောက်ရှိလာသော အိမ်ထောင်စုများက အစိုးရနှင့် တပ်မတော်မှပေးသော အထောက်အပံ့ နောက်ဆုံး လက်ခံရရှိထားသူများ ဖြစ်ကြသည်။[၁၀] နေရပ် ပြန်လာသူအချို့က အထောက်အပံ့ပစ္စည်း ဖြန့်ဝေမှုစနစ်သည် မျှတမှုမရှိ ဟု ယူဆကြသည်။ ဥပမာ FGD တစ်ခုတွင် ပါဝင်သူတစ်ဦး ပြောပြ သည်မှာ -

*"တတိယ အသုတ်တွေက အိမ်ထောင်စုစာရင်း လူဦးရေအရ ခွဲတမ်းတွေရတယ်။ ကျနော်တို့ ပထမ နဲ့ ဒုတိယ အသုတ် တွေကျတော့ တကယ် ပြန်လာတဲ့ လူဦးရေ စာရင်း အတိုင်းပဲ ရတယ်။" (၂၀၁၉ ဩဂုတ် ၁၃ တွင် ကျင်းပသည့် FGD)*


အစောပိုင်းတွင် ရွာသားအချို့သည် အပိုဝင်ငွေအတွက် ငါးရှဉ့်ထောင်ကြသည်။ သို့သော် ယခု နောက်ပိုင်းတွင် နမ့်မတီးကဲ့သို့ ဝေးလံသောဒေသများမှ အပြင်လူများပင်လျှင် နမ်ဆန်ယန်အရပ်သို့ စီးပွားဖြစ် ငါးရှဉ့်ထောင်ရန် လာရောက်ကြသဖြင့် ယင်းလုပ်ငန်းမှာလည်း ခြိမ်းခြောက်မှု ရှိလာနေသည်။ ရွာသားများမှာ ပုံမှန် ငါးရှဉ့်ပုံးလေး၊ ငါးပုံး အလွန်ဆုံးချကြပြီး တစ်ရက်လျှင် နှစ်ကီလို၊ သုံးကီလိုခန့်မိကာ ယင်းကို ဗိုင်းမော်တွင် တစ်ကီလို ၇၀၀၀ ကျပ် ဈေးဖြင့် သွားရောက် ရောင်းချနိုင်သည်။ အပြင်လူများမှာ ထိုသို့မဟုတ်ပဲ ၁၅ပုံး၊ ပုံး ၂၀ခန့် ထောင်ကြပြီး အကြီးအကျယ် လုပ်ကိုင်ကြသည်ဖြစ်ရာ၊ ထိုသို့ အလွန်အကျွံ ဖမ်းဆီးခြင်းကြောင့် ရွာသားများအတွက် ထိုနေရာတစ်ဝိုက်တွင် ငါးရှဉ့် ဖမ်းရန် အခက်အခဲရှိလာသည်။ (၂၀၁၉ ဩဂုတ် ၁၃ ရက်တွင် ပြုလုပ်သော FGD)

[၁၀] ကက်သလစ် အသင်းတော်မှ ကျောင်းသားအဆောင်တွင် နေထိုင်သော ကျောင်းသူ၊ ကျောင်းသားများကိုသာ ထောက်ပံ့နိုင်ပြီး မည်သည့် NGO, INGO ကမှ နေရပ် ပြန်သူများကို အထောက်အပံ့ မပေးကြသေးပေ။

## ၄.၃။ မြေယာ အခွင့်အရေး လုံခြုံမှု

နမ့်ဆန်ယန် ကျေးရွာသားများ နေရပ် ပြန်လာရခြင်း အကြောင်းရင်းတစ်ရပ်မှာ မြေယာပိုင်ဆိုင်ခွင့် လုံခြုံရေး နှင့်လည်း သက်ဆိုင်သည်။ ဇယား (၁၂) တွင် ဖေါ်ပြထားသကဲ့သို့ပင် ဖြေကြားသူ ၃၄.၂၉% က သူတို့ နေရပ် မပြန်မီက သူတို့၏ ပိုင်ဆိုင်မှုများ ဆုံးရှုံးသွားမည်ကို နေ့စဉ်နှင့်အမျှ စိုးရိမ်နေခဲ့ကြသည် ဟု ဆိုသည်။ ၃၅.၇၁% ကမူ နမ်ဆန်ယန် ကျေးရွာတွင် မိမိတို့ ချန်ထားခဲ့ရသော ပိုင်ဆိုင်မှုများ ဆုံးရှုံးသွားမည်ကို တစ်ခါတစ်ရံ စိတ်ပူပန် ခဲ့ရကြောင်း ပြောကြသည်။ ၁၈.၅၇% ကသာ မိမိတို့ ပိုင်ဆိုင်မှုအတွက် ပူပန်မှုမရှိကြကြောင်း ပြောကြသည်။

**နမ်ဆန်ယန်သို့ မပြန်လာမီ၊ ရွာတွင် ချန်ခဲ့ရသော ပစ္စည်းဥစ္စာများ၊ စပါးခင်းများ၊ အိမ်နှင့် လယ်ယာမြေ စသည်တို့အတွက် ပူပန်ခြင်းများ ရှိခဲ့ပါသလား**





ဇယား (၁၂)

ရွာသားများ စိုးရိမ်သည့် နောက်တစ်ချက်မှာ ၂၀၁၈ စက်တင်ဘာ ၁၁ ရက်တွင် လွှတ်တော်မှ အတည်ပြု ပြဌာန်းလိုက်သော မြေလွတ်မြေရိုင်းနှင့် ဖုန်ဆိုးမြေများ စီမံခန့်ခွဲမှုဥပဒေအရ ရွာသားများ၏ မြေယာများကို အစိုးရက သိမ်းဆည်းသွားမည်ကိုစိုးရိမ်ခြင်းဖြစ်သည်။ ယင်းဥပဒေက မြေလွတ်၊ မြေရိုင်းနှင့် ဖုန်းဆိုးမြေအဖြစ် သတ်မှတ်ထားသော မြေယာများကို ခြောက်လအတွင်း အစိုးရထံ မှတ်ပုံတင်ရမည်ဟု ဆိုသည်။ ထို့အပြင် မှတ်ပုံတင် ထားခြင်းမရှိသည့် မြေယာများတွင် နေထိုင်လုပ်ကိုင်သူများကို ကျူးကျော်သူအဖြစ် သတ်မှတ်ပြီး ထောင်ဒဏ် နှစ်နှစ်အထိ သို့မဟုတ် ငွေဒဏ် ၅၀၀၀၀၀ ကျပ်အထိ ချမှတ်နိုင်သည် ဟု ပါရှိသည်။ (ငြိမ်းငြိမ်း ၂၀၁၉)

ကျေးရွာသားများထံတွင် မြေခွန်ငွေသွင်းချလံများမရှိခြင်းကလည်း ထိုစိုးရိမ်မှုကို တိုးပွားစေသည်။ အမှန်ပင် ကျွန်ုပ်တို့၏ သုတေသနတွေ့ရှိချက်အရ နေရပ်ပြန်လာသော ကျေးရွာသားအများစုမှာ မြေယာပိုင်ဆိုင်မှု အထောက်အထား မည်သည့် စာရွက်စာတမ်းမျှ မရှိကြကြောင်း တွေ့ရှိရသည်။ တရားဝင် စာရွက်စာတမ်း ရှိကြသည့် အချို့အနည်းငယ်မှာလည်း မြေအသုံးချခွင့် ထောက်ခံချက်များ မဟုတ်ကြပေ၊ ဒေသတွင်းမှ ပြုလုပ်ပေးသော မြေအရောင်းအဝယ် စာချုပ်များသာဖြစ်သည်။ ထိုသို့စာရွက်စာတမ်းများမရှိရခြင်း အကြောင်းခံတစ်ချက်မှာ နမ်ဆန်ယန် ကျေးရွာသည် မည်သည့်အခါကမျှ မြန်မာအစိုးရ၏ အပြည့်အဝ အုပ်ချုပ်မှုတွင် ရှိမနေခဲ့ခြင်းဖြစ်သည်။


**ယခင်ကစိုက်ပျိုးခဲ့သောမြေများအတွက်၊ မြေငှားရမ်းခွင့် စာချုပ်များ ရှိပါသလား**




ဇယား (၁၃)

ဇယား (၁၃) တွင် ဖေါ်ပြထား သကဲ့သို့ပင် ဖြေကြားသူ များ၏ ၁၈.၅၇% ကသာ မိမိတို့ထံတွင် အိမ်ခြံမြေ အတွက် မြေခွန်ပေးဆောင် ပြီးကြောင်း ပြေစာရှိကြသည် ဟု ဆိုကြသည်။ ၇၅.၇၁% မှာမူ မြေယာ ပိုင်ဆိုင်မှု အထောက်အထား မည်သည့်စာရွက်စာတမ်းမျှ မရှိကြပေ။ ၅.၇၁% က တိုက်ပွဲများ ပြန်လည်မဖြစ်မီက ယင်းတို့တွင် စာရွက်စာတမ်းများ ရှိခဲ့ သော်လည်း တိုက်ပွဲတိမ်းရှောင်စဉ် ပျောက်ဆုံးသွားကြောင်း ပြောကြသည်။ ဇယား (၁၄) တွင် ဖေါ်ပြထားသကဲ့သို့ပင် ၂၅.၇၁% သော နေရပ်ပြန် ရွာသားများသည်သာ လယ်မြေအတွက် မြေယာ ပိုင်ဆိုင်မှု အထောက်အထား တရားဝင် စာရွက် စာတမ်းများ ရှိကြပြီး ၆၇.၁၄% မှာမူ တရားဝင် စာရွက်စာတမ်း လုံးဝမရှိကြပေ။ ၇.၁၄% က ထွက်ပြေး တိမ်းရှောင်စဉ် စာရွက်စာတမ်းများ ပျောက်ရှသွားပြီဖြစ်ကြောင်း ပြောကြသည်။

**ယခင်ကစိုက်ပျိုးခဲ့သော စပါးစိုက်ခင်းအတွက် တရားဝင် မြေငှားရမ်းခွင့် စာချုပ်များရှိပါသလား**





ဇယား (၁၄)

ဤသုတေသနလေ့လာမှုမှ နမ်ဆန်ယန်ကျေးရွာသားများ နေရပ်ပြန်လာရန် တွန်းအားပေးသောအချက် တစ်ချက်မှာ မြန်မာပြည်အလယ်ပိုင်း ခြောက်သွေ့ဒေသမှလူများ နမ်ဆန်ယန် ကျေးရွာသိုလာရောက်ပြီး မြေယာများ ရယူသွားမည်ကို စိုးရိမ်ခြင်းကလည်း တစ်ပိုင်းတစ်စပါဝင်ကြောင်း တွေ့ရှိရပါသည်။ (၂၀၁၉ ဩဂုတ် ၁၃ ရက်နေ့တွင် ပြုလုပ်သော FGD) ဤအကြောင်းအချက်ကလည်း နမ်ဆန်ယန်ကျေးရွာသို့ ရွာသားများ နေရပ် ပြန်စေရန် တွန်းအားတစ်ခု အဖြစ်ပါဝင်သည်။

နမ်ဆန်ယန်ကျေးရွာသားအချို့ကို နေရပ် ပြန်လာစေသည်အထိဖြစ်စေခဲ့သော မြေယာပိုင်ဆိုင်ခွင့် လုံခြုံရေးစိုးရိမ်မှုများ ဝန်းရံနေခဲ့လင့်ကစား မဆိုစလောက်သော အရေအတွက်သည်သာ အမှန်တစ်ကယ် မြေယာအငြင်းပွားမှု ကြုံတွေ့ခဲ့ရသည်ကို စစ်တမ်းကောက် တွေ့ရှိရပါသည်။ ၉၂.၈၆% က နေရပ် ပြန်လာသည့် နောက်ပိုင်းတွင် မြေယာအငြင်းပွားမှု မကြုံတွေ့ရကြောင်းကို ဇယား (၁၅) တွင် ပါရှိသည့်အတိုင်း တွေ့ရှိရသည်။ ထို့အပြင် ရွာသာများအကြားအချင်းချင်း မြေယာအငြင်းပွားမှု ဖြစ်ခဲ့သည်။ အကြောင်းမှာ သူတို့ထံတွင် တရားဝင် အထောက်အထား စာရွက် စာတမ်းများ မရှိကြသော်လည်း ဒေသအတွင်း မြေယာပိုင်ဆိုင်မှုကို သူတို့အားလုံးက သိရှိ မှတ်မိနေကြသောကြောင့် အချင်းချင်းအငြင်းပွားမှုကို ဟန့်တားနိုင်သည်။ လေ့လာမှုအရ နမ့်ဆန်ယန် ကျေးရွာတွင် အစိုးရ ကသော်ငြင်း၊ ပြင်ပမှ ရွှေ့ပြောင်းနေထိုင်သူများသော်ငြင်း မြေယာသိမ်းယူမှုမရှိကြောင်း တွေ့ရှိရသည်။

နေရပ်ပြန်လာပြီးနောက် မြေယာဆိုင်ရာ အငြင်းပွားမှု တစ်စုံတစ်ရာ တွေ့ကြုံရပါသလား





ဇယား (၁၅)

သို့သော် မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး တရားဥပဒေအကြောင်းအရ စိုးရိမ်မှုများအပြင် နေရပ်ပြန် ရွာသားများအတွက် စိုက်ပျိုးရန် သင့်လျော်သော မြေယာရရှိနိုင်ရန်မှာ အဓိကမြေယာအခွင့်အရေး လုံခြုံမှု ပြဿနာအဖြစ် ရှိနေစဲဖြစ်သည်။ နမ်ဆန်ယန်ဝန်းကျင် အချို့ကျေးရွာမြေနှင့် လယ်ယာမြေများသည် ရွာသားများ စစ်ရှောင်စခန်းများတွင် ရှိနေခိုက် ရွှေတွင်းများကြောင့် ပျက်စီးသွားကြသည်။

## အသက်ဝင်နေဆဲ မြေမြှုပ်မိုင်းနှင့် တောဖုံးသွားသော လယ်ယာမြေ များအတွက် စိုးရိမ်မှု

မြေမြှုပ်မိုင်း အန္တရာယ်ဇုံ စည်းခြားသတ်မှတ်မှု ရှင်းရှင်းလင်းလင်းမရှိ[၁၁]သဖြင့် နေရပ်ပြန် ရွာသားများ၏ စိုက်ပျိုးမြေအများအပြား တပ်မတော်မှ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားသော နယ်မြေအတွင်း ရောက်ရှိသွားသည်။ ဤသုတေသနအတွက် ပြုလုပ်ခဲ့သော စစ်တမ်းအရ လယ်မြေ ၂၁၃ ဧကနှင့် အခြား ယာမြေ ၆၅၆ ဧကမှာ ကန့်သတ် နယ်မြေထဲတွင် ရောက်ရှိနေသည်ကို တွေ့ရှိရပါသည်။[၁၂]

**နေရပ်ပြန်လာပြီးနောက် လယ်ယာလုပ်ငန်း မလုပ်ကိုင်နိုင်သူများ၊ အဓိက အတားအဆီးများ**





ဇယား (၁၆)

နေရပ် ပြန်လာသူများအတွက် အခြားပြဿနာတစ်ရပ်မှာ လယ်ယာများကို မည်သို့ပြန်လည် ဖေါ်ထုတ်ယူမည် ဟူသည့် အချက်ပင်ဖြစ်သည်။ မြေပုံ (၅) နှင့် မြေပုံ (၆) တို့တွင် ဖေါ်ပြထားသည့်အတိုင်း ယခင်က စိုက်ပျိုး အသုံးချခဲ့ကြသည့် လယ်ယာမြေ အချို့မှာ ယခုအခါ တောများဖုံးလွှမ်းထားပြီး ဖြစ်နေသည်။ နေရပ် ပြန်လာသော ရွာသားများအနေဖြင့် တောများရှင်းလင်းရန် ဘူဒိုဇာများလိုအပ်ပေမည်။ သူတို့ အနေဖြင့် ယင်းတို့ကို ဝယ်ယူရန် သို့မဟုတ် ငှားရမ်းရန် ငွေကြေးမရှိပေ။


---

[၁၁]မြေမြှုပ်မိုင်း အန္တရာယ် သတိပေးဆိုင်းဘုတ်များ မရှိပါ။

[၁၂]အချိုးအစား အတိအကျ သိရှိနိုင်ရန် စိုက်ပျိုးရန် သင့်လျော်သော မြေဧက စုစုပေါင်းကို တိုင်းတာတွက်ချက်ရန် လိုသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် နမ်ဆန်ယန် ရွာသားများအားလုံး နေရပ်ပြန်လာမှ ဖြစ်နိုင်ပေမည်။ ထိုသို့ တိုင်းတာတွက်ချက်ရလျှင်ပင် ယခု အတိုင်းအတာသည် ကြီးစွာသော ဆုံးရှုံးမှု ဖြစ်နေဦးမည်ပင်။




မြေပုံ (၅)၊ ၂၀၁၁ မတ် ၂၄ ရက် နမ်ဆန်ယန်ကျေးရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)၊ စစ်ပွဲများ မဖြစ်မီက တည်ရှိခဲ့သော ကျေးရွာ၏ အဓိကစိုက်ပျိုးမြေများကို ပြထားသည်။




မြေပုံ (၆)၊ ၂၀၁၈ ဇန္နဝါရီ ၁၂ ရက် နမ် ဆန် ကျေးရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)၊ စွန့်ပစ် ထားခဲ့မှုနှင့် သစ်ပင်များ ဖုံးလွှမ်းမှု တို့ကြောင့် အဓိကစိုက်ပျိုးမြေများ ပျောက်ဆုံးသွားပုံကို ပြသည် (မြေပုံ (၅) နှင့် နှိုင်းယှဉ် ကြည့်ရန်)။

အတိုချုံးဆိုရသော် သက်မွေးဝမ်းကျောင်းမှု၊ မြေယာအခွင့်အရေးလုံခြုံမှုနှင့် မြေမြုပ်မိုင်း အန္တရာယ်စိုးရိမ်ရမှုနှင့် တောဖုံးသွားသော လယ်ယာမြေများကိစ္စတို့သည် နမ်ဆန်ယန်ကျေးရွာ နေရပ် ပြန်လာရေးလုပ်ငန်းတွင် ကန့်လန့်ခံနေသော ကိစ္စများဖြစ်လာနေပြီး နေရပ်ပြန် ရွာသားများအတွက် အဓိက အခက်အခဲများအဖြစ် ဆက်လက်တည်ရှိနေဦးမည်ပင်။ ဤစစ်တမ်းအတွက် ပြုလုပ်သော သုတေသနလေ့လာမှုအရ နေရပ်ပြန် ရွာသား အများအပြားက မိမိ မြေယာ ပိုင်ဆိုင်မှု အထောက်အထား တရားဝင် စာရွက်စာတမ်းများ မရှိခြင်းကြောင့် မြေယာများ သိမ်းယူခြင်း ကြုံတွေ့ရမည်ကို စိုးရိမ်ကြောင်း ဖေါ်ပြကြသော်လည်း ယင်းတို့မျှော်လင့်သလို မြေယာသိမ်းယူခြင်းများ အမှန်တစ်ကယ်မရှိကြောင်း တွေ့ရှိရသည်။ ဤတွေ့ရှိချက်က နေရပ် ပြန်လာသူများကြုံတွေ့ရသော အခက်အခဲအချို့ကို ဖွင့်ချပြပြီး နေရပ်ပြန် ရွာသားများ၏ တည်တံ့ခိုင်မြဲသောသက်မွေးမှု ဖေါ်ဆောင်နိုင်ရန် အထောက်အကူပြုခြင်းကို ဦးစား ပေးသင့်သည်ဟု အလေးအနက် ပြည့်ဆွန်းသည်။


## ၄.၄။ လူသား လုံခြုံမှု

### အစား အသောက် နှင့် သုံးရေ လုံခြုံမှု

ဒုတိယနှင့် တတိယအသုတ် နေရပ် ပြန်လာသူများသည် ဆန်နှင့် ကုလားပဲများအတွက် အစိုးရနှင့် တပ်မတော်တို့မှ ထောက်ပံ့သော ခွဲတမ်းကိုသာ အဓိက မှီခိုနေရသည်။ နေရပ် ပြန်လာသူ သက်ကြီးရွယ်အိုများအတွက် ၎င်းဆန်ကို စားသုံးရန် အခက်အခဲ ရှိသည်။ သူတို့အဆိုအရ ပြင်ပမှ ဝယ်ယူသော သို့မဟုတ် စစ်ရှောင်စခန်းများတွင် ဆက်လက်နေရစ်ခဲ့သော မိသားစုဝင်များထံမှရရှိသော ဆန်စေးများနှင့် နှိုင်းယှဉ်လျှင် ၎င်းဆန်သည် ဖွဲ့ပြီး ပွသည်။

ပထမ အသုတ် နေရပ်ပြန်လာ ကြသူများ (အိမ်ထောင်စု ၁၇ စု) က မိမိတို့ နေ့စဉ်အစားအသောက် လိုအပ်ချက်ကို မိမိဘာသာကျခံနိုင်သည်ဟုဆိုသော်လည်း ဒုတိယနှင့် တတိယအသုတ် နေရပ် ပြန်လာသူ အများစုမှာ (အိမ်ထောင်စု ၇၀ မှ အိမ်ထောင်စု ၆၇ စု) နေ့စဉ် အစားအသောက်အတွက် စိုးရိမ်ပူပန်ရကြောင်း ပြောကြသည်။ (ဇယား (၁၇) ရှု) ထို့အပြင် ၎င်းတို့အနေဖြင့် အာဟာရအစားအစာ ဝယ်ယူနိုင်မှုကလည်း အင်မတန် နိမ့်ပါးလှသည်။ နမ်ဆန်ယန်ကျေးရွာတွင် ဈေးမရှိပေ။ ဟင်းသီးဟင်းရွက်၊ သားငါးအတွက် မြစ်ကြီးနား သို့မဟုတ် ဗန်းမော်ဖက်မှ တစ်ပတ်လျှင် နှစ်ခါသုံးခါ ဖြတ်သွားလျက်ရှိသော အသည်များထံမှဝယ်ရသည်။ ပေးရသောဈေးနှုန်းမှာလည်း မြစ်ကြီးနား သို့မဟုတ် ဗန်းမော်တွင်ပေးရသော ဈေးနှုန်း၏နှစ်ဆခန့်မျှ ပေးရလေသည်။ အကျိုးဆက်အနေဖြင့် နေရပ်ပြန် ရွာသားများသည် အသားငါးကို ရှားရှားပါးပါးပင် စားခဲ့ကြောင်း ပြောပြကြသည်။ အချို့ရွာသားများက မိမိတို့ အိမ်ဝိုင်းအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးခြင်းများလည်းရှိသည်။

ရွာသို့ပြန်လာပြီးနောက်၊ ရိက္ခာအတွက် ပူပင်ရမှုရှိပါသလား




ဇယား (၁၇)

ဤအခက်အခဲများ ရှိနေသည့်အထဲတွင် ဒုတိယနှင့် တတိယအသုတ် နေရပ် ပြန်လာသူများအား ခွဲဝေပေးထားသော ရာရှင်ခွဲတမ်းသည်လည်း မကြာမီ ပြတ်လပ်သွားဖွယ်ရှိနေသည်။ အစားအသောက် လုံခြုံမှုကင်းမဲ့နေခြင်းက နမ့်ဆန်ယန် ရွာသားများအတွက် တောက်လျှောက် အိပ်မက်ဆိုးပမာ တည်ရှိနေသည်။ ဤကိစ္စနှင့် ပါတ်သက်ပြီး FGD တစ်ခုတွင် ပါဝင်ခဲ့သော အမျိုးသမီးတစ်ဦးမှ သူတို့၏ပူပန်မှုကို ယခုကဲ့သို့ ဖေါ်ပြသည် -

*"သက်ဆိုင်ရာက (လူ၊ကယ်၊ပြန် နှင့် တပ်မတော်) ကျမတို့ကို အစားအစာ ပိုပြီး လုံလုံလောက်လောက် ထောက်ပံ့မယ်ဆိုရင် အရမ်းကောင်းမှာပဲ။ လူမှုရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီး ဌာနက ကျမတို့ကို အခြေခံ အစားအစာ လုံလောက်အောင် ထောက်ပံ့ပေးရင် တစ်ကယ်ကို အရမ်း ကောင်းမှာ။ အခု ရထားတဲ့ အစားအစာတွေကုန်သွားရင် ဘယ်ကနေ ပြန်ရနိုင်မလဲ ဆိုတာ ကျွန်မတို့ မသိဘူး" (၂၀၁၉ ကြဂုတ် ၁၃ ရက်တွင် ပြုလုပ်သော FGD)*

နေ့စဉ် အစားအသောက်လုံခြုံရေးသည် အိမ်ထောင်စုစာရင်းမရှိခြင်းကြောင့် သို့မဟုတ် အခြားအကြောင်း တစ်ခုခုကြောင့် အစိုးရစာရင်းတွင်မပါရှိသော နေရပ်ပြန် ရွာသားများအတွက်လည်း ပူပန်စရာ အရေးဖြစ်ပါသည်။ အသက် ၆၈ အရွယ် အမျိုးသားတစ်ဦးက သူနှင့် သူ၏မိသားစုမှာ နမ့်ဆန်ယန် ကျေးရွာသို့ စစ်ရှောင်များ နေရပ် ပြန်ရေးကို ဦးဆောင်သော အရာရှိများထံ မိမိတို့၏ အမည်စာရင်းများ ပေးထားပြီးဖြစ်သော်လည်း အစိုးရနှင့် တပ်မတော်တို့ထံမှ မည်သည့်အစားအစာ အထောက်အပံ့မျှ မရရှိကြောင်း၊ ဆန်နှင့် အခြားအစားအစာများကို ပြင်ပမှသာ ဝယ်ယူရကြောင်း၊ ပြောပြသည်။[၃၃] သူ့ အပြော အရ -

*"ဒီမှာက ဈေးမရှိတော့ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးဝယ်ဖို့ အင်မတန်ခက်တယ်။ အသား စားချင်ရင်လည်း ကျွန်တော်တို့က မဝယ်နိုင်ဘူး။ တစ်ခါတစ်လေ အသားဝယ်နိုင်တဲ့အခါ ကျတော့ ကောင်းကောင်းမွန်မွန် စားကြတယ်။ ဒါပေမယ့် အများဆုံးကတော့ ဆား၊ ငရုတ်သီးနဲ့ စားလိုက်ကြတာပဲ။" (တစ်ဦးချင်း တွေ့ဆုံမေးမြန်းချက် Code NSY 2017 2019)*


အခြား သက်ကြီး တစ်ဦးကလည်း ထိုနည်းဖြင့်ပင် ဖေါ်ပြသည်။ -

*"ကျွန်တော်တို့ အိမ်ထောင်စုစာရင်း ပျောက်သွားတဲ့အခါ ကျွန်တော်တို့က တရားဝင် နာမည်စာရင်းသွင်းလို့ မရတော့ဘူး။ ဒါကြောင့် ရိက္ခာဝေတဲ့အခါမှာ ကျွန်တော်တို့က သွားထုတ်ယူလို့ မရဘူး။ အခု ကျွန်တော်တို့က ဆန်ကို မြစ်ကြီးနားကနေ မှာယူ ရတယ်။ ဆန် တစ်အိတ်ကို ၄၅၀၀၀ ပေးရတယ်။ ဒီ နောက်ဆုံး ဆန်တစ်အိတ် ကုန်ရင် ဘာဆက်လုပ် ရမလဲတောင် မသိတော့ဘူး" (တစ်ဦးချင်း တွေ့ဆုံ မေးမြန်းမှု Code NSY 2037 2019)*

အခြေအနေ အရပ်ရပ်နှင့် မတူပဲ နမ်ဆန်ယန် ကျောင်းသူ ကျောင်းသားများ အဆောင်တွင် အစားအသောက် လုံခြုံမှုသည် အဓိက ပြဿနာမဟုတ်တော့ပေ။ ၎င်းတို့ကို ကက်သလစ် အသင်းတော်က အစားအသောက်များ ပုံမှန် ထောက်ပံ့ထားသည်။ သို့သော် ထိုကျောင်းသားဆောင်တွင် အခြားသော နေရပ်ပြန် ရွာသားများအားလုံး ကဲ့သို့ပင် သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့ကြရသည်။ ကျောင်းသား ဦးရေ စုစုပေါင်း ၁၅၀ ကျော် ရှိသည် ဖြစ်ရာ အားလုံးအတွက် ရေသန့်များကို အဆောင်မှဝယ်ယူရန် မတတ်နိုင်ပေ။ ထို့အပြင် နေ့စဉ်ရေကို ကြိုချက်ရန်လည်း အချိန်မရှိပေ။ ထို့ကြောင့် ကျောင်းသားများအနေဖြင့် ရေစိမ်းကိုပင် သောက်သုံးရတော့သည်။ မိုးတွင်းကာလတွင် ကျောင်းသား အများအပြား ဝမ်းပျက်ဝမ်းလျှောခြင်း ဖြစ်ကြသည်။ ချိုးရေသည်လည်း ပြဿနာတစ်ရပ်ပင်။ ကျောင်းသားများနှင့် နေရပ်ပြန် ရွာသားများ အားလုံးသည် ရွာအနီး ချောင်းရေတွင်သာ ရေချိုးကြပြီး ပွေးကဲ့သို့သော အရေပြားရောဂါများ စွဲကပ်ကြသည်။

---


[၃၃] ဤအိမ်ထောင်စု တရားဝင် အမည်စာရင်း လက်ခံရရှိပြီး နောက်ပိုင်းတွင် အစိုးရအာဏာပိုင်များမှ မည်သည့် အခြေခံ အစားအသောက်မျှ မထောက်ပံ့ တော့သည်လည်း ဖြစ်နိုင်သည်။





ဇယား (၁၈)

## ရပ်ဝိုင်း ဆိုင်ရာ လုံခြုံမှု

မြေမြှုပ်မိုင်း အန္တရာယ်ကြောင့် ကန့်သတ်နယ်မြေ အကျယ်အဝန်းများစွာ ရှိနေခြင်းက ရွာသားများ၏ သွားလာလှုပ်ရှားမှုကို အကန့်အသတ် ဖြစ်စေသည်။ ဖြေကြားသူများအားလုံး မိမိတို့ကျေးရွာကို ပြန်ရောက်သည့်အချိန် လုံခြုံသည် ဟု တစ်ညီတစ်ညွတ်တည်း ပြောကြသော်လည်း (ဇယား (၁၉) ရှု) မြေမြှုပ်မိုင်း ပေါက်ကွဲမှုသည် အနည်းဆုံး ယင်းတို့၏ အတွေးထဲတွင် တစ်ကယ်ပင် နီးနီးကပ်ကပ် ရှိနေသည်။ ယင်းမှာ ရွာသားများကိုယ်တိုင် နမ်ဆန်ယန် ရွာဝန်းကျင် မည်သည့်နေရာတွင် မြေမြှုပ်မိုင်းများ ရှိနေသည်ကို မသိရသောကြောင့်လည်း ဖြစ်နိုင်သည်။ ဖြေကြားသူ ၇၀ ဦး အထဲမှ ၆၇ ဦးက မြေမြှုပ်မိုင်း မည်သည့်နေရာတွင်ရှိသည်ကို သိပါသလား ဟု မေးမြန်းရာ မသိပါဟု ဖြေကြသည်။ အမှန်တစ်ကယ်ပင် ဖြစ်စေ၊ စိတ်ကူးထဲတွင် ဖြစ်စေ ဤ စိုးရိမ်မှုသည် မြေမြှုပ်မိုင်းတည်ရာကို မသိရှိခြင်းတွင် အခြေခံသည်။


နေရပ်ပြန်လာပြီးနောက် လုံခြုံစိတ်ချရမှု ရှိတယ်လို့ယူဆပါသလား
ရာခိုင်နှုန်း
50
40
30
20
10
0
42.86%
41.43%
15.71%
ယူဆပါသည်
မယူဆပါ
မဖြေလိုပါ


ဇယား (၁၉)


မြေမြှုပ်မိုင်းများ ထောင်ထားသည့်နေရာများကို သိရှိပါသလား
ရာခိုင်နှုန်း
80
60
40
20
0
8.57%
91.43%
သိပါသည်
မသိပါ

ဇယား (၂၀)


ရွာသား ထက်ဝက်ကျော်မှာ သက်တမ်း လွန်ပြီးသော မိုင်းများကိုပင် မကြုံဖူးပေ (ဇယား (၂၁) ရှု)၊ ရွာသားများ နေရပ် ပြန်လာပြီး နောက်ပိုင်း ယခုအချိန်ထိ မြေမြှုပ်မိုင်း ပေါက်ကွဲမှု မဖြစ်ပွားသေးပေ။ မြေမြှုပ်မိုင်း တည်ရာကို မသိရှိရခြင်းကြောင့် မိဘများအနေဖြင့် မိမိတို့ သားသမီးများ လုံခြုံရေးအတွက် စိုးရိမ်မှုကို ဖြစ်ပေါ်စေသည် (ဇယား (၂၂) ရှု)။ ဖြေကြားသူ ၇၀ ဦး အထဲမှ ၄၇ ဦးက မိမိတို့ သားသမီး များနှင့် အတူ နေထိုင် ကြကြောင်း ပြောသည်။ မိမိ သားသမီး များ အတွက် မြေမြှုပ်မိုင်း ပေါက်ကွဲ မည်ကို စိုးရိမ်မိပါသလား ဟု မေးရာ အများစု (၄၁ ဦး) က နေ့စဉ် စိုးရိမ်ရကြောင်း ဖေါ်ထုတ် ပြောပြကြသည် (ဇယား (၂၂) ရှု)။

**သက်တမ်းလွန်သွားသည့် မြေမြှုပ်မိုင်းများကို ကြုံတွေ့ဖူးပါသလား**




ဇယား (၂၁)

**သင့်ကလေးများ မြေမြှုပ်မိုင်း နင်းမိမည်ကို ဘယ်လောက်စိုးရိမ်သလဲ**





ဇယား (၂၂)


ထို့ကြောင့် ကျေးရွာဝန်းကျင်တွင် မပေါက်ကွဲသေးသော မြေမြှုပ်မိုင်း မည်မျှအတိုင်းအတာအထိ တည်ရှိနေသည် ဖြစ်ပါစေ၊ ၎င်းမြေမြှုပ်မိုင်းအရေးသည် နမ်ဆန်ယန်ကျေးရွာ နေရပ် ပြန်လာသူများအတွက် အဓိက စိုးရိမ်စရာ တစ်ခုဖြစ်လာပါသည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း ယင်းသည် တည်နေရာမသိရခြင်းနှင့် ကန့်သတ်နယ်မြေကို ထင်ထင်ရှားရှား စည်းခြားသတ်မှတ်ထားမှုမရှိခြင်း တို့ကြောင့် ဖြစ်ရခြင်းဖြစ်သည်။ ကျေးရွာသားများကို တပ်မတော်မှ မြေထိုးစက်ဖြင့် မြေရှင်းပေးထားသည့် နေရာများမှအပ အခြားနေရာများသို့ မသွားကြရန် အကြောင်းကြားထားသည်။ အစိုးရ တရားဝင် အမည်စာရင်းတွင် ပါဝင်သူများသာ မြေထိုးစက်ဖြင့် ရှင်းလင်း ပေးသည့် ဝန်ဆောင်မှုရရှိကြသည်။ ထိုနာမည်စာရင်းတွင်မပါသော မိသားစုများမှာ ထိုဝန်ဆောင်မှုမရရှိပဲ မိမိအိမ်ဝန်းကို မိမိဘာသာ စွန့်စားရှင်းလင်းယူရသည်။ ယင်းကဲ့သို့သော အဖြစ်ကြုံရသည့် မိသားစုတစ်စုမှ ဤသို့ ဖော်ပြထားသည်-

> *"မိုင်းရှင်း လုပ်ငန်းကတော့ အိမ်ထောင်စုစာရင်းရှိပြီး နာမည်စာရင်းထည့်ထားတဲ့ မိသားစုတွေအတွက်ပဲ လုပ်ပေးတယ်။ ကျုပ်တို့ မိသားစုကတော့ အိမ်ထောင်စု စာရင်းမရှိတော့ ကျုပ်တို့ အိမ်ဝိုင်းထဲမှာ မိုင်းရှင်းပေးဖို့ သူတို့ကို အကူအညီတောင်းလို့မရတော့ဘူး။ တကယ်ဆိုရင်တော့ ကျုပ်တို့လို ရွာစွန်မှာနေတဲ့အိမ်တွေက ဒါမျိုးပိုလိုအပ်တာပေါ့နော်။ ဒါနဲ့ ကျုပ်တို့လည်း ကိုယ့်အိမ်ဝိုင်းမှာ ကိုယ့်ဘာသာစွန့်စားပြီး မိုင်းရှင်းရတာပေါ့။" (တစ်ဦးချင်းတွေ့ဆုံမေးမြန်းမှု Code NSY 2037 2019)*

တစ်ဖက်တွင် အထက်ပါမြေပုံ၌ ဖော်ပြထားသကဲ့သို့ပင် ကျေးရွာအတွင်း အန္တရာယ်ကင်းရှင်းစွာ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားနိုင်သည်ဟု သတ်မှတ်သော နေရာအကန့်အသတ်နှင့်သာ ရှိပါသည်။ ယင်းက သူတို့၏ သွားလာနိုင်မှုနှင့် လုံခြုံသော သက်မွေးမှုရရှိအောင် လုပ်ဆောင်ရာတွင် အတားအဆီးများ ဖြစ်စေသည်။ အဓိကပြဿနာမှာ ကန့်သတ်နယ်မြေကို သီးသန့်စည်းခြားသတ်မှတ်ထားခြင်း မရှိမှုပင် ဖြစ်သည်။ သူတို့၏ လယ်ယာမြေအများစုမှာ ကန့်သတ်နယ်မြေအတွင်း ကျရောက်နေသဖြင့် လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့်နှင့် နေ့စဉ်ဘဝလုံခြုံမှုတို့ကို သာမက၊ တည်တံ့ခိုင်မာသော သက်မွေးမှုရရှိရန် လုပ်ဆောင်ရာတွင်လည်း ထိခိုက်မှုရှိလာပါသည်။




**မြေပုံ (၇)၊ ၂၀၁၈ ဇန်နဝါရီ ၁၂ ရက် နမ်ဆန်ယန် ကျေးရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)။ လွတ်လပ်စွာ သွားလာ လှုပ်ရှား နိုင်သော ဧရိယာပြပုံ။**




**မြေပုံ (၈)၊ ၂၀၁၈ ဇန္နဝါရီ ၁၂ ရက် နမ်ဆန်ယန်ကျေးရွာ ဂြိုဟ်တု ဓါတ်ပုံ (Google Earth)။ လွတ်လပ်စွာ သွားလာ လှုပ်ရှားနိုင်သော လမ်းကြောင်းပြပုံ။**

ဤလေသံ အတိုင်း ကျွန်ုပ်တို့ FGD တွင် ပါဝင်သူတစ်ဦးမှ အခက်အခဲများအကြောင်း ရင်ဖွင့်သည်မှာ-

> *"ကျနော်တို့ အိမ်ဝိုင်း ကနေတောင် ထွက်လို့ မရတော့ တစ်ခါတစ်လေ ဖယောင်းတိုင်လေး သွားဝယ်ဖို့တောင် ထွက်ရခက်တယ်။" (၂၀၁၉ ဩဂုတ် ၁၄ ရက်တွင် ပြုလုပ်သော FGD)*

တပ်မတော်မှ နေရပ်ပြန် ရွာသားများကို လယ်ယာများသို့ မသွားရန် မပြောပေ၊ မြေမြှုပ်မိုင်း မရှင်းလင်း ရသေးသော နေရာများသို့ မသွားရန်သာ ပြောသည်။ သို့သော် အနှစ်အားဖြင့် ယင်း နှစ်ခုမှာ သိပ်ပြီးမကွဲပြားချေ။ ဤ အခက်အခဲ နှင့် ပတ်သက်ပြီး နေရပ်ပြန် သက်ကြီး အမျိုးသားတစ်ဦး ထောက်ပြ သည်မှာ-

> *"လက်ရှိမှာတော့ ကျနော်တို့က အိမ်ဝိုင်းထဲကနေတောင် ထွက်လို့မရပါဘူး။ ကျွန်တော်တို့ကို အဲဒီဖက် (သစ်တော ဖက်သို့ ညွှန်ပြလျှက်) မသွားဖို့ ညွှန်ကြားထားတယ်။ ကျနော်တို့က တောထဲကို သွားချင်တယ်။ ဒါပေမယ့် မသွားရဲဘူး။" (တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှု Code NSY 2018 2019)*

မြေမြှုပ်မိုင်းအန္တရာယ် သတိပေးဆိုင်းဘုတ်များလည်းမရှိ၊ ကန့်သတ်နယ်မြေကို ထင်ရှားသည့် စည်းခြား သတ်မှတ်မှုလည်းမရှိပေ။ နေရပ်ပြန် ရွာသားများမှ သုတေသနအဖွဲ့ကို ပြောပြသည်မှာ နေရပ်ပြန်လာပြီး နောက်ပိုင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့မှ စီစဉ်သော မိုင်းအန္တရာယ် ပညာပေးအလုပ်ရုံ ဆွေးနွေးပွဲ နှစ်ကြိမ်သာ ရှိခဲ့ဘူးသည်။ ယင်းက နေရပ်ပြန် ရွာသားများအတွက် အန္တရာယ် ရှိသော အနေအထားကို ဖြစ်စေသည်။ အချို့က ယင်း ပြဿနာကို မိမိဘာသာ နည်းလမ်းရှာဖြေရှင်းခြင်း ပြုလာသည်။ ဥပမာအားဖြင့် မိမိ၏ ကျွဲနွားများကို အရင်လွှတ်လိုက်ပြီး ဘာမှ ဖြစ်မလာတော့မှ နောက်က လိုက်သွားခြင်းမျိုး ဖြစ်သည်။ အကယ်၍ မိမိလယ်ယာမြေမှာ ကေအိုင်အို ထိန်းချုပ် နယ်မြေအတွင်း ဖြစ်နေပါက နမ့်ဆန်ယန် ရွာသားများအနေဖြင့် မိမိလယ်ယာကို သွားရောက်နိုင်ရန် ကေအိုင်အိုမှ ထုတ်ပေးသော ခွင့်ပြုချက်ရရှိမည်။ အကယ်၍ လမ်းကြောင်းတွင် မြေမြှုပ်မိုင်းရှိပါက ကေအိုင်အိုက ရွာသားများ ဘေးကင်းလုံခြုံရေးအတွက် မိုင်းများရှင်းလင်းပေးသည်။

မိုင်းရှာကရိယာဖြင့် မိုင်းရှာဖွေခြင်းသည် အချိန်အလွန်ကုန်သော အလုပ်ဖြစ်သည်။ အကြောင်းမှာ ယင်းသည် မည်သည့် သတ္တုအပိုင်းအစကိုမဆို ထောက်လှမ်းမိသည်နှင့် အချက်ပေးသံ မြည်သည့်အတွက်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်မှ မြေထိုးစက်ကို အသုံးပြုပြီး ရှင်းလင်းသည်။ ယင်းက အကုန်အကျ များသော်လည်း အချိန် သက်သာစေသည်။ သို့သော် သူတို့အနေဖြင့် လူတိုင်းကို မလုပ်ပေးချေ။ အကျိုးဆက် အနေဖြင့် နေရပ်ပြန် ရွာသားများသည် မိမိတို့၏ သက်မွေးမှုဘဝများ ပြန်လည်ထူထောင်ရာတွင် ရွေးချယ်စရာ များများစားစား မရှိပေ။ FGD တွင် ပါဝင်သူတစ်ဦးမှ သူတို့သည် နေရပ် ပြန်လာပြီးနောက်ပိုင်း မသေချာမရေရာမှုဖြင့် မည်မျှ အခက်အခဲကြုံရသည်ကို ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသည်-

> *"မြေမြှုပ်မိုင်း ပြဿနာကြောင့် ကျုပ်တို့ လယ်ယာမြေကို မသွားရဲဘူး၊ ကန့်သတ်နယ်မြေကို သွားစရာ မလိုတဲ့ လုပ်ငန်း တစ်ခုခုကို လုပ်မလားလို့ စဉ်းစား တော့လည်း လုပ်ငန်း စတင်ဖို့ အရင်း အနှီးက မရှိဘူး။ မြေမြှုပ်မိုင်း ပြဿနာကြောင့် ကျုပ်တို့ မိသားစုက အိမ်နဲ့ ဘုရားကျောင်းကြားမှာပဲ သွားလိုက် လာလိုက်နဲ့ ကျေနပ် လိုက်ရတယ်။" (၂၀၁၉ ဩဂုတ် ၁၄ ရက်တွင် ပြုလုပ်သော FGD)*

ဤအချက်က မြေမြှုပ်မိုင်းကြောင့် ကန့်သတ်နယ်မြေရှိနေခြင်းက နေရပ်ပြန် ရွာသားများ၏ သက်မွေးမှုအပေါ် သက်ရောက်မှုကို ထိထိမိမိလေးနက်စေသည်။ သက်မွေးမှုနှင့် လွတ်လပ်စွာသွားလာခွင့်သည် တစ်ခါတစ်ရံ ဒင်္ဂါးစေ့တစ်ခုတည်းမှ ခေါင်းနှင့်ပန်းပမာ တွဲရက်ဖြစ်သည်။

### ၄.၅။ ပညာရေးနှင့် ကျန်းမာရေး

#### ပညာရေး

နမ့်ဆန်ယန်ကျေးရွာတွင် နေရပ် ပြန်သူများနှင့် သက်ဆိုင်ရာအာဏာပိုင်များ ပထမဆုံး တာဝန်ယူ ဆောင်ရွက်သည့်ကိစ္စမှာ နမ့်ဆန်ယန်ကျောင်းနှင့် ကက်သလစ်အသင်းတော်မှ ဖွင့်လှစ်သော ကျောင်းသူကျောင်းသား အဆောင် တို့ပင် ဖြစ်သည်။ ကျောင်းသား ဦးရေ စုစုပေါင်း ၁၅၀ ကျော် ရှိသည်။ ကျေးရွာအတွင်းမှ တက်ရောက်သော ကျောင်းသား ၁၀ ခန့်မျှ ဖြစ်ပြီး၊ ကျောင်းသား အများစုမှာ လိုင်ဇာ နှင့် ဗိုင်းမော်မြို့များရှိ စစ်ရှောင် စခန်းမှ လာကြသူများ ဖြစ်ကြသည်။ ဆရာ ဆရာမ ၁၂ ဦး ရှိသည့် အနက် တစ်ဦးသာ အမျိုးသား ဖြစ်လေသည်။ ဆရာမများ အနေဖြင့် ကျောင်းသူ ကျောင်းသား များအား စည်းကမ်း ထိန်းသိမ်းရာတွင် ဆရာ (အမျိုးသား) အင်အားများပါက ပိုပြီးထိရောက်နိုင်သည်ဟု ဆိုပါသည်။ ကျွန်ုပ်တို့၏ ကွင်းဆင်းသုတေသနကာလတွင် ကျောင်းသားများအတွက် သင်ကြားရေးပစ္စည်း အပြည့်အစုံ အထောက်အပံ့ ရရှိပြီးဖြစ်သော်လည်း ကျောင်းဆောင်များကိုမူ ပြုပြင်ခြင်း ပြန်လည် တည်ဆောက်ခြင်းများ မရှိသေးပေ။ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦးအနေနှင့် ပြောရလျှင် ကျောင်းသည် ကျောင်းသူ ကျောင်းသားများအတွက် လုံခြုံဘေးကင်းသော နေရာမဖြစ်သေးပေ။

ကျောင်းသားအဆောင်တွင်ရှိသော ကျောင်းသားအချို့မှာ ၅နှစ် အရွယ်ခန့် အပါအဝင် အတော်ပင် ငယ်သေးသည်။ သူတို့သည် မိမိအဝတ် မိမိလျှော်ဖွတ်ခြင်း၊ ရေချိုးခြင်း စသဖြင့် မိမိကိုယ်ကို ထိန်းကျောင်းရသည်။ ညအချိန် အိပ်ယာထဲဆီးသွားခြင်းသည်လည်း ကျောင်းသားငယ်များအကြား ပြဿနာကြီးတစ်ရပ် ဖြစ်နေသည်။ ကျောင်းသားဆောင်တွင် ထောက်ပံ့ပေးသော အစားအသောက်များမှာ အာဟာရ ပြည့်ဝသော အစားအသောက်များ ဖြစ်သော်လည်း သောက်သုံးရေမှာမူ ကျောင်းသားများအတွက် သိသာစွာပင် ခက်ခဲသည်။ ကျောင်းသား အရေအတွက်များပြားခြင်းကြောင့် ကျောင်းဆောင်မှ ရေသန့်များ လုံလောက်စွာဝယ်ယူရန် သို့မဟုတ် ကျိုချက်ရန် အခက်အခဲရှိသည်။ ကျောင်းသားများမှာ အနီးရှိ ရေတွင်းမှ ရေစိမ်းကိုသာ သောက်သုံးရသည်။

သုတေသန စာတမ်းအတွက် တွေ့ဆုံ မေးမြန်း ထားသော ဆရာများက ကျောင်းသူ ကျောင်းသား များသည် စည်ကမ်းလိုက်နာမှု နည်းပါးပြီး ပညာရေးကို စိတ်ဝင်စားမှု နည်းပါးကြသည်ဟု ယူဆ ကြသည်။ ကျောင်းသား အချို့သည် စစ်ရှောင် စခန်း များမှ အတွေ့အကြုံကို နမ့်ဆန်ယန် ကျေးရွာတွင် ပြန်လည် ကျင့်သုံး လိုကြဟန်ရှိသည်။ သူတို့သည်

ကျောင်းနှင့် အဆောင်တို့မှ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာမည့်အစား လွတ်လပ်စွာ အနှောင်အဖွဲ့ကင်းကင်း နေလိုကြသည်။ ထို့ကြောင့် ဆရာ ဆရာမများမှ စစ်ရှောင် ကလေးငယ်များကို သင်ကြားပေးရာတွင် သူတို့ကြုံတွေ့ ရသော အခက်အခဲများကြောင့် ငြီးကြသည်။ အချို့ အသက်အနည်းငယ်ကြီးသော ကျောင်းသားများမှာ အဆောင် ပြင်ပတွင် နေထိုင်သည် များလည်းရှိသည်။ အဓိက အကြောင်းမှာ ဆရာ ဆရာမများ အနေဖြင့် စစ်ရှောင်နောက်ခံ ကျောင်းသားများကို ကိုင်တွယ်သော အတွေ့အကြုံမရှိခြင်းဖြစ်သည်။ ယခင်က စစ်ရှောင် ကျောင်းသားဖြစ်ခဲ့သူများအပေါ် ဆရာ ဆရာမများ၏ အမြင်နှင့် ပါတ်သက်ပြီး နမ့်ဆန်ယန် ကျောင်းအုပ်ကြီး ပြောပြသည်မှာ-

> *"သူတို့အပေါ် ကျွန်မတို့ရဲ့ ရည်ရွယ်ချက်က သူတို့ကို တက္ကသိုလ်ဝင်တန်း အောင်တဲ့အထိ အထောက်အကူ ပေးသွားဖို့ပါပဲ။ သူတို့ အနေနဲ့ တက္ကသိုလ် ဝင်တန်း အောင်သွားတဲ့ နောက်ပိုင်းတော့ ကောလိပ် ပညာရေး ကတော့ သူတို့ မိဘတွေရဲ့ တာဝန်ပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီကျောင်းက တစ်မူထူးတဲ့ အခြေအနေမှာ အထူးအနေနဲ့ ဖွင့်ထားပြီး။ အခြေခံပညာ အဆင့် စာမေးပွဲ တွေလည်း ဒီလောက်တော့ လျှော့ပေါ့ ပေးလို့ မဖြစ်ဘူး။ သူတို့ စာမေးပွဲ တွေကို လွယ်လွယ် ကူကူ အောင်သွားနိုင်ပါတယ်။ တက္ကသိုလ် ဝင်တန်း စာမေးပွဲ ဖြေရမယ့် အခါမှာ ပြဿနာ ဖြစ်နေမှာ။ အဲဒီမှာက ကျောင်းအုပ်ချုပ်ရေးက ကိုင်တွယ်တာ မဟုတ် တော့ဘူး။ အခုကတော့ မိဘတွေ တတ်နိုင်လို့ လာအပ်ရင် ဘယ်သူ့ကို မဆို လက်ခံ ရတာပဲ။ တစ်ဖက်မှာလဲ ကျောင်းသားတွေက ကိုယ့်ကိုယ်ကို စစ်ရှောင် ကလေး ဆိုပြီး ကိုယ်ပုံရိပ်ကို အဆိုးဖက် တည်ဆောက် နေတယ်။ အဲဒါတွေကြောင့် ကျွန်မတို့ သူတို့ကို ကိုင်တွယ်ဖို့ ပိုခက်တာ။ သူတို့ထဲက တစ်ချို့ဟာ ကိုယ်ဘဝကို အလို မကျတော့ ပုန်ကန် ချင်တယ်။ တစ်ချို့ ကျတော့ သူတို့ တက်နေတဲ့ အတန်းနဲ့ စာရင် အသက်တွေ အရမ်းကြီးနေတယ်။ သူတို့ကို ကြည့်ရတာ မိဘတွေ တိုက်တွန်းလို့ပဲ ကျောင်းတက် နေတာနဲ့ တူတယ်။ ပညာရှာဖို့ လုံးဝကို စိတ်မဝင်စား တော့တာ။" (တစ်ဦးချင်း တွေ့ဆုံ မေးမြန်းမှု Code NSY 2001 2019)*

ဤအချက်က ဆရာ ဆရာမများအနေဖြင့် စစ်ရှောင် နောက်ခံကျောင်းသားများသည် မိမိတို့ နှစ်ကာလ ရှည်ကြာ သင်ကြားနေသော ကျောင်းများတွင် အခြားကျောင်းသားများနှင့် ကွဲပြားသည်ကို သိရှိကြသော်လည်း စစ်ရှောင်စခန်းများမှ ရောက်လာသော ကျောင်းသားများကို မည်မျှအထိ ကိုင်တွယ်ရမည်ကို သဲသဲကွဲကွဲ မသိရှိကြခြင်းကို ပြသ နေသည်။ သူတို့သည် ဤကလေးများ၏ ပညာရေးနှင့် အမူအကျင့် ဆိုင်ရာ လိုအပ်ချက် များကို ဖြေရှင်းနိုင်မည့် သင်တန်းများ တက်ရောက်ထားခြင်း မရှိကြပေ။ ဤကလေးငယ်များမှာ အခက်အခဲ အလွန်များပြားသည့် ပတ်ဝန်းကျင်တွင် ကြီးပြင်း ပြီး စစ်ရှောင် စခန်း များတွင် ခုနှစ်နှစ်တိုင် နေထိုင်လာခဲ့သည့်အတွက် ပုံမှန် ပညာရေး အခြေခံ ပြင်ပတွင် အင်မတန်နနယ်ပြီး ကျိုးပဲ့လွယ်သော အနေအထားဖြစ်သည်။ ယင်း အခြေအနေတွင် ဤကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း အထောက်အကူ ပေးနိုင်ရန် အထူး ပုံစံထုတ်ထားသော အနုစိတ်သင်ကြားရေးစနစ်ကို လိုအပ်သည်။

ကျောင်းသားများ၏ စည်းကမ်း မလိုက်နာလိုသော သဘောသဘာဝကလည်း မိဘများက စခန်း ပြင်ပထွက်ကာ အလုပ် လုပ်ကိုင်ရသည့်အတွက် သူတို့ကို အချိန်များစွာ မပေးနိုင်သော အခြေအနေ၊ စစ်ရှောင်စခန်းများတွင် ကြီးပြင်းလာခြင်းနှင့် စိတ်ထက်သန်မှု နည်းပါးခြင်းတို့ကြောင့် ဖြစ်ပေလိမ့်မည်။ ဤကလေးငယ် အများစုအတွက် နမူနာ ယူစရာ စံပြပုဂ္ဂိုလ် မရှိကြပေ။ သူတို့က မိမိတို့၏ အနာဂတ်ကို အခြားအမြင်ဖြင့် ရှုမြင်သည်၊ မိမိကိုယ်ကို အထင်ကြီး လေးစားမှုမရှိ ဆုံးဖြတ်ချက်မရှိ။ အခက်အခဲ အနည်းငယ်ကြုံတွေ့ပါက အလွယ်တကူ လက်လျှော့ တတ်ကြသည်။ ထို့အပြင် သူတို့သည် အနာဂတ်အတွက်များစွာ မျှော်လင့်ချက် မထားရှိနိုင်ပေ။ ကျောင်းသားဆောင်ကို အုပ်ချုပ်သော ကက်သလစ် ရဟန်းတစ်ပါးက စစ်ရှောင် နောက်ခံကျောင်းသားများ၏ စိတ်ပိုင်းဆိုင်ရာ ဖြစ်တည် ပြောင်းလဲမှုကို ထိမိစွာ ဖေါ်ညွှန်းထားသည်-

> *"နမ်ဆန်ယန် ဘော်ဒါဆောင်က ကျောင်းသားတွေဟာ ကျောင်းစာနဲ့ပါတ်သက်လာရင် လူညံ့တော့ မဟုတ်ကြဘူး။ သူတို့ရဲ့ ဉာဏ်ရည်က ဘာမှပြောစရာမရှိဘူး။ အဓိကပြောရမှာက သူတို့ရဲ့ အမူအကျင့်ဆိုး -- မထီ မဲ့မြင်ပြုမှု၊ တန်ဖိုးမထားမှု၊ ကြိုးစားအားထုတ်ချင်စိတ် ကင်းမဲ့မှုတွေပဲ။*

*ဒီစိတ်ဓါတ်အခံက သူတို့ စစ်ရှောင်ကလေးတွေအဖြစ်နဲ့ နေလာခဲ့တဲ့ သမိုင်းကြောင်းကနေပဲ အခြေခံလာတာပါ။ စစ်ရှောင် စခန်း တွေမှာက စရိုက်အမျိုးမျိုး ကလေးတွေ တစ်နေရာတည်းမှာပဲ စုပြုံပြီး နေကြတာ။ ဒါကြောင့် မကောင်းတဲ့ အကျင့်တွေကိုလည်း အလွယ်တကူ သင်ယူကြတာပေါ့။ ဒါကြောင့် စစ်ရှောင် စခန်းတွေကနေ စိတ်ပိုင်း ဆိုင်ရာ အမူ အကျင့်တွေ တိုးပွားစေတာပဲ။ သူတို့ဟာ ဘဝရည်မှန်းချက်နဲ့ လမ်းကြောင်း ပျောက်ဆုံး နေတဲ့ ကလေးတွေပါ။" (တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှု Code NSY 2076 2019)*

စစ်ရှောင် စခန်းများတွင် မိဘများအနေဖြင့်လည်း မိမိသားသမီးများအပေါ် ထိန်းချုပ်မှုမပြုနိုင်ပေ။ အချို့ လူများအတွက် မိဘ၏ ဩဇာကျင့်သုံးရန် အလွန်ခက်ခဲသည်။ ဤအခြေအနေနှင့် ပတ်သက်ပြီး စစ်ရှောင် စခန်းရှိ သားသမီးများက ရိုသေလေးစားမှု လုံးဝမရှိတော့သည့် ဖခင်များ၏ အနေအထားကို ဖေါ်လားဂမ်ဖန်မှ ဖေါ်ပြထားသည်-

*"အဖေက သားကို မဆုံးမနိုင်တော့ဘူး။ သားကပြောမယ် သူ့ကို စခန်းကကျွေးထားတာ၊ မိဘက ကျွေးထားတာ မဟုတ်ဘူးလို့။" (ဖေါ်လားဂမ်ဖန်၊ ၂၀၁၉)*

စစ်ရှောင်မိသားစု အတော်များများသည် စခန်းများတွင် နေထိုင်ရသည့် ဖိအားကြောင့်သော်၎င်း၊ ပဋိပက္ခအတွင်း ခင်ပွန်း/ဖခင်များ ဆုံးရှုံးမှုများကြောင့်သော်၎င်း ကျိုးပဲ့နေသော မိသားစုများဖြစ်နေကြသည်။ ဤကဲ့သို့သော မိသားစုများတွင် မွေးဖွား ကြီးပြင်းလာသော ကလေးများသည် ပိုပြီး လူရာမဝင် သို့မဟုတ် ကလန်ကဆန် လုပ်တတ်သူများ ဖြစ်နိုင်ခြေရှိသည်။

ကလေးများစွာသည် ထိုသို့ ပေါင်းသင်းကြီးပြင်းလာခဲ့ကာ မြန်မာပညာရေးကို ကလန်ကဆန် ပြုကြသည်။ သူတို့သည် မြန်မာစကားကို နားလည်ကြသော်လည်း ကျောင်းသားအချို့မှာ နိုင်ငံရေး ဆန့်ကျင်မှုပုံစံတစ်ခုအဖြစ် ဗမာစကားပြောဆိုရန် ငြင်းဆန်ကြသည်။ အကျိုးဆက်မှာ မြန်မာနိုင်ငံ ပညာရေးစနစ်နှင့် ထိတွေ့ရင်းနှီးရန် အခွင့်အရေး ကျဉ်းမြောင်းသွားသည်။

အကျိုးဆက်အနေဖြင့် ကျောင်းသားအများအပြား ၈တန်းကို မကျော်လွန်နိုင်ကြပေ။ သူတို့ အနေနှင့် ၁၀ တန်းမအောင်သော်လည်း ငှက်ပျောခြံတွင် အလုပ်လုပ်နိုင်ပါသေးသည်ဟု တွေးယူနိုင်သည်၊ သူတို့အတွက် ကျောင်းနေခြင်း ဟူသည် လက်တွေ့အသုံးချမှု တန်ဖိုးများစွာမရှိဟု ယူဆသည်လည်း ဖြစ်မည်။

ထိုသို့ဆိုလျှင် နမ်ဆန်ယန်ကျောင်းတွင် ပညာသင်ယူနေသော စစ်ရှောင်နောက်ခံ ကျောင်းသား များသည် လက်နက်ကိုင်ပဋိပက္ခနှင့်  ၎င်းတို့ ကြီးပြင်းခဲ့ရာဝန်းကျင်၏ သားကောင်များသာဖြစ်သည်။ တစ်ဖန်၊ ဤသည်မှာ နေရပ်ပြန် စစ်ရှောင်ပြည်သူများ ဘက်ပေါင်းစုံမှ ကြုံတွေ့ခံစားနေရသော စိန်ခေါ်မှုများကို အလေးအနက် ပြသည်။ ယင်းတွင် စစ်ရှောင်များ လက်ရှိနေနေသော လုံခြုံဘေးကင်းသည်ဟု ထင်ရသော နေရာကို ပို့ဆောင်ရန် ထက်ပိုသော ဗျူဟာများလိုအပ်ပြီး နေရပ် ပြန်လာကြသူများကို ပိုမိုထိရောက်အောင် အကူအညီပေးနိုင်ရန် အာရုံစိုက်သင့်သည်။

**ကျန်းမာရေး**

နမ်ဆန်ယန်ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု ရယူနိုင်သည့် နေရာနှစ်နေရာရှိသည် - တပ်မတော်မှ ဖွင့်လှစ်ထားသော ဆေးခန်းနှင့် အစိုးရမှဖွင့်လှစ်ထားသော ကျေးလက်ဆေးပေးခန်းတို့ ဖြစ်သည်။ လူနာ အများစုက ကျန်းမာရေး ဝန်ဆောင်မှု ပိုမိုကောင်းမွန်ခြင်းနှင့် ဆရာဝန်များကိုယ်တိုင် ကြပ်မတ်ကုသခြင်း တို့ကြောင့် တပ်မတော်မှဖွင့်လှစ်သော ဆေးခန်းသို့ ပိုသွားကြသည်။ ထိုသို့မဟုတ်ပဲ ကျေးလက်ဆေးပေးခန်းမှာ သူနာပြု များသာ (ကြီးကြပ်သည့် ဆရာဝန်မရှိ) ဖြစ်ပြီး ဆေးဝါးများလည်း မလုံလောက်ပေ။ အချို့ ရွာသားများက ကျေးလက် ဆေးပေးခန်းကို ဆေးဝါးများအကြောင်း ရှင်းလင်းပြခြင်းအလျဉ်းမရှိပဲ ပေးတတ်သည့်အတွက် စိတ်ပျက်ရကြောင်း ပြောကြသည်။ ရွာသားများပြောပုံအရ သူတို့အပြင်းဖျားနာလာပါက ဝိုင်းမော် သို့မဟုတ် လိုင်ဇာဆေးရုံများသို့

သွားကြသည်ဟု ဆိုသည်။ ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဖေါ်ရောင်ခြင်း၊ မသန့်ရှင်းသောရေကို အသုံးပြုသဖြင့် ပွေးကဲ့သို့သော အရေပြားရောဂါနှင့် တုပ်ကွေးရောဂါများမှာ အများဆုံးကြုံတွေ့ရသော အဖျားအနာများ ဖြစ်ကြသည်။ လက်ရှိအချိန်အထိ နေရပ်ပြန် သက်ကြီး ရွယ်အိုများ၊ ကိုယ်ဝန်ဆောင် မိခင်များ နှင့် ကလေးငယ်များကို အထူးပြုသော ကျန်းမာရေးစောင့်ရှောက်မှုများ မရှိသေးပေ။ နမ်ဆန်ယန်ကျေးရွာ နေရပ် ပြန်လာသူများ ကြုံတွေ့နေရသော ကျန်းမာရေး အခက်အခဲများသည်၊ အထက်တွင် မှတ်တမ်းတင်ထားသကဲ့သို့ပင်၊ ၎င်းတို့ကြုံတွေ့နေရသော အာဟာရ အစားအစာနှင့် သန့်ရှင်းသော သုံးရေရရှိရန် အခက်အခဲများနှင့် အပြန်အလှန် ကူးလူးချိတ်ဆက်နေသည်။

## ၄.၆။ အုပ်ချုပ်ရေး

လက်ရှိ နမ်ဆန်ယန် ကျေးရွာတွင် တပ်မတော်သားများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကက်သလစ် အသင်းတော် အကြီးအကဲများနှင့် ၂၀၀၉ ခုနှစ်မှစပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ-ကချင်ပြည်နယ်ပါတီ ဝင်ထားသော ဩဇာကြီးမားသည့် တေးရေး၊ တေးဆို ဖေါ်လားဂမ်ဖနကဲ့သို့သော အရပ်သားခေါင်းဆောင်များက ဦးဆောင် ဦးရွက် ပြုနေကြသည်။ သူတို့သည် ပြန်လည် နေရာချထားရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ထိန်းကျောင်း ပဲ့ကိုင်သူ ဩဇာပေးသူများလည်းဖြစ်သည်။

နမ်ဆန်ယန်ကျေးရွာသည် အနက်ရောင်နယ်မြေဟု သတ်မှတ်သဖြင့် တပ်မတော်က ကျေးလက်ဖွံ့ဖြိုးရေးနှင့် ကျေးရွာလုံခြုံရေး အပါအဝင် အုပ်ချုပ်ရေးကိုပါ ကိုင်တွယ်ထားစဲဖြစ်သည်။ တပ်မတော်က ပြန်လည် နေရာချထားရေး နှင့် ပြန်လည်ထူထောင်ရေး၊ မြေမြှုပ်မိုင်း ရှင်းလင်းရေး၊ အိမ်ဝိုင်းများ ရှင်းလင်းခြင်းနှင့် ဒေသတွင်း စီးပွားရေး လုပ်ငန်းများကို အခွန်ကောက်ခံခြင်းများအတွက် တာဝန်ရှိသည် ဟု ယူဆကြသည်။ ကူညီကယ်ဆယ်ရေး အဖွဲ့ တစ်ဖွဲ့က နမ်ဆန်ယန် ကျေးရွာသားများကို ကူညီထောက်ပံ့လိုလျှင် တပ်မတော်တပ်ဖွဲ့များထံ ဧည့်စာရင်း မှတ်ပုံတင်သည့် သဘောမျိုးဖြင့် ပထမဆုံး ခွင့်ပြုချက်တောင်းရသည်။ ထို့နောက်ပိုင်းတွင်သူတို့သည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ အဖွဲ့အစည်းမည်မျှက အောင်အောင်မြင်မြင် ခွင့်ပြုချက်တောင်းခံနိုင်ခဲ့သည်ကို မသိရပေ။[၁၄]

ကျေးရွာ အုပ်ချုပ်ရေးမှူးသည်လည်း တပ်မတော်သားများ၏ လက်အောက်တွင်ရှိပြီး တပ်မတော်၏ လှုပ်ရှားမှု များတွင် ပူးပေါင်းဆောင်ရွက် အထောက်အကူပြုရသည်။ ဥပမာ- ရွာသားများ နိုင်ငံသားမှတ်ပုံတင်ကဒ်ပြား လျှောက်နိုင်စေရန် ကူညီခြင်း၊ အိမ်ထောင်စု စာရင်းများပြုလုပ်ရာတွင် ကူညီခြင်းနှင့် အစိုးရကျောင်း၏ လိုအပ်ချက်များကို ထည့်သွင်းကူညီခြင်း စသည်ဖြင့်။

ရွာသားများ နေရပ် ပြန်လာခြင်းလုပ်ငန်းစဉ်တွင် ရွာသားများက ကက်သလစ် အသင်းတော်ကိုသာ များစွာ မှီခို ကြသောကြောင့် အသင်းတော် ခေါင်းဆောင်များသည်လည်း ကျေးရွာ စီမံခန့်ခွဲရေးလုပ်ငန်းများတွင် တစ်ပိုင်း တစ်စ ပါဝင်ပတ်သက်ရလေသည်။ နေရပ်ပြန် ရွာသားများအကြား ယုံကြည်မှုအလိုက် ပါဝင်မှုကို ကြည့်မည်ဆိုလျှင် ၄၈% ကျော်သည် ကက်သလစ် အသင်းသားများ၊ ၂၀% ဗုဒ္ဓဘာသာဝင်များ၊ ၁၅.၇၁% လီဆူ နှစ်ခြင်း အသင်းဝင်များ၊ ၁၂.၈၆% ကချင် နှစ်ခြင်းအသင်းသားများ နှင့် ၂.၈၆% မှာ လီဆူ အေဂျီ အသင်းသားများ ဖြစ်ကြသည်။ အများစုမှာ ကက်သလစ် အသင်းဝင်များဖြစ်သဖြင့် ကက်သလစ်အသင်းတော် ခေါင်းဆောင်များ အလွန်အရေးပါသည်။ ကက်သလစ် အသင်းတော်က စေတနာ့ဝန်ထမ်း လုပ်အားပေးများခေါ်ယူပြီး တံတားဆောက်ခြင်း၊ ကျောင်းသား ဆောင် လှုပ်ရှားမှုများကို အထောက်အကူ ပြုခြင်းနှင့် အိမ်ဝိုင်းများ ရှင်းလင်းခြင်း စသည်တို့ လုပ်ဆောင်ပြီး ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း ဦးဆောင်သည်။ အသင်းတော်သည် ဖွံ့ဖြိုးရေး အခြေခံလှုပ်ရှားမှုများတွင် ကျေးရွာ လူထုကို အောင်မြင်စွာ ဦးဆောင်နိုင်ခဲ့သည်။

---


[၁၄]ထိုအိမ်ထောင်စုမှ တရားဝင် အိမ်ထောင်စုစရင်း ရရှိလာသောအချိန်တွင် အစိုးရမှ ရိက္ခာမဝေ တော့သော အချိန်ဖြစ်နေနိုင်ပါသည်။

## ၄.၇။ အနာဂတ် မျှော်မှန်းချက်

နမ်ဆန်ယန် ကျေးရွာ၏ အနာဂတ်နှင့်ပတ်သက်ပြီး ဖြေကြားသူအများစုက တူညီသည့် ရောရောထွေးထွေး ခံစားချက်များကို ဖော်ပြကြသည်။ အဆင့်တစ်ဆင့်အထိ နမ်ဆန်ယန်တွင် တိုက်ပွဲများရှိတော့မည် မဟုတ်ဟု ယူဆပြီး နှစ်နှစ်၊ သုံးနှစ်အတွင်း နမ်ဆန်ယန်ကို ယခင်ရှိခဲ့သည့်အတိုင်း ပြန်လည်တည်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြသည်။ အချို့ကမူ ထိုထက်မက ရှည်ကြာပြီး ဆယ်နှစ်နီးပါး ဖြစ်နိုင်သည် ဟု ဆိုကြသည်။ အရံ ရွှေကြောနှင့် မြေသြဇာကောင်းသော နေရာများရှိသဖြင့် ရွာသားများသည် သူတို့ အသက်မွေးဝမ်းကျောင်းမှုကို ကောင်းမွန်စွာ ပြန်လည်တည်ဆောက်နိုင်မည်ဟု မျှော်လင့်ကြသည်။ သို့သော် အချို့ကမူ နမ်ဆန်ယန် ကျေးရွာ အနာဂတ်အတွက် စိတ်မချမှု မရေရာမှုများကို ခံစားကြသည်။ သူတို့က ဟိုးယခင်ကတည်းက အကြိမ်ကြိမ် ဖြစ်ပျက် ခဲ့ဖူးသည့်အတိုင်း တိုက်ပွဲများ တစ်ကျော့ပြန်လာခြင်းနှင့် ပိုမိုဆိုးဝါးသော မူးယစ်ဆေးဝါး ပြဿနာများ ပေါ်ပေါက်လာခြင်း စသည်တို့ တစ်ပတ်လည်လာမည်ကို စိုးရိမ်ကြသည်။


နမ်ဆန်ယန်ကျေးရွာသို့ နေရပ် ပြန်လာသူများ၏ အနာဂတ်မျှော်လင့်ချက်နှင့် ပါတ်သက်ပြီး သူတို့၏ ပထမဆုံး မျှော်လင့်သည်မှာ အစိုးရနှင့် ကေအိုင်အေအကြား နှစ်ဖက်သဘောတူ အပစ်အခတ်ရပ်ဆိုင်းရေး လက်မှတ်ရေးထိုး ရန်။ ဒုတိယ အနေဖြင့် နမ်ဆန်ယန်-လိုင်ဇာ လမ်း ပြန်လည်ဖွင့်လှစ်ရန်။ တတိယ အလိုလားဆုံးမှာ စစ်ရှောင်စခန်း များတွင် နေရစ်နေသော နမ်ဆန်ယန်ရွာသားများအားလုံး ပြန်လာနိုင်ရန် တို့ဖြစ်သည်။ ယင်းနောက် နမ်ဆန်ယန် ရွာမှ တပ်မတော်စစ်စခန်းများ ရုပ်သိမ်းသွားရန်ကိုလည်း ဆန္ဒရှိကြသည်။ ဤ လိုလားတောင့်တချက်များကို အောက်တွင် ဇယား ၂၃-၂၆ အတိုင်း မှတ်တမ်းတင်နိုင်သည်။

**၂၀၂၀ ရွေးကောက်ပွဲအတွက် ခေါင်းစဉ်များကို အဖိုးဖြတ်ခြင်း (နှစ်ဖက် အပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုခြင်း)**





ဇယား (၂၃)

၂၀၁၀ ရွေးကောက်ပွဲအတွက် ခေါင်းစဉ်များကို အဖိုးဖြတ်ခြင်း (နမ်ဆန်ယန် လိုင်ဇာလမ်းကို တရားဝင်ဖွင့်လှစ်ပေးရေး)





ဇယား (၂၄)


၂၀၁၀ ရွေးကောက်ပွဲအတွက် ခေါင်းစဉ်များကို အဖိုးဖြတ်ခြင်း (နမ်ဆန်ယန် အိုင်ဒီပီအားလုံးနေရပ် ပြန်လာနိုင်ရေး)




ဇယား (၂၅)


၂၀၂၀ ရွေးကောက်ပွဲအတွက် ခေါင်းစဉ်များကို အဖိုးဖြတ်ခြင်း (တပ်မတော် စခန်းများ ရုတ်သိမ်းရေး)
ရာခိုင်နှုန်း
40
30
20
10
0
36.36%
27.27%
36.36%
ကြယ်တစ်ပွင့်
ကြယ်နှစ်ပွင့်
ကြယ်သုံးပွင့်

ဇယား (၂၆)


စစ်ပြန်ဖြစ်မည်ကို မည်သည့်အတိုင်းအတာအထိ ပူပန်မှုရှိသနည်း။
ရာခိုင်နှုန်း
40
30
20
10
0
5.71%
34.29%
34.29%
25.71%
မပူပန်ပါ
အနည်းငယ်ပူပန်ပါသည်
အတော်ပူပန်ပါသည်
အလွန်ပူပန်ပါသည်။

ဇယား (၂၇)

နေရပ် ပြန်လာသူများ၏ အကြီးမားဆုံး စိုးရိမ်မှုမှာ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာမည့် ကိစ္စဖြစ်သည်။ ဇယား ၂၇ တွင် ဖော်ပြ ထားသကဲ့သို့ပင် ဖြေကြားသူ ၇၀ ဦး အနက် ၄ ဦး ကသာ နောက်ထပ် တိုက်ပွဲများ ထပ်မံ ဖြစ်ပွား လာမည်ကို မစိုးရိမ်ကြောင်း ပြောကြသည်။ သို့ဖြစ်လျှင် မရေရာသော နမ်ဆန်ယန်ကျေးရွာ အနေအထားက နေရပ် ပြန်လာသူများ အနေဖြင့် အနာဂတ်အတွက် စိုးရိမ်နေပြီး နမ်ဆန်ယန် ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော အတွေ့အကြုံကို အိပ်မက်ဆိုးကဲ့သို့ အမှတ်ရနေပေမည်။ နေရပ် ပြန်လာသူ အမျိုးသမီးတစ်ဦး၏ ထင်ဟပ်ပြချက် က ဤ ကြောင့်ကျမှုကို ရှင်းလင်းစွာ ဖမ်းဆုပ်ခြင်းဖြစ်သည်-

*"ကျွန်မတို့ အမြဲတမ်း နိုးကြားနေရတယ်။ ငါတို့ ပြန်လာလို့ရပြီပဲလို့ ပစ်စလတ်ခတ် အိပ်လို့မဖြစ်ဘူး။ အချိန်တိုင်း သတိရှိနေရတယ်။ ရွာမှာ ပြန်လာနေတဲ့သူတွေ နံနက်စာနောက်ကျပြီးမှ စားတာတွေ့ရင် နမ်ဆန်ယန် ရွာရဲ့အခြေအနေက ဘာမှသေချာတာမဟုတ်ပဲနဲ့ ဘာလို့ အဲဒီလောက်ပေါ့ဆသလဲလို့ ကျွန်မကတော့ အမြဲဆူတယ်။ ကျွန်မက သူတို့ကိုမေးတယ်၊ ရုတ်တရက် တိုက်ပွဲထဖြစ်လာရင် မင်းတို့ ဘာလုပ်မလဲလို့။ အရင်က ကျွမတို့ နံနက်စာတောင် မစားလိုက်ရပဲ ထွက်ပြေးခဲ့ရတာ။ နိုင်ငံရေး အခြေ အနေက မတည်ငြိမ်သေးတော့ ကျွန်မတို့က အမြဲတမ်း သတိဝီရိယထားရတယ်။ ကျွန်မတို့ နေရပ် ပြန်လာတာ လူတိုင်း သဘောတူတာမဟုတ်ဘူး။ ကျွန်မတို့ သတိထားရမယ်။" (တစ်ဦးချင်း တွေ့ဆုံ မေးမြန်းမှု Code NSY 2033 2019)*

အချို့ နေရပ်ပြန်လာသူများက လက်ရှိပဋိပက္ခပြန်လည် မဖြစ်ပွားမီအချိန်ကဲ့သို့ နမ်ဆန်ယန်တွင် မူးယစ်ဆေးဝါး ပြဿနာ ပြန်လည်ရှိလာမည်ကိုလည်း စိုးရိမ်ကြသည်။ ဤကိစ္စနှင့် ပါတ်သက်ပြီး နေရပ်ပြန် အမျိုးသမီးကြီး တစ်ဦးက သူ၏ စိုးရိမ်မှုကို ဖေါ်ပြထားသည်-

*"နမ်ဆန်ယန်မှာ လူတွေ အကုန်ပြန်လာတဲ့အခါ အရင်လိုပဲ မူးယစ်ဆေးဝါးပြဿနာ ပြန်ဖြစ်လာမှာကို စိုးရိမ်တယ်။ အရင်က ဒီမှာ ရွှေမော်ပေါ့။ ဒါကြောင့် အဲဒီဈေးနေရာမှာ ဘိန်းဖြူနဲ့ ယာမကို လွှတ်လွှတ်လပ်လပ် ဝယ်လို့ရတယ်။ နှိုင်းယှဉ် ပြောဖို့တောင်ခက်တယ်။ ဖားကန့်မှာ အဆိုးဆုံးဖြစ်ခဲ့တဲ့ အချိန်တုန်းကလိုပဲ လူသေကောင်တွေ မြေကြီးပေါ်မှာ လဲနေတာတွေလည်း တွေ့ရမယ်။ အခုထိ ကျွန်မဆို သားရည်ဂျာကင် မဝတ်ချင်ဘူး။ ဘိန်းစား မသာတွေ သားရည်ဂျာကင်ဝတ်ပြီး သေနေတာ အများကြီး မြင်ခဲ့ရတယ်။" (တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှု Code NSY 2052 2019)*

## ၅။ နိဂုံး

နမ်ဆန်ယန်ကျေးရွာ စစ်ရှောင်ပြည်သူများ နေရပ် ပြန်ခြင်းသည် ကချင်ပြည်နယ်အတွင်း စစ်ရှောင်များ နေရပ် ပြန်ခြင်းနှင့်သက်ဆိုင်သော အခက်အခဲများနှင့် အရေးကိစ္စများကို ခြုံငုံပြီး နမူနာဖော်ပြပေးသည်။ နမ်ဆန်ယန် ကျေးရွာစစ်ရှောင်များ နေရပ် ပြန်ခြင်းတွင် လုံခြုံဘေးကင်းမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့နှင့်သက်ဆိုင်သော လူသားချင်း စာနာမှု အခြေခံအယူအဆများကို မည်မျှအတိုင်းအတာအထိ လိုက်နာဆောင်ရွက်ခဲ့သည်ဆိုသည်ကိုမူ လူထုအကြား ငြင်းခုံကြစဲဖြစ်သည်။

ဤသုတေသနလေ့လာမှုမှ နေရပ် ပြန်ခြင်းသည် အေးစက်မှောင်မဲပြီး စိတ်မချမ်းသာစရာကောင်းသည့် နိုင်ငံရေးနောက်ခံအခြေအနေတွင် လူသားများ၏ခံနိုင်ရည်ဖြင့် ရှင်သန်နိုင်စွမ်းနှင့် ပြန်လည်ရုန်းထနိုင်စွမ်းတို့ကို နမူနာ ပြလိုက်ခြင်းပင်ဖြစ်သည်ကို တွေ့ရှိရသည်။ ဤသုတေသန လေ့လာတွေ့ရှိမှုက နမ်ဆန်ယန်ကျေးရွာ နေရပ် ပြန်ရန် ရွေးချယ်ဆုံးဖြတ်ခဲ့သူများကို ပဋိပက္ခနှင့် စစ်ရှောင်များ နေရပ်ပြန်ရေး လုပ်ငန်းစဉ်ကို လွှမ်းခြုံထားသည် နိုင်ငံရေး တွက်ချက်မှု တို့၏ အသုံးချခံ သားကောင်များအဖြစ် မမြင်ပဲ သူတို့၏ လုပ်ဆောင်ချက်နှင့် စိတ်ဓါတ်တို့ကို အလေးအနက်ပြုရန် အရေးကြီးကြောင်း အခိုင်အမာအကြံပြု တိုက်တွန်းထားသည်။

တစ်ချိန်တည်းမှာပင် ဤသုတေသနက အထူးသဖြင့် တည်တံ့ခိုင်မြဲသောသက်မွေးမှု စိတ်ချရစေရန် ဦးတည်လျက်၊ နေရပ် ပြန်လာသူများ တွေ့ကြုံနေရသည့် အခက်အခဲများကို မြင်တွေ့နိုင်ရန် ဖေါ်ထုတ်ထားသည်။ သုတေသန လေ့လာချက်အရ နမ်ဆန်ယန် ကျေးရွာနေရပ် ပြန်လာသူစစ်ရှောင်များ၏ အနာဂတ်မျှော်မှန်းချက်များကို မြှင့်တင်ရန် သက်မွေးဝမ်းကျောင်းမှု မလုံခြုံခြင်းနှင့် ထိရှလွယ်ခြင်းတို့ကို ပိုမိုကြာရှည်စေသော ဖွဲ့စည်းမှု အခြေအနေများအား ဖြေရှင်းခြင်းကို ပိုမို အာရုံစိုက်အလေးဂရုပြုသင့်ကြောင်း ညွှန်ပြနေသည်။

ပထမအချက်အနေနှင့် အင်အားသုံးခြင်းကို ရုပ်သိမ်းရန် အာမခံချက်လိုအပ်သည်။ ယင်းကဲ့သို့သော အာမခံချက်များမရှိပါက နမ်ဆန်ယန်ဒေသခံများ မိမိတို့ အနာဂတ်အတွက် အစီအစဉ်ချမှတ်ရန်နှင့် ရင်းနှီးမြှုပ်နှံ ရန်၊ သို့မဟုတ် ထပ်မံထွက်ပြေးတိမ်းရှောင်ရမည်ကို အချိန်တိုင်း စိုးထိတ်လျှက် နေထိုင်ရခြင်း စိတ်ဖိစီးမှုကို စတင်ကုစား အဖြေရှာရာတွင် များစွာခက်ခဲပေမည်။

ဒုတိယအချက်တွင် နမ်ဆန်ယန်၏ စီးပွားရေး ပြန်လည်နာလံထူလာစေရန် ပြုလုပ်ရာတွင် တွေ့ကြုံနိုင်သည့် ဖွဲ့စည်းတည်ရှိမှု အဟန့်အတားများကို၊ အထူးသဖြင့် လိုင်ဇာနှင့် ဗန်းမော်မြို့များသို့ ကုန်သွယ်လမ်းကြောင်း ပြန်လည် ဖွင့်လှစ်ခြင်းနှင့် လုံခြုံစိတ်ချရအောင် ပြုလုပ်ခြင်း၊ ကန့်သတ်နယ်မြေများကို မြေမြှုပ်မိုင်း ရှင်းလင်းခြင်းနှင့် ပြန်လည်ဖွင့်လှစ်ပေးခြင်းနှင့် ထိုဒေသသို့ ဝင်ရောက်လာသော သယံဇာတတူးဖေါ်ရေးကုမ္ပဏီများ အန္တရာယ်မှ ကာကွယ်ပေးခြင်းတို့ဖြင့် ဖြေရှင်းပေးရန်လိုအပ်သည်။

တတိယအချက်အနေနှင့် ထူးခြားသည့်အခက်အခဲများကို ဖြေရှင်းရာတွင် နမ်ဆန်ယန်ကျေးရွာ နေရပ် ပြန်သူများ မိမိတို့ဘာသာ ဖြေရှင်းစေခြင်းထက်ကျော်လွန်ပြီး အချိတ်အဆက်မိပြီး လက်တွေ့ကျသော နည်းလမ်းများ လိုအပ်သည်။ ယင်းတွင် မိုင်းရှင်းလင်းခြင်း၊ စိုက်ပျိုးရန်သင့်တော်သောမြေများတွင် စိုက်ပျိုးနိုင်သည်အထိ တောရှင်းနိုင်မည့် စက်ယန္တရားများ ရရှိနိုင်အောင် ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် အစိုးရ အထောက်အပံ့ တရားဝင် ရရှိနိုင်မည့် စာရွက်စာတမ်းအထောက်အထားများ (အိမ်ထောင်စုစာရင်း စသဖြင့်) မရှိသည့်သူများအားလည်း ခွဲခြားဆက်ဆံမှုမရှိအောင် တားဆီးပေးရန်၊ စသည် အထောက်အပံ့တို့ လိုအပ်သည်။

လုံခြုံစိတ်ချရမှုမရှိခြင်းနှင့် ထိခိုက်လွယ်ခြင်းကိုဖြစ်ပေါ်စေသောဖွဲ့စည်းတည်ရှိမှုပုံစံများကိုဖြေရှင်းခြင်းအားဖြင့် နေရပ် ပြန်လာပြီးသောစစ်ရှောင်များ မိမိမတတ်နိုင်သော အခြေအနေအောက် သို့မဟုတ် သားကောင်ဘဝ ရောက်ရှိမသွားအောင် ပြုလုပ်ပေးသည်။ ထိုမျှမက ယင်းက နမ်ဆန်ယန်ကို တစ်ချိန်က စည်ပင်ခဲ့သော မိမိရပ်ရွာတွင် မိမိတို့ ဘဝ၊ အနာဂတ် တည်ဆောက်လိုသူများ၏ သန္နိဋ္ဌာန်၊ ရုန်းထနိုင်စွမ်းနှင့် ခွန်အားတို့ကို ဆွဲဆောင်နိုင်အောင် အားပေးနိုင်မည် ဖြစ်သည်။

# ကိုးကား

1. Emily Fishbein (2019), "Reverend Hkalam Samson Talks Chinese diplomacy and the KBC's role in politics", Frontier Myanmar, 15 March 2019.
2. FGD (2019), focus group discussion, KRC-06, 13 August 2019.
3. FGD (2019), focus group discussion, KRC-07 & KRC-03, Nam San Yang, 14 August 2019.
4. Hpaula Gam Hpang (2019), personal interview, Lamai Naw Tun Awng & Maran Seng Mai, Nam San Yang, 25 June 2019.
5. International Crisis Group (2019), "An Opening for Internally Displaced Person Returns in Northern Myanmar", International Crisis Group, 22 May 2019.
6. Kachin News Group (2019), "Rev. Dr. Hkalam Samson: IDP Return Must Not Be Rushed or Militarised", Kachin News Group, 18 February 2019.
7. Kachin News Group (2019), "Hpaula Gam Hpang: I Tried to Find A Way for IDPs to Return Before Anyone Came to Help", Kachin News Group, 9 March 2019.
8. Myanmar Times 2016
9. Nam San Yang Provisional Reconstruction and Resettlement Committee (2019), a petition letter sent to the Kachin State Governemnt on 6 May 2019.
10. NSY 2001 (2019), personal interview, KRC-06, Nam San Yang, 10 July 2019.
11. NSY 2002 (2019), personal interview, KRC-06, 11 July 2019.
12. NSY 2017 (2019), personal interview, KRC- 10, Nam San Yang, 11 July 2019.
13. NSY 2052 (2019), personal interview, KRC-11, Nam San Yang, 25 July 2019.
14. NSY 2004 (2019), personal interview, KRC-06, 26 July 2019.
15. NSY 2058 (2019), personal interview, KRC-11, Nam San Yang, 31 July 2019.
16. NSY 2033 (2019), personal interview, KRC-10, Nam San Yang, 2 August 2019.
17. NSY 2060 (2019), personal interview, KRC-11, 3 August 2019.
18. NSY 2037 (2019), personal interview, KRC-10, Nam San Yang, 5 August 2019.
19. NSY 2018 (2019), personal interview, KRC-10, Nam San Yang, 11 August 2019.
20. NSY 2076 (2019), personal interview, KRC-06, Nam San Yang, 19 August 2019.
21. Nyein Nyein (2019), "Rising Public Concern Over Vacant land law Amendment Goes Unaddressed', Irrawaddy, 21 February 2019.
22. Radio Free Asia March 8, 2019
23. The Nation (1951), "Problem-Free Kachin State Earns Presidential Encomium", The Nation: 3 (171), 10 January 1951.
24. Thu Thu Aung (2016), "Ethnic armed groups launch attack near Muse", The Myanmar Time, 21 November 2016.
25. United Nations (2005), Principles On Housing And Property Restitution For Refugees And Displaced Persons: Article 10.1, United Nations High Commissioner For Refugees, Switzerland.
26. UNHCR, KBC, KMSS & Nyein (2019), Kachin State IDP Intention Survey, UNHCR, KBC, KMSS & Nyein, Myityina.
27. Wansai, Sai (2019), "Tatmadaw's repartition of Kachin IDPs another good will gesture", Shan Herald News Agency, Taunggyi, 8 January 2019.

## နောက်ဆက်တွဲ

### အသနားခံစာ တင်ပြခြင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့

စာအမှတ်၊ ၀၀၃ / န ဆ ယ (ကချင်)
ရက်စွဲ ၊ ၂၀၁၉ခုနှစ်၊ မေလ( ၆ ) ရက်

သို့-
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

အကြောင်းအရာ။ **ကျေးရွာပြန်လည်ထူထောင်ရေးအတွက် လိုအပ်ချက်များ အသနားခံ တင်ပြခြင်းကိစ္စ။**

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်/မတို့ ဝိုင်းမော်မြို့နယ်၊ နမ်ဆန်ယန်ကျေးရွာရှိ ကျေးရွာသူ/သားများမှ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါသည်။

၁။ ကျွန်တော်/မတို့ ဝိုင်းမော်မြို့နယ်၊ နမ်ဆန်ယန်ကျေးရွာသူ/သားများအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ် ဧပြီလ(၂၉)ရက်နေ့အထိ အိမ်ထောင်စုပေါင်း(၉၈)စု တို့ကို သက်ဆိုင်ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်တို့မှ မိမိဇာတိမြေသို့ ကောင်းမွန်စွာ ပို့ဆောင်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါဇာတိမြေ နမ်ဆန်ယန်ကျေးရွာသို့ ရောက်ရှိနေထိုင်လျှက်ရှိသော ပြည်သူများသည် နှစ်ပေါင်းများစွာ စစ်ရှောင်(တိုက်ပွဲရှောင်)စခန်းအသီးသီးတွင် မှီခိုနေထိုင်ကြသူများဖြစ်ကြပြီး ယခုတစ်ဖန် ဘ၀အစပြန်လည်ထူထောင်ခြင်းဖြစ်သဖြင့် မိသားစုအသက်မွေးဝမ်းကြောင်းနှင့် လူနေအိမ်များ အခက်အခဲမျိုးစုံ ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်များ နမ်ဆန်ယန်ကျေးရွာသည် ကချင်ပြည်နယ်အတွင်းရှိ စစ်ရှောင်(တိုက်ပွဲရှောင်)များမှ ပထမဦးဆုံး တရားဝင်နေရပ်ပြန်အခြေပြုနေထိုင်မှုအပေါ် (စံပြ)ကျေးရွာအဖြစ် လိုအပ်ချက်များ ပံ့ပိုးကူညီပေးနိုင်ပါရန် လေးစားစွာ အသနားခံ တင်ပြအပ်ပါသည်။

ပူးတွဲ။ အိမ်ထောင်စုတိုင်း၏ လိုအပ်ချက်ဖော်ပြပါဇယား။
ကျေးရွာပြန်လည်နေရာချထားရေ(ယာယီ)ကော်မတီများ၏ တင်ပြခြင်း လက်မှတ်။

မိတ္တူကို-

- ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့။
- ဝန်ကြီး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့။
- ဝန်ကြီး၊ လယ်ယာမြေနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့။
- ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့။
- ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့။
- မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝိုင်းမော်မြို့။
- လက်ခံ။

